# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၁)ရက် ၊ သောကြာနေ့ ၊ (10-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

**အိမ်နီးချင်းနိုင်ငံများနှင့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများကို မိမိတို့အစိုးရ တာဝန်ယူထားရသည့်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်**

**အမှာစကား ပြောကြား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းနှင့် ကုလားတန် မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။





နေပြည်တော် ဇူလိုင် ၉

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန် မြစ်ကြောင်းဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊

စာမျက်နှာ ၁၆ ကော်လံ ၁

## အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်



အသည်း အစားထိုး လူနာနှင့် အသည်း အလှူရှင်တို့ကို ခွဲစိတ်ကုသမှု မှတ်တမ်း ဓာတ်ပုံ။

ရန်ကုန် ဇူလိုင် ၉

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ အကြိမ် ၄၀ မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် ၄၈ နှစ်ရှိ အသည်းလူနာအမျိုးသားနှင့်အသက် ၂၅ နှစ်ရှိ အသည်းအလှူရှင် အမျိုးသမီးတူအရီးတို့ကို ဇူလိုင် ၃ ရက်က ခွဲစိတ်ကုသဆောင်ရွက်ခဲ့ပြီး လူနာနှင့် အသည်းအလှူရှင် နှစ်ဦးတို့ကို

စာမျက်နှာ ၂၂ ကော်လံ ၁

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ**

စာမျက်နှာ - ၁၈

**ယင်းမာပင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး**

စာမျက်နှာ - ၂၇

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၆၂၇၉၉၆ ဧက စိုက်ပျိုးပြီးဖြစ်

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄၈၂၂ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခု မိုးစပါး ၆၂၇၉၉၆ ဧကကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"အခုနှစ် မိုးစပါးရာသီမှာ ပြည်ပပို့ကုန်စပါးစိုက်ပျိုးတဲ့ဇုန်အဖြစ် အထွက်ကောင်းစပါး ၁၄ မျိုးကို တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးနေတာရှိပါတယ်။ လာမယ့်နှစ်မှာလဲ စိုက်ပျိုးဧကတိုးချဲ့ပြီး စိုက်ပျိုးသွားမှာပါ။

စာမျက်နှာ ၂၂ ကော်လံ ၄

မိုးစပါးဧကအများဆုံး စိုက်ပျိုးသည့် သုံးခွမြို့နယ် သူကြီးပတုပ်ကျေးရွာမှ မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၁၀ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားတိုးတက်ရေး အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပေး

မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍကိုမြှင့်တင်ပြီး ပြည်ပပို့ကုန်ပိုမိုတင်ပို့ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်ရေးတို့ကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကုန်ကြမ်းများကို အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းမှာ အဓိကအချက်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် စပါးအဓိကစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ဆန်စပါးကြိတ်ခွဲမှုများမှထွက်ရှိလာသည့် ဖွဲနုများမှ ဖွဲနုဆီများကိုထုတ်လုပ်ရရှိနိုင်သည်။ ထို့ကြောင့် ပြည်တွင်းဖွဲနုဆီများထုတ်လုပ်ရရှိနိုင်ရေးအတွက် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုသကဲ့သို့ အရည်အသွေးပြည့်မီသည့်ဆီများ ကြိတ်ခွဲနိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့်ဆီစက်များလည်း လိုပေသည်။ ထို့ပြင် ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိစေရေး အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်း စသည့်ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပေသည်။ ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်လာစေရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သက်ဆိုင်ရာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းတိုးတက်အောင် သုတေသနပြုလုပ်ရန်လိုသကဲ့သို့ ထုတ်လုပ်သည်မှ ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်များထိ (Supply Chain) တစ်ခုလုံးကို သုတေသနပြုဆောင်ရွက်ရန်လိုပေသည်။ မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝကပေးထားသော ရေခံမြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီး ရေထွက်ပစ္စည်းများကိုလည်း ပေါကြွယ်ဝစွာပိုင်ဆိုင်ထားရှိသည်။ သို့ဖြစ်၍ ရေထွက်ပစ္စည်းများပိုမိုထုတ်လုပ်တင်ပို့ခြင်းများအပါအဝင် အခြားရေထွက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် အဆင့်မြှင့်တင်ဆန်းသစ်ထုတ်လုပ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့်နိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်သည်။ ပြည်တွင်းထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများကို ကုန်ကြမ်းအဆင့်ဖြင့်တင်ပို့ခြင်းမပြုဘဲ MSME လုပ်ငန်းများမှတစ်ဆင့် အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကိုများစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကပိုင်ဆိုင်ထားသည့်သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်ပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်ပသွင်းကုန်များကိုလျှော့ချပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး နိုင်ငံတော်အစိုးရ၏ အားပေးဆောင်ရွက်မှုနှင့်အတူ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏(၁/၂၀၂၆)လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏(၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်က မြို့ပြနှင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရန်အတွက် စံပြကျေးရွာများ ထူထောင်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးနှင့် ကျေးလက်စီးပွားမြင့်မားရေးကို ဖော်ဆောင်ပေးနေကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်မျိုးလွင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်တို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခက်အခဲများ၊ အားနည်းချက်များနှင့် အားသာချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အမရပူရမြို့နယ် ပွဲတော်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အမရပူရ ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စားတော်ကျေးရွာအုပ်စု ပွဲတော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၈ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးထံမှ သိရသည်။

**အောင်ရဲကျော်**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၁၃၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၁၃၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၁၃၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ စပါး ဧက ၁၆၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၆)ဖွင့်

**ပျော်ဘွယ် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနက ပျော်ဘွယ်မြို့နယ်အတွင်းရှိသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ အကြိုအခြေခံ မီးသတ်ပညာသင်တန်း (၁/၂၀၂၆)ဖွင့်လှစ်ခြင်းကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်)၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ်(၈)အထည်စက်ရုံမှ စက်ရုံမှူး ဦးသန့်စင်အောင်က စက်ရုံအတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးက မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ် ပစ္စည်းများ၊ နိုင်ငံတော်ရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်နှင့် သဘာဝဘေး အမျိုးမျိုးတို့မှ ကာကွယ်နိုင်ရန်အတွက် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကို အကြိုအခြေခံ မီးသတ်ပညာသင်တန်း ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဆန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မိုးသန့်နှင့် ဌာနဆိုင်ရာများက လေ့လာကြည့်ရှု အားပေးခဲ့ကြောင်း၊ သင်တန်းတွင် မီးငြိမ်းသတ်ရေး ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ပို့ချသွားမည်ဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးဘာသာရပ်ကိုလည်း စနစ်တကျ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# မိတ္ထီလာမြို့နယ် ပျော်ဘွယ်လေးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း

**မိတ္ထီလာ ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ဇောက်ကျေးရွာအုပ်စု ပျော်ဘွယ်လေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၈ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များမေးမြန်းဆွေးနွေးခဲ့ပြီးနောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၀၆၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလစတုတ္ထပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မတ်ပဲကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲ စိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

# မြစ်သားမြို့နယ် ကင်းစိန်ဈေး(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းစိန်ဈေး(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကင်းစိန်ဈေး(ရှေ့) ကျေးရွာရှိ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကင်းစိန်ဈေး(ရှေ့)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ပုသိမ် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ကွမ်းသီးနုပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကွမ်းသီးနုများ တင်ပို့အားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ကနေ ပြီးခဲ့တဲ့လအတွင်း ရန်ကုန်ဈေးကွက်ကို ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကွမ်းသီးနုတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနုတစ်ပိဿာကို ငွေကျပ် ၁၀၅၀၀ ထိပေါက်ဈေးရှိပါတယ်။ ပုသိမ်မြို့နယ်ကနေထွက်ရှိတဲ့ ကွမ်းသီးနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ပုသိမ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးနုများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ကွမ်းသီးစိုက်တောင်သူများ၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုအဆင်ပြေလျက်ရှိကြောင်း ပုသိမ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အဆိပ်ပင်တွေကို ရေမလောင်းမိပါစေနှင့်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

ရန်ကုန်မြို့ရှိ လမ်းဆုံမီးပွိုင့်များတွင် မီးနီသဖြင့် ကားများတစ်သီကြီးရပ်စောင့်နေကြစဉ်မှာ ဝမ်းနည်းငိုညည်းသံကိုယ်စီဖြင့် တောင်းရမ်းနေကြသော ကလေးကိုယ်စီနှင့် အမျိုးသမီးများကို ရင်နင့်စွာ မြင်တွေ့နေကြရသည်။

ကလေးငယ်လေးများကို ရင်ခွင်ပိုက်၍ တစ်မျိုး၊ ပွေ့ချီ၍တစ်သွယ်၊ ကျောမှာလွယ်ပိုး၍ တစ်မျိုး အသနားခံ တောင်းရမ်းနေကြသည်။ ပူပြင်းသော နေရောင်အောက်မှာရော၊ မိုးသည်းသည်းကြားမှာပါ၊ သူတို့ကိုတွေ့မြင်နေကြရသည်။ မိခင်အစစ်အမှန်၊ သားသမီးအစစ်အမှန်များရော ဟုတ်မှန်ကြပါသလား။ အကြံအဖန်များ ပါနေသလား။ စဉ်းစားစရာပင်ဖြစ်သည်။

အချို့ကလေးငယ်လေးများကလည်း ကားကြိုကားကြားတွင် လှည့်လည်တောင်းရမ်းနေကြသည်။ ထိုသို့ကလေးငယ်များကို ဇာန်ပြတောင်းခံလာခဲ့ကြရာမှ ယခုနောက်ပိုင်းတွင် သက်ကြီးရွယ်အို အဘိုး၊ အဘွားများကိုဇာန်ပြကာ တောင်းရမ်းလာကြပြန်ပါသည်။

ကာယကံရှင် အဘိုးအဘွားများ ကိုယ်တိုင်က ခါးကကိုင်းကိုင်း၊ မျက်စိကမှုန်မှိုင်းမှိုင်း၊ စမ်းတဝါးဝါး ဟန်ဖြင့် အလှူခံနေကြသည်။

ပိုမိုထူးခြားလာသည်များက အဘိုးအဘွား အရွယ်များကို၊ လက်တွန်းလှည်းများပေါ်တွင် ထိုင်ကြစေပြီး အဘိုးအဘွားများ၏ရင်ခွင်များတွင် အများမြင်သာအောင် စာတန်းများချိတ်ဆွဲတောင်းရမ်းလာကြခြင်းပင်ဖြစ်သည်။

အဘိုးအဘွားများ၏ လက်တွန်းလှည်းများကို တွန်းပေးကြသော အလှူခံတောင်းရမ်းစားသောက်နေကြသူများကို ကြည့်ပါက အသက် ၂၀ ဝန်းကျင် ကျန်းမာသန်စွမ်းနေကြသည့် လူငယ်လူရွယ် ယောကျ်ားလေး၊ မိန်းကလေးများဖြစ်နေကြသည်။

သူတို့နှင့် ထိုအဘိုးအဘွားများ၊ ဘယ်လိုတော်စပ်ကြပါသလဲဟု မေးမြန်းကြည့်ကြသောအခါ သူတို့၏ သွေးသားအရင်းအချာများဟုသာ ဖြေသည်။ သူတို့ သွေးသားအရင်းအချာများဆိုပါက အဘိုးအဘွားများကို ဇာန်ပြအလှူခံတောင်းရမ်းစားသောက်နေကြမည့်အစား ဝင်ငွေရသည့်အလုပ်တစ်မျိုးမျိုးကို ရှာဖွေလုပ်ကိုင်ကျွေးမွေးပြုစု စောင့်ရှောက်ကြပါလားဟု မေးလိုက်ချင်သည်။ ကားကြိုကားကြားတွင် ပြေးလွှားကာ ရေသန့်ဘူး၊ ကွမ်းယာ၊ စီးကရက်၊ မုန့်မျိုးစုံကို ရိုးသားစွာရောင်းချစားသောက်နေကြသော ကလေးလူငယ်လူရွယ်များနှင့် တောင်းရမ်းစားသောက်နေကြသူများ၏ ဘဝရပ်တည်မှုကို ခွဲခြားဆင်ခြင်သုံးသပ်ကြည့်ပါက သံဝေဂရစရာများ၊ သင်ခန်းစာရယူဖွယ်ရာများ များစွာထွက်ပေါ်လာနိုင်သည်။

အမှန်တကယ် ကူကယ်ရာမဲ့ဘဝတွေလား။ တကယ့်ဒုက္ခသည် အစစ်အမှန်တွေလား။ အမှန်အကန်လား။ အကြံအဖန်လား။ အမှန်အကန်များကို လှူဒါန်းပေးကမ်းခြင်းသည်သာ မွန်မြတ်လှသည့် ဒါနပင်ဖြစ်ပေသည်။

အလှူခံခြင်းနှင့် ပေးလှူခြင်းဟူသောစကားက ဗုဒ္ဓဘာသာဝင်များအတွက် အလေးအနက်ထားနေကြသည့် စကားများဖြစ်ကြသည်။ ဗုဒ္ဓဝင်ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်ဇာတ်၊ ဓမ္မပဒစသည့် ဘာသာရေးစာအုပ်များတွင် အထင်ကရဖြစ်သည်။ ပုညကိရိယာ ၁၀ ပါးတွင် ပထမဆုံးဖြစ်သောဒါနအတွက် အလှူခံများသည် မရှိမဖြစ်ပါဝင်ကြသည်။ သို့သော်အလှူခံအမှန်နှင့် အလှူခံအတုအယောင်ကိုခွဲခြား၍ အလှူခံအစစ်အမှန်ကိုသာ လှူဒါန်းကြစေချင်သည်။ အလှူခံအတုအယောင်များကား အနည်းနှင့်အများဆိုသလို စဉ်ဆက်မပြတ်ရပ်တည်လှုပ်ရှားလျက်ရှိရာ နှိမ်နင်းနေသည့်ကြားက ပေါ်ပေါက်နေဆဲပင်ဖြစ်သည်။ လမ်းဆုံလမ်းခွများတွင် မကြာခဏမြင်တွေ့နေကြရသော အလှူခံအတုအယောင် တောင်းရမ်းစားသောက်နေကြသူများထဲတွင် အချို့မှာ အုံနှင့်ကျင်းနှင့် နောက်ခံများရှိနေကြောင်း၊ လမ်းဆုံလမ်းခွတစ်နေရာနှင့်တစ်နေရာ၊ အကူးအပြောင်းအတွက် သူတို့ကိုသယ်ယူပို့ဆောင်ပေးနေကြသော တက္ကစီများပင်ရှိကြောင်း သိရသည်။ ထို့ကြောင့်တက္ကစီသမား အချို့ကပင် သိနေကြသည်။

**❖ ကားကြိုကားကြားတွင် ပြေးလွှားကာ ရေသန့်ဘူး၊ ကွမ်းယာ၊ စီးကရက်၊ မုန့်မျိုးစုံကို ရိုးသားစွာရောင်းချစားသောက်နေကြသော ကလေးလူငယ်လူရွယ်များနှင့် တောင်းရမ်းစားသောက်နေကြသူများ၏ ဘဝရပ်တည်မှုကို ခွဲခြားဆင်ခြင်သုံးသပ်ကြည့်ပါက သံဝေဂရစရာများ၊ သင်ခန်းစာရယူဖွယ်ရာများ များစွာထွက်ပေါ်လာနိုင်သည်။ အမှန်တကယ် ကူကယ်ရာမဲ့ဘဝတွေလား။ တကယ့်ဒုက္ခသည် အစစ်အမှန်တွေလား။ အမှန်အကန်လား။ အကြံအဖန်လား။ အမှန်အကန်များကို လှူဒါန်းပေးကမ်းခြင်းသည်သာ မွန်မြတ်လှသည့် ဒါနပင်ဖြစ်ပေသည်။ ❖**

တက္ကစီသမားတစ်ယောက်က ဖော်ထုတ်အသိပေးခဲ့သော ဒုက္ခိတအယောင်ဆောင် အဘိုးတစ်ဦးအကြောင်းကို မျှဝေပေးလိုသည်။

မြို့သစ်တစ်မြို့နယ်ထဲမှ ရပ်ကွက်တစ်ရပ်ကွက်ထဲရှိ လက်ဖက်ရည်ဆိုင်တွင် မိသားစုတစ်စုသည် အခြားမိသားစုများထက် ထူးခြားလွန်းစွာ စားသောက်သုံးစွဲနေကြသဖြင့် ဆိုင်ရှင်က အထူးဂရုစိုက်လေ့လာနေခဲ့ရာမှ ရင်သပ်ရှုမောအံ့သြသွားခဲ့ရသည်ဟုဆို၏။

လက်ဖက်ရည်ဆိုင်တွင် ထိုမိသားစုကလာ၍ စားသောက်တိုင်း အနိမ့်ဆုံးအဆင့်မှာ ပေါင်မုန့်ကြက်ဥကြော်ဖြစ်ပြီး နန်းကြီးသုပ်အလယ်အဆင့်မှ အမြင့်ဆုံး ကျပ်သုံးထောင်ကျော်ထိ နေ့စဉ်စားသုံးကြလေ့ရှိ၏။ စားသောက်ကုန်ကျငွေများကို အဘိုးလာမှရှင်းပေးလိမ့်မယ်ဆိုကြလေ့ရှိ၏။ အဘိုးကလည်း သူတို့မိသားစုစားသောက်သည်ကို အမြဲတမ်းရှင်းပေး နေခဲ့သည်ဆို၏။ သို့ဖြစ်၍ အဘိုးကို ငွေကြေးပြည့်စုံသူဟုပင် ထင်နေခဲ့သည်ဆို၏။

တစ်နေ့တွင် ထိုအဘိုး၏ သမီးနှစ်ယောက်က လက်ဖက်ရည်ဆိုင်တွင် "အဖေ...ဒီနေ့တော်တော်ထောလာတယ်။ တစ်သောင်းတန်တွေ အထပ်လိုက်ပဲဟ။ ချဲထိုးဖို့တောင်းကြရအောင်"ဟုပြောဆိုနေကြလေရာ၊ ထိုအဘိုး ဘာအလုပ်လုပ်လို့ထောနေကြောင်းကို သိချင်လာခဲ့သည်။

သိလိုက်ရသောအခါ ဆိုင်ရှင်ခမျာ ရင်ထုမနာပင့်သက်ဖြာသွားသည်ဆို၏။

"အဘိုးက လမ်းဆုံလမ်းခွတွေမှာ ဖျာထုပ်ကြီးကို ထမ်းချင်ယောင်ဆောင်ပြီး ဖျာရက်လုပ်ရောင်းချစားသောက်နေရသူ၊ ခိုကိုးရာမဲ့အဘိုးရယ်လို့ အသနားခံတောင်းရမ်းစားသောက်နေသူတဲ့။ သနားတတ်သူများက ပေးကမ်းသွားကြသတဲ့"လေ။

ထိုအတုအယောင်များကြောင့် ဒုက္ခသည်အစစ်အမှန်များကိုပါ ထိခိုက်သွားကြပါက စာနာအသိဖြင့် ခံစားကြည့်ကြစေချင်သည်။ မြန်မာတိုင်းရင်းသားများကလည်း သနားတတ်၊ ကြင်နာတတ်၊ စေတနာထားတတ်ကြသူများဖြစ်ကြသဖြင့် အတုအယောင်များအတွက် အခွင့်သာနေကြသည်။

သူတို့အခွင့်သာနေကြသော်လည်း လမ်းသွားလမ်းလာများမှာ စိတ်အနှောင့်အယှက်ဖြစ်ကြရသလို ယာဉ်မောင်းများမှာလည်း ကသိကအောက်ဖြစ်ကြရသည်။ အခန့်မသင့်လျှင် အရေးယူခံကြရသေးသည်။

ကျွန်တော့်ကိုယ်တွေ့ ဖြစ်ရပ်များစွာအနက် ဖြစ်ရပ်မှန်တစ်ခုကို သတိရသွားသည်။

လွန်ခဲ့သော ၁၉ နှစ်ကျော်ခန့်က မှတ်မှတ်ရရ တိတိကျကျပြောရလျှင် ၂၀၀၇ ခုနှစ် ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီမှ ၁၀ နာရီထိ ရန်ကုန်မြို့စာပေဗိမာန်ဘေးရှိ လက်ဖက်ရည်ဆိုင်တွင် စာရေးသူ၏ စီစဉ်ပေးမှုဖြင့် စာရေးဆရာ၊ ဆရာမများကို လက်ဖက်ရည်၊ မုန့်များနှင့် ဧည့်ခံလှူဒါန်းပွဲလေး ကျင်းပခဲ့သည်။

ထိုလှူဒါန်းဧည့်ခံပွဲထဲသို့ သီလရှင်အလှူခံ၊ ယောကျ်ားမိန်းမအလှူခံများ ဝင်ထွက်သွားလာနေခဲ့ရာ အလှူရှင်က ခဏခဏထုတ်၍ လှူဒါန်းနေခဲ့သည်။ ကျွန်တော်က ကျွန်တော့်မှခင်းဂျာနယ်မှာ မကြာခဏ ဖော်ပြပေးခဲ့ရသော အလှူခံအယောင်ဆောင်(လူလိမ်များ) သူတောင်းစားယောင်ဆောင်သူများ၏ အကြောင်းကို စကားစပ်မိသဖြင့် အလှူရှင်ကို ပြောပြခဲ့သည်။

ထိုသို့ ပြောပြနေစဉ်မှာပင် ကိုရင်လေးတစ်ပါးက သပိတ်ကိုပိုက်လျက် ကျွန်တော်တို့အနီးသို့လာရပ်နေခဲ့သည်။ အလှူရှင်ဆရာက "ဘယ်ကျောင်းကလဲ၊ ဘာစာတွေသင်နေသလဲ" ဟု မေးလိုက်သောအခါ ထိုကိုရင်လေးသည် မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ ချက်ချင်းပြန်လည်ထွက်ခွာသွားပါတော့သည်။ မရိုးသားသည့်သဘော ပေါ်နေလေသည်။ သည်တော့ ဆရာက ပြုံးတုံ့တုံ့ဖြင့် သူ့ကိုယ်တွေ့ဖြစ်ရပ် တစ်ခုကို ပြောပြသည်။

"မကြာသေးခင်က ကျွန်တော် တာမွေဘက်ကို သွားပြီး အပြန်လမ်းဆုံမီးပွိုင့်မှာ ကားရပ်နေတုန်း လူပျို ပေါက်အရွယ် ရပ်ကလေးသနားကမားနဲ့ ငွေလာတောင်းတယ်။ ကျွန်တော်တွေ့ဖူးတာက ကလေးလေးတွေရယ်၊ ကလေးကို ချီပြီးတောင်းတဲ့ ကလေးအမေတွေရယ်ကို မကြာခဏကြုံဖူးပါတယ်။ အခုလာတောင်းတဲ့လူငယ်ကလေးက ကိုယ်လက်အင်္ဂါကောင်းမွန်ပါလျက်နဲ့ လက်ဖြန့်တောင်းနေတော့ ကျွန်တော်ကသူ့ကိုမင်းကွာ၊ မိုးရေထဲမှာ အခုလိုတောင်းရမ်းနေမဲ့အစား မင်းနဲ့သင့်တော်တဲ့ အလုပ်တစ်ခုခုကိုပေးရင် မင်းလုပ်မလားလို့ မေးလိုက်ပါတယ်။ အဲဒီလူငယ်ရဲ့ အဖြေက ပေးချင်တဲ့စေတနာတောင်ပျက်သွားတယ် ဆရာ။ အံ့လဲ အံ့အားသင့်သွားတယ်။ ဒါမျိုးကို တစ်ခါမှ မကြုံဖူးဘူး။ ကျွန်တော် ကြောင်တောင်ကြောင်သွားတယ်။

"သူက ဘယ်လိုဖြေလို့လဲဆရာ"

"ဆရာလဲ အံ့သြသွားမှာသေချာတယ်။ သူဖြေလိုက်တာက ကျွန်တော်ဟာ ဘယ်တော့မှသူများကျွန်မလုပ်ဘူး၊ ဘယ်သူ့ကျွန်အဖြစ်ကိုမှ မခံဘူးတဲ့ဗျာ"

ကျွန်တော့်မိတ်ဆွေပြောသလို ကျွန်တော်သည်ပင်လျှင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"တကယ့်စံပါပဲ ဆရာရယ်။ အလုပ်တော့ မလုပ်ချင်ဘူး၊ အနိမ့်ဆုံးအဆင့် ရေခဲရေရောင်းစားအုံးရပါတယ်။ ကိုယ်တန်ရာတန်ရာအလုပ်ကို လက်ကြောတင်းအောင်လုပ်ရင် ထမင်းမငတ်ကြပါဘူး။ ဒါပေမဲ့ သက်သောင့်သက်သာနဲ့ အချောင်ရနေလေတော့ တောင်းစားနေတာပေါ့ ဆရာရယ်"

"သိပ်မှန်တာပေါ့ ဆရာရယ်၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ အချောင်ရနေတော့ တောင်းစားနေတာပေါ့။ ဒီလိုလက်ကြောမတင်းတဲ့လူတွေဟာ တောင်းစားလို့မရရင် လိမ်မယ်၊ ညာမယ်၊ ခါးပိုက်နှိုက်မယ်၊ ဒီထက်မြင့်လာရင် ခိုးမယ်၊ လုယက်မယ်၊ ဓားပြတိုက်မယ်၊ နောက်ဆုံးတော့ ထောင်ထဲရောက်မယ်။ ဒီထက်မိုက်ရင် အသေဆိုးနဲ့ဘဝနိဂုံးချုပ်ကြမယ်ပေါ့ ဆရာ"

"အင်း... ရင်လေးစရာကောင်းလှပါတယ်ဆရာ။ လမ်းမီးပွိုင့်တွေမှာ ကားကြိုကားကြားမှာ ကလေးတွေ၊ သားသည်အမေတွေ၊ အဘိုးကြီးအဘွားကြီးတွေကို ဇာန်ပြတောင်းရမ်းစားသောက်နေကြသူတွေကို သနားကရုဏာစိတ်နဲ့ စေတနာထားပြီး ပေးကမ်းနေကြတာဟာ အဆိပ်ပင်ကို ရေလောင်းနေကြတာနဲ့ အတူတူပဲ ဆရာ"

"ကားနဲ့ပွတ်တိုက်မိရင်လဲ အမှုပတ်အုံးမယ်။ သူတို့ကြောက်တာက စည်ပင်သာယာပဲဆရာ။ ကျွန်တော်ကားနဲ့ မင်္ဂလာဈေးဘက်အသွားမှာ သားသည်အမေဟာ ကလေးကိုရင်ခွင်ပိုက်ပြီး ကားတွေဆီမှာ လိုက်တောင်းနေတုန်း စည်ပင်ဝန်ထမ်းတစ်ဦးက ဆိုင်ကယ်နဲ့လာတာလဲ မြင်ရော၊ ကားကြိုကားကြားထဲမှာ ရှောင်တိမ်းပြေးလွှားသွားလိုက်တာ တာတိုအပြေးသမားချန်ပီယံတောင် ဖြစ်နိုင်တယ် ဆရာ၊ သူ့ကိုကြည့်ပြီး ကျွန်တော့်မှာ ရင်ထဲမှာ တလှပ်လှပ်နဲ့ ကားတိုက်မှာစိုးလို့လေ"

"စည်ပင်က လိုက်ဖမ်းလို့လားဆရာ"

"လိုက်မဖမ်းပါဘူး၊ ဟိုက သူ့ကိုတောင် သတိထားမိပုံမရပါဘူး။ သူ့လမ်းသူသွားတာပါ။ ဒါပေမဲ့ သူတို့ဟာ စည်ပင်ဥပဒေနဲ့ငြိနေတယ်နဲ့ တူတယ်။ သူတို့ကို စည်ပင်ကဖမ်းတာ ခံရဖူးလို့ဖြစ်မှာပေါ့ ဆရာရယ်"

"အဲဒီလိုဆိုရင် စည်ပင်ဝန်ထမ်းတွေကို မြို့နယ်အလိုက် ဖြန့်ကြက်ပြီး ရေသာခိုအချောင်လိုက်၊ လက်ကြောမတင်းတဲ့ တောင်းရမ်းစားသောက်သူတွေ၊ အလှူခံလိမ်တွေကို နှိမ်နင်းလိုက်ရင် သိပ်ကောင်းမှာပဲ ဆရာရယ်"

"အလှူခံလိမ်တွေကိုတော့ သက်ဆိုင်ရာ ရယကတွေ နီးစပ်ရာရဲစခန်းတွေကိုသတင်းပို့ပြီး စိစစ်ဖော်ထုတ်ဖမ်းဆီးရင် ရပါတယ်ဆရာ။ အခုလိမ်နည်းတစ်မျိုး ထပ်ပေါ်လာတယ်ဆရာ"

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့ တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။ အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## လွမ်းရတဲ့ပန်း

- ပန်းမပျိုးချင်ဘူး
ပန်းပျိုးသူ အဆင်မသင့်လေတော့
ရင်နင့်ခဲ့ရဖူးသည်။

- ပန်းမယ်ပန်းမယ် သဘောရယ်နဲ့
ကြံရွယ်ကြံရွယ် မပြောခဲ့ပါဘူး
ချစ်သော မာလာငုံတို့
ရွှေဝတ်မှုန် ဆွတ်ထုံလှောက်လျှင်ဖြင့်
ဝမ်းမြောက်မိသည်။

- ပန်းတို့တောမှာတဲ့
ပျော်မော်ကာ နေချင်ပါလည်း
ခြံဥယျာဉ် ပိုင်ရှင်မဟုတ်လေတော့
ကျွန်ုပ်ခွဲခွာ သည်းညာနွမ်းရပြီပေါ့
ပန်းကိုတော့ မွေးချင်သည်
မမွေးသာပြီမို့ တမြည့်မြည့်ကျွမ်း။
ဝေးကမ္ဘာဆီသို့ တရွေ့ရွေ့လှမ်း။

- သူ့ခြံတွင်းပေမို့
လဲ့ဝင်းကို မချူသာဘူးရယ်လို့
လှစ်ကျူး မဆိုချင်ဘူး
ဟိုအလျင် အစဦးလိုပဲ
မလိုချင် အရမခူးရက်ပါဘူး
မြဖူး ခိုင်ညွှာရွှေတို့
ကြိုင်ပါစေ ကမ္ဘာဆုံးတိုင်ပဲ
လှိုင်ပါစေ ကမ္ဘာဆုံးတိုင်ပဲ
အပြုံးမျက်နှာ မလှတလှနွမ်းပေမဲ့
မမုန်းရက်ပါ တသသမှန်းရတယ်
ဪ... လွမ်းရတဲ့ပန်း။ ။

မြင်းမှုမောင်နိုင်မိုး

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



မုံရွာ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၁၆၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ဧက ၁၁၆၇၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့စတဲ့ အသိပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် အောင်သာကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ဝမ်းတွင်း ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်သာကျေးရွာ၌VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကိုယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက စီမံကိန်းရည်ရွယ်ချက်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျေးရွာနေပြည်သူများ၏လုပ်အားငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆိုပါ ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

စာမျက်နှာ ၄ မှအဆက်

"ဟုတ်လား... ပြောစမ်းပါအုံး ဆရာရယ်"

"ကျွန်တော်တစ်ယောက်တည်း ညနေ ၆ နာရီလောက်မှာ ဘိုကလေးဈေးဘက်အသွား မိန်းကလေးနှစ်ယောက်က ကျွန်တော့်အနားကပ်ပြီး ကျွန်မတို့ရှက်လို့ပါ၊ တိုးတိုးကလေးပြောပါရစေ၊ လမ်းခရီးစရိတ်ပြတ်သွားလို့ စေတနာရှိသရွေ့ ပေးခဲ့ပါတဲ့လေ။ တိုးတိုးကလေးပြောပါရစေဆိုပြီး မိန်းကလေးနှစ်ယောက်က အနားကို တိုးကပ်လာတော့ ကျွန်တော်ကြောက်သွားပြီး နောက်ကိုမြန်မြန်ဆုတ် ဘာမှပြန်ပြောမနေဘဲ လက်ကိုခါပြလိုက်တယ်။ တော်တော်ကြာ သူတို့ကလီဆယ်ပြီး အော်လိုက်ရင် အခက်မဟုတ်လားဆရာ"

"ဪ... ဒီလိုလား၊ တော်တော် ကြောက်စရာကောင်းလာပါလားနော်"

"ဒီထက် ကြောက်စရာကောင်းတာရှိသေးတယ်ဆရာ။ ပလက်ဖောင်းလမ်းဘေးတွေမှာပါ ကျွန်တော့် အရွယ်ကြီးကို သမီးအရွယ်မိန်းကလေးက အနားကပ်လာပြီး အစ်ကိုကြီးတဲ့၊ အစ်ကိုကြီးအလိုရှိရင် ညီမလေးလိုက်ခဲ့မယ် နေရာရှိလားတဲ့။ နေရာမရှိရင် သူ့မှာရှိတယ်တဲ့။ အဲဒီထိ အတင်ရဲလာကြပြီဆရာ။ ရှက်ဖို့လဲကောင်း၊ ကြောက်ဖို့လဲကောင်းပါဘိဆရာရယ်"

"ဆရာတို့ မှုခင်းဂျာနယ်တွေက လူအများသိအောင် ပညာပေး ဖြန့်ဖြူးပေးပေါ့ဆရာ"

"အမြဲလိုလို သင်ခန်းစာပေးနေတာပါပဲ ဆရာရယ်။ ဖတ်မိတဲ့သူတွေတော့ သင်ခန်းစာရကြပါတယ်။ အလိမ်အညာဘေးက ကင်းဝေးကြပါတယ်။ အလုအယက်ဘေး၊ ခါးပိုက်နှိုက်ဘေးက ကင်းဝေးကြပါတယ်။ မသိသူကျော်သွား သိသူဖော်စားဖြစ်နေကြတာပါဆရာ"

ဟော... အခုလည်း ထိုဖြစ်ရပ်များထက်ဆိုးဝါးလွန်းလှသော အတုအယောင်များက တစ်စတစ်စကြီးထွားလာနေပြီဖြစ်သည်။

စာနာစိတ်နှင့် စေတနာဒါန ပြုကြစေချင်သည်။

သို့သော်... အသိ၊ သတိဖြင့် အဆိပ်ပင်တွေကိုတော့ ရေမလောင်းမိကြပါစေနှင့်။

# နိုင်ငံတကာ သတင်းများ

## အကြမ်းဖက်ဝါဒ အားပေးသူနိုင်ငံများစာရင်းမှ ဆီးရီးယားနိုင်ငံကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဖယ်ထုတ်ပေးမည်



**အင်ကာရာ ဇူလိုင် ၉**

ဆီးရီးယားနိုင်ငံကို အကြမ်းဖက်ဝါဒ အားပေးသူ နိုင်ငံများ စာရင်းမှ ပြန်လည်ဖယ်ထုတ်ပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တူကီယဲနိုင်ငံ အင်ကာရာမြို့၌ ကျင်းပနေသည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ထိပ်သီးညီလာခံ ကာလအတွင်း ဆီးရီးယားသမ္မတ အယ်လ်ရှာရားနှင့် တွေ့ဆုံဆွေးနွေးစဉ် သမ္မတ ဒေါ်နယ်ထရမ့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကို ဟန့်တားထားသည့် အတားအဆီး အကန့်အသတ်အားလုံးကို မိမိအနေဖြင့် ဖယ်ရှားပေးမည်ဖြစ်ကြောင်း ဆီးရီးယားသမ္မတ အယ်လ်ရှာရားနှင့် တွေ့ဆုံစဉ် သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံကို အကြမ်းဖက်ဝါဒအားပေးသူ နိုင်ငံများစာရင်းမှ ဖယ်ထုတ်ပေးမည့်ဆုံးဖြတ်ချက်ကို မိမိအနေဖြင့် ကွန်ဂရက်လွှတ်တော်ကို အသိပေးထားပြီးဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ဆီးရီးယားသမ္မတနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကွန်ဂရက်လွှတ်တော်က ၄၅ ရက်ကြာ ပြန်လည်သုံးသပ်ခဲ့ပြီးနောက် သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပါဆုံးဖြတ်ချက် စတင် အာဏာသက်ဝင်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပြီးခဲ့သည့်နှစ်က ဆီးရီးယားနိုင်ငံအပေါ်ချမှတ်ထားသည့် ဘဏ္ဍာရေးအရ အရေးယူပိတ်ဆို့မှုများကို အထူးအမိန့် ဒီကရီတစ်ရပ်ဖြင့် ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နေတိုးအုပ်စု ထိပ်သီးညီလာခံဆုံးဖြတ်ချက်များ ရုရှား ဝေဖန်ပြောကြား

**မော်စကို ဇူလိုင် ၉**

တူကီယဲနိုင်ငံ အင်ကာရာမြို့၌ ကျင်းပခဲ့သည့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး) ထိပ်သီးညီလာခံ၌နေတိုးခေါင်းဆောင်များ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို ရုရှားနိုင်ငံက ဇူလိုင် ၈ ရက်တွင် ဝေဖန်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဥရောပတိုက် တစ်ခုလုံးကို စစ်ပုံသွင်းရေး၊ ရုရှားနှင့်ဖြစ်ပွားမည့် စစ်ရေးပဋိပက္ခအတွက်ပြင်ဆင်ရေး၊ ယူကရိန်းကို စစ်ရေးအရ ကူညီရေး စသည့်နေတိုးအုပ်စု၏ ဦးစားပေးမူဝါဒများမှာ အပြောင်းအလဲမရှိသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ထုတ်ဖော်ပြောကြားထားသည်။

အင်ကာရာ ထိပ်သီးညီလာခံ၌ နေတိုးခေါင်းဆောင်များ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကြောင့် နေတိုးအဖွဲ့အတွက် သာမက တစ်ကမ္ဘာလုံးအတွက် ပြင်းထန်ဆိုးရွားသော နောက်ဆက်တွဲ ဆိုးကျိုးများ ပေါ်ထွက်လာနိုင်ကြောင်း မာရီယာဇာခါရိုဗာက ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းဝက်ဘ်ဆိုက်၌ သတိပေးပြောကြားထားသည်။

အင်ကာရာ နေတိုးထိပ်သီးညီလာခံ၌ ယခုနှစ်အတွင်း ယူကရိန်းနိုင်ငံအတွက် အမေရိကန် ဒေါ်လာ ဘီလီယံ ၈၀ တန်ဖိုးရှိ စစ်ရေးအကူအညီများ ပေးရန် နေတိုးခေါင်းဆောင်များက ကတိပြုထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ကာတာ သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘော အိုမန်ကမ်းလွန်၌ သောင်တင်နေဆဲဖြစ်

**ဒိုဟာ ဇူလိုင် ၉**

အီရန်၏ တိုက်ခိုက်မှုကြောင့် အင်ဂျင်ခန်း မီးလောင်ခဲ့သော ကာတာနိုင်ငံပိုင် သဘာဝဓာတ်ငွေ့ရည်တင် သင်္ဘောတစ်စီးမှာ အိုမန်ကမ်းလွန် ရေပြင်အတွင်း သောင်တင်နေဆဲ ဖြစ်ကြောင်း ဇူလိုင် ၈ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အယ်လ်ရီကေယက် သဘာဝဓာတ်ငွေ့ရည်တင် သင်္ဘောသည် ဇူလိုင် ၇ ရက် ညပိုင်းတွင် အီရန်၏ တိုက်ခိုက်မှုကြောင့် အင်ဂျင်ခန်း မီးလောင်ခဲ့ခြင်းဖြစ်သည်။

အင်ဂျင်ခန်း မီးလောင်မှုကြောင့် အဆိုပါသဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောမှာ ပေါက်ကွဲပျက်စီးမည့် အန္တရာယ်ရှိကြောင်း ကာတာ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

လက်ရှိတွင် အယ်လ်ရီကေယက် သင်္ဘောပေါ်မှ သဘာဝဓာတ်ငွေ့ရည်များအခြေအနေမှာ တည်ငြိမ်နေပြီး လက်တလောအခြေအနေအရ ပေါက်ကွဲမှုဖြစ်နိုင်ခြေနည်းပါးနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားထားသည်။

အယ်လ်ရီကေယက် သင်္ဘောသည် ထပ်မံတိုက်ခိုက်ခံရခြင်း မရှိပါက ပေါက်ကွဲနိုင်ခြေမရှိသေးကြောင်း ကျွမ်းကျင်သူများက ပြောကြားထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း အီရန်နိုင်ငံသည် အယ်လ်ရီကေယက် သဘာဝဓာတ်ငွေ့ရည်တင် သင်္ဘောအပြင် အခြားရေနံတင် သင်္ဘောသုံးစီးကိုလည်း တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO



## မြေပြင်နှင့်အဆက်အသွယ်ပြတ် ပျောက်ဆုံးနေသော ပါကစ္စတန် ကုန်တင်လေယာဉ်၏ အပျက်အစီးများတွေ့ရှိ

**အစ္စလာမ္မာဘတ် ဇူလိုင် ၉**

ဇူလိုင် ၇ ရက်တွင် ပါကစ္စတန် ကမ်းရိုးတန်းကမ်းလွန်၌ မြေပြင် လေကြောင်းထိန်းချုပ်ရေးမျှော်စင်နှင့် အဆက်အသွယ်ပြတ်တောက်၍ ပျောက်ဆုံးခဲ့သော ကုန်တင်လေယာဉ်တစ်စင်း၏ အပျက်အစီးများကို ဇူလိုင် ၈ ရက်တွင် ပြန်လည်တွေ့ရှိထားကြောင်း ပါကစ္စတန် ရေတပ်က သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါကုန်တင်လေယာဉ်သည် ယူအေအီးနိုင်ငံ ရှာဂျားမြို့မှ ပါကစ္စတန်တောင်ပိုင်း ကရာချိမြို့သို့ပျံသန်းလာစဉ် လမ်းညွှန်စနစ် ချွတ်ယွင်းမှုကြောင့် မြေပြင် လေကြောင်း ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် မြေပြင်နှင့် အဆက်အသွယ်ပြတ် ပျောက်ဆုံးခဲ့ပြီး ၁၂ နာရီခန့်အကြာတွင် အဆိုပါ ကုန်တင်လေယာဉ်၏အပျက်အစီးများကို ပါကစ္စတန်ရေတပ် ရှာဖွေကယ်ဆယ်ရေးအဖွဲ့က အာရေဗီယန် ပင်လယ်ရေပြင်အတွင်း ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ကုန်တင်လေယာဉ်နှင့်အတူ လိုက်ပါသွားသည့် လေယာဉ် အမှုထမ်း ငါးဦးတို့မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားထားသည်။

လေယာဉ် အပျက်အစီးများကို ရှာဖွေတွေ့ရှိထားသော်လည်း သမုဒ္ဒရာရေစီးကြောင်း ပြင်းထန်မှုကြောင့် လေယာဉ်ပျက်ကျရာ နေရာကို အတိအကျခန့်မှန်းရန် ခက်ခဲသည်ဟု ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အီရန်ပစ်မှတ်များကို အမေရိကန်တပ်မတော် ထပ်မံတိုက်ခိုက်



**ဝါရှင်တန် ဇူလိုင် ၉**

ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ ဆက်ပွင့်နေရေးအတွက် အီရန်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့ကြောင်း အမေရိကန်တပ်မတော်က ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံနှင့် ရယူထားသော အချက် ၁၄ ချက်မှာ အီရန်စစ်ရေး ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက် အဆုံးသတ်သွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၈ ရက်တွင် ပြောကြားခဲ့ပြီး နာရီအနည်းငယ်အကြာတွင် အမေရိကန် တပ်မတော်က အီရန်ပစ်မှတ်များကို ပြင်းထန်စွာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အီရန်တော်လှန်ရေး အစောင့်တပ်က ဇူလိုင် ၇ ရက်တွင် ဟော်မုဇ် ရေလက်ကြားအတွင်း သွားလာနေသော ကုန်တင်သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်တပ်မတော် အလယ်ပိုင်းစစ်ဒေသစစ်ဌာနချုပ်က အီရန်စစ်ရေးပစ်မှတ်များကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

ဇူလိုင် ၈ ရက်တွင် အီရန်တောင်ပိုင်း ကမ်းရိုးတန်းမြို့ကြီးများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန် တပ်မတော်၏ ဇူလိုင် ၈ ရက်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်တော်လှန်ရေးအစောင့်တပ်ကလည်း ကူဝိတ်နှင့် ဘာရိန်းနိုင်ငံတို့ရှိ အမေရိကန် စစ်စခန်းများကို ဒုတိယမြောက်နေ့အဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီ၏ ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်က စကြဝဠာ၏ သက်တမ်းအရင့်ဆုံးကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေ(ကွာဆာ)များ ရှာဖွေတွေ့ရှိထား



ပဲရစ် ဇူလိုင် ၉

ဥရောပအာကာသအေဂျင်စီ၏ ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာ၏ သက်တမ်းအရင့်ဆုံး ကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေ (ကွာဆာ)များကို ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

ကွာဆာများသည် ကြယ်စုဗဟိုချက် မဟာအာကာသတွင်း နက်ကြီးများ၏ စွမ်းအင်ကြောင့် နေစင်းရေ ထရီလီယံပေါင်းများစွာထက် ပို၍လင်းလက်တောက်ပသည့် စွမ်းအင်နယ်မြေများဖြစ်ကြကြောင်း သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များ၏ အဆိုအရ ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ကွာဆာများအနက် သက်တမ်းရှေးအကျဆုံး ကွာဆာနှစ်ခုအပြင် ကွာဆာပေါင်း ၃၁ ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ကွာဆာ ၃၁ ခုအနက် နှစ်ခုမှာ စကြဝဠာကြီး စတင်ပေါ်ထွက်ခဲ့ပြီး နှစ်ပေါင်းသန်း ၆၇၀ အကြာတွင် ပေါ်ထွက်လာသောကွာဆာများဖြစ်ကြောင်း သိရသည်။

အထက်ပါ ကွာဆာနှစ်ခုသည် စကြဝဠာ၏ ပထမဆုံးကြယ်များနှင့် ကြယ်စုများပေါ်ထွက်လာချိန်တွင် စတင်ဖြစ်ပေါ်ခဲ့သည့် ကွာဆာများဖြစ်ကြပြီး စကြဝဠာ၏သမိုင်းကိုလေ့လာရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အမေရိကန်သိပ္ပံပညာရှင်များက ကမ္ဘာပေါ်ရှိ နောက်ဆုံးသစ်ပင်များ ပျောက်ကွယ်မည့်အချိန်ကာလကို ကွန်ပျူတာစံပြပုံစံများ ဖန်တီးတွက်ချက်ခဲ့

ဝါရှင်တန် ဇူလိုင် ၉

အမေရိကန်သိပ္ပံပညာရှင်များသည် ကမ္ဘာပေါ်ရှိ နောက်ဆုံးသစ်ပင်များ ပျောက်ကွယ်မည့်အချိန်ကာလကို ကွန်ပျူတာစံပြပုံစံများ ဖန်တီးတွက်ချက်ခဲ့ကြကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။



အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ယခုအချိန်မှစ၍ နောင်လာမည့်နှစ်ပေါင်း ၁ ဒသမ ၈၄ ဘီလီယံအကြာတွင် နေ၏အလင်းရောင်မှာ ၂၀ ရာခိုင်နှုန်း ပို၍အားကောင်းလာမည်ဖြစ်ရာ ကမ္ဘာပေါ်ရှိ ရုက္ခမျိုးစိတ်များ ခြောက်သွေ့ပျက်စီးသွားနိုင်ကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် နောင်လာမည့်နှစ်ပေါင်း နှစ်ဘီလီယံအတွင်း ကမ္ဘာ့ရာသီဥတုအခြေအနေ မည်သို့ပြောင်းလဲသွားနိုင်မည်ကို ကွန်ပျူတာစံပြပုံစံများ ဖန်တီးလေ့လာခဲ့ပြီးနောက် ကမ္ဘာပေါ်ရှိ နောက်ဆုံးသစ်ပင်များ ပျောက်ကွယ်သွားနိုင်မည့်ကာလကို တွက်ချက်ခဲ့ကြခြင်းဖြစ်သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နောင်လာမည့်နှစ်ပေါင်း ၁ ဒသမ ၈၄ ဘီလီယံအကြာတွင် ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုမှာ တည်ငြိမ်နေမည်ဖြစ်သော်လည်း ပျမ်းမျှအပူချိန်မှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထိုကာလအတွင်း ကမ္ဘာဂြိုဟ်၏ ပျမ်းမျှအပူချိန်မှာ ၆၅ ဒီဂရီဆဲလ်စီယပ်( ၁၅၀ ဒီဂရီဖယ်ရင်ဟိုက်)ထိ မြင့်တက်လာမည်ဖြစ်ရာ မြေပြင်ရှိသစ်ပင်များ ဆက်လက်ရှင်သန်ရန် မဖြစ်နိုင်တော့သည့်အခြေအနေမျိုးသို့ ရောက်ရှိသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

Ref : Sputnik News

Trs : KKO

## နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်ရေးအတွက် နာဆာက ပြင်ဆင်မှုများစတင်နေ

ဝါရှင်တန် ဇူလိုင် ၉

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း ဇူလိုင် ၈ ရက်သတင်းများအရ သိရသည်။

ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ ကျွမ်းကျင်သူများသည် နန်စီဂရေ့စ်ရိုမန် အာကာသ ရေဒီယိုတယ်လီစကုပ်ကို ဇူလိုင် ၇ ရက်တွင် ရေပြင်ညီအနေအထားမှ ဒေါင်လိုက်အနေအထားသို့ပြောင်းလဲ၍ တပ်ဆင်ထားသည့်စနစ်များကို စတင်စစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို မေရီလန်းပြည်နယ် ဂေါ့ဒ်ဒါ့ဒ်အာကာသစခန်း၌ တည်ဆောက်ပြီးနောက် လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် ကနေဒီအာကာသစခန်းသို့ ပြီးခဲ့သည့်လအတွင်း ပို့ဆောင်ပေးထားခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ယခုနှစ် ဩဂုတ် ၃၀ ရက်တွင် လွှတ်တင်မည်ဖြစ်ပြီး နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားသည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာကို စူးစမ်းလေ့လာရာတွင် ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်ထက် အနည်းဆုံးအဆ ၁၀၀ ပိုအားကောင်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## စတာတင်ဆေးပုံစံနှစ်မျိုးကြောင့် အမျိုးသားများ၌ ပန်းသေပန်းညှိုးပြဿနာပေါ်နိုင်ခြေ မြင့်မား

ပေကျင်း ဇူလိုင် ၉

စတာတင်ခေါ် ကိုလက်စထရောလျှော့ချရေးဆေးပုံစံ နှစ်မျိုးကြောင့် အမျိုးသားများ၌ ပန်းသေပန်းညှိုးပြဿနာ ပေါ်ထွက်လာနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

Atorvastatin နှင့် Simvastatin အမည်ရှိ စတာတင်ဆေးပုံစံနှစ်မျိုးကြောင့် အမျိုးသားများ၌ ပန်းသေပန်းညှိုးပြဿနာ ပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

စတာတင်ခေါ် ကိုလက်စထရော လျှော့ချရေးဆေးများသည် နှလုံးရုတ်တရက်ဖောက်မှုနှင့် လေဖြတ်မှုတို့ကို ကာကွယ်ရေးအတွက် လူသန်းပေါင်းများစွာတို့ သုံးစွဲနေသော ဆေးများဖြစ်သည်။

သို့ရာတွင် တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သုံးစွဲမှုအများဆုံး စတာတင်ဆေးပုံစံနှစ်မျိုးဖြစ်သည့် Atorvastatin နှင့် Simvastatin ဆေးနှစ်မျိုးသည် အခြား စတာတင်ဆေးပုံစံများနှင့် နှိုင်းယှဉ်ပါက ရေရှည်တွင်ပန်းသေပန်းညှိုးပြဿနာ ပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အထက်ပါ စတာတင်ဆေးပုံစံနှစ်မျိုးအစား အခြားလူသုံးများသည့် Rosuvastatin ဆေးကို ပြောင်းလဲသုံးစွဲခြင်းဖြင့် ပန်းသေပန်းညှိုးပြဿနာပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အရိုးအဆစ်ရောင်ရမ်းမှုရောဂါ လူနာများ၌ ကြောက်မက်ဖွယ်အဆုတ်ရောဂါတစ်မျိုး ဖြစ်ပွားနိုင်

ဂျေရုဆလင် ဇူလိုင် ၉

အရိုးအဆစ် ရောင်ရမ်းမှုရောဂါ (Rheumatoid Arthritis) ဖြစ်ပွားနေသည့် လူနာများ၌ ကြောက်မက်ဖွယ် အဆုတ်ရောဂါတစ်မျိုးဖြစ်ပွားနိုင်ကြောင်းသုတေသနပညာရှင်များက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

Rheumatoid Arthritis အရိုးအဆစ်ရောင်ရောဂါသည် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါတစ်မျိုးဖြစ်ပြီး ၎င်းရောဂါဖြစ်ပွားခဲ့ပါက အရိုးအဆစ်များ ရောင်ရမ်းကိုက်ခဲလာတတ်သည်။

သို့ရာတွင် အစ္စရေးသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Rheumatoid Arthritis အရိုးအဆစ် ရောင်ရမ်းမှုရောဂါသည် အရိုးအဆစ်ရောင်ရမ်းမှုရောဂါနှင့်ဆက်စပ်နေသော Interstitial Lung Disease (RA-ILD) ခေါ် အဆုတ်ရောဂါတစ်မျိုးဖြစ်ပွားနိုင်ကြောင်း သိရသည်။

RA-ILD အဆုတ်ရောဂါကြောင့် အဆုတ်၌ အနာရွတ်များပေါ်လာတတ်ပြီး ရောင်ရမ်းမှုကြောင့် အသက်ရှူရခက်ခဲလာတတ်သည့် အဆုတ်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Rheumatoid Arthritis ရောဂါသည် အရိုးအဆစ်များအပေါ်တွင်သာမက အဆုတ်အင်္ဂါအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Rheumatoid Arthritis ရောဂါသည်RA-ILD အဆုတ်ရောဂါ၏ ရောဂါနောက်ခံအကြောင်းတရားတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

### ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်ဇယား

စပိန် - ဘယ်လ်ဂျီယံ

(၁၁-၇-၂၀၂၆ နံနက် ၁နာရီခွဲ)

နော်ဝေ - အင်္ဂလန်

(၁၂-၇-၂၀၂၆ နံနက် ၃နာရီခွဲ)

အာဂျင်တီးနား - ဆွစ်ဇာလန်

(၁၂-၇-၂၀၂၆ နံနက် ၇နာရီခွဲ)

# The World MMA Awards ဆုပေးပွဲအခမ်းအနားတွင် ဂျိုရှုအာဗန် ဆုနှစ်ခု ဆွတ်ခူးနိုင်ခဲ့

**ရန်ကုန် ဇူလိုင် ၉**

ဗြိတိန်အခြေစိုက် Fighter Only Magazine ကကျင်းပသည့် The World MMA Awards ဆုပေးပွဲအခမ်းအနားတွင် တိုင်းရင်းသား မြန်မာနွယ်ဖွား ချင်းဖိုက်တာ ဂျိုရှုအာဗန်က ဆုနှစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Fighter Only Magazine က ၂၀၂၄ ခုနှစ် ဇူလိုင်လမှစတင်၍ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သည့် MMA ပြိုင်ပွဲများကို စိစစ်ပြီးရွေးချယ်ကာ ဆုချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး MMA လောကတွင် အဆင့်အတန်းအမြင့်ဆုံး ဆုပေးပွဲအခမ်းအနားတစ်ခုဖြစ်သည်။

အဆိုပါ The World MMA Awards ဆုပေးပွဲအခမ်းအနားတွင် ဂျိုရှုအာဗန်သည် အမြင့်ဆုံးဆုဖြစ်သည့် Fight of the Year (တစ်နှစ်တာ အကောင်းဆုံးတွဲဆိုင်းဆု)၊ Breakthrough Fighter of the Year (တစ်နှစ်တာ အတိုးတက်ဆုံး ဖိုက်တာ ကစားသမားဆု)တို့ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။




ဂျိုရှုအာဗန်သည် Fight of the Year (တစ်နှစ်တာအကောင်းဆုံး တွဲဆိုင်းဆု)ကို ၂၀၂၅ ခုနှစ် ဇွန် ၂၉ ရက်က ကျင်းပခဲ့သည့် UFC 317 ပြိုင်ပွဲတွင် အမေရိကန် ဖိုက်တာ ဘရန်ဒန်နှင့် ထိုးသတ်ခဲ့သည့် ပွဲစဉ်ဖြင့် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အလားတူ ဂျိုရှုအာဗန်သည် Breakthrough Fighter of the Year (တစ်နှစ်တာ အတိုးတက်ဆုံး ဖိုက်တာ ကစားသမားဆု)အတွက်လည်း ဆန်ခါတင်ဖိုက်တာစာရင်းတွင် နယ်သာလန်ဖိုက်တာ ဒီရစ်ဒါ၊ အမေရိကန်ဖိုက်တာ ရှောင်ဘရက်ဒီ၊ ဘရာဇီးဖိုက်တာ ဆေးဗားလ်၊ ဗြိတိန် အမျိုးသမီးဖိုက်တာ ဒါကိုတာတို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဇီရက်ဖ် တက်ရောက်

**လန်ဒန် ဇူလိုင် ၉**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီ တင်းနစ်ကစားသမား ဇီရက်ဖ်နှင့် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ခဲ့ရာ ဇီရက်ဖ်က (၆-၄၊ ၆-၄၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီရက်ဖ်သည် ၂၀၂၆ ခုနှစ်အတွင်း ရလဒ်ဆိုးရွားပြီး ပုံစံကောင်း ပျောက်ဆုံးနေသော်လည်း ယခု ပြိုင်ပွဲတွင် အကောင်းဆုံးလက်စွမ်း မျိုးပြသနေပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ကို ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဇီရက်ဖ်က"ကျွန်တော့် ကစားသမားဘဝသက်တမ်းတစ်လျှောက် အကောင်းဆုံးကစားနိုင်ခဲ့တဲ့ ပွဲစဉ်တစ်ပွဲလို့ သတ်မှတ်နိုင်ပါတယ်။ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှာလဲ ဆီမီးဖိုင်နယ်အဆင့်ကို တစ်ခါမှ မရောက်ဖူးသေးပါဘူး။ ဒီတစ်ကြိမ်က ကျွန်တော့်အတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာလဲ အကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်ထိ ဆက်လက်ကျင်းပသွားမည်

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ဇူလိုင် ၁၀ရက်(ယနေ့)မှ ၁၃ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၇)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိသေးဘဲ ဂိုးကွာခြားချက်အသာ ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းလည်း ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၂)၊ ISPE အသင်းက ရမှတ် ၁၆ မှတ်ဖြင့် အဆင့်(၃) နေရာတွင် ရပ်တည်နေသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များအဖြစ် ဇူလိုင် ၁၀ ရက် **(ယနေ့)**တွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ချင်းလန်းအက်ဖ်စီအသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ဇူလိုင် ၁၁ ရက်တွင် ဒဂုံစတားအသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက် အသင်းတို့ ကစားသွားမည်ဖြစ်သည်။

ဆက်လက်ပြီး ဇူလိုင် ၁၂ ရက်တွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်း၊ ဇူလိုင် ၁၃ ရက်တွင် ISPE အသင်းနှင့် ဖယ်ကွန်အက်ဖ်စီအသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မန်ယူအသင်းက ချဲလ်ဆီးအသင်းမှ ဆန်းတို့ကို ယူရို သန်း ၅၀ ဖြင့် ခေါ်ယူ

**မန်ချက်စတာ ဇူလိုင် ၉**

မန်ယူအသင်းက ကွင်းလယ်ပိုင်းအတွက် ချဲလ်ဆီးအသင်းမှ လူငယ်ကွင်းလယ်ကစားသမား ဆန်းတို့ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ဖြင့်ခေါ်ယူခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဆန်းတို့သည် ၂၀၂၃ ခုနှစ်က ဗက်စကိုဒဂါးမားအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း အသင်းတွင် ကစားခွင့်မရရှိခဲ့ဘဲ ပြင်သစ်လီဂူးဝမ်းကလပ် စထရာဘော့ဂ်အသင်းထံ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရသည်။

ထို့နောက် ဆန်းတို့သည် ယခုနှစ် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ကုန်ဆုံးပြီး ချဲလ်ဆီးအသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့သော်လည်း အသင်းတွင် ပွဲစဉ်အနည်းငယ်သာ ပါဝင် ကစားခဲ့ရသည့်အတွက် လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်ယူအသင်းကလည်း လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် အသင်းကွင်းလယ်ပိုင်းကို ကြီးကြီးမားမား အပြောင်းအလဲလုပ်ဆောင်ရန်ကြိုးပမ်းနေပြီး ကက်စ်မဲရိုး အနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့သည့်အတွက် ၎င်းနေရာတွင် အစားထိုးရန် ဆန်းတို့ကို ပြန်လည်ခေါ်ယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# အာဂျင်တီးနားအသင်းနှင့် အီဂျစ်အသင်းတို့ ပွဲစဉ်မှဖြစ်ရပ်အတွက် ပြန်လည်စစ်ဆေးရန်မရှိဟု ဖီဖာဒိုင်အကြီးအကဲ ကော်လီနာအတည်ပြု

**ဝါရှင်တန် ဇူလိုင် ၉**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် အီဂျစ်အသင်းတို့ပွဲစဉ်မှ ဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားရန် အီဂျစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ထံ တောင်းဆိုခဲ့သော်လည်း ဒိုင်အကြီးအကဲ ကော်လီနာက ပြန်လည်စစ်ဆေးရန်မရှိဟု အတည်ပြုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အီဂျစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အာဂျင်တီးနားအသင်းနှင့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်အပါအဝင် တာဝန်ကျဒိုင်များ၏ သံသယဖြစ်ဖွယ် ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိသည့်အတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းနှင့် အီဂျစ်အသင်းတို့ပွဲစဉ်၌ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်နေချိန် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် အာဂျင်တီးနား အသင်းမှ မာတီနက်ဇ်က အီဂျစ်အသင်းမှ ဆာလာဟ်ကို ပြစ်ဒဏ်ကျူးလွန်ခဲ့သော်လည်း ကွင်းလယ်ဒိုင်က ပြစ်ဒဏ်သတ်မှတ်ပေးခြင်းမရှိခဲ့ဘဲ ပွဲကို ဆက်လက်ကစားစေခဲ့ရာ အာဂျင်တီးနားအသင်းမှ အန်ဇိုဖာနန်ဒက်က အသင်းအတွက် အနိုင်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၏ စွမ်းဆောင်ရည်အပေါ် ပရိသတ်အများစုက ဝေဖန်မှုများ လုပ်ဆောင်ခဲ့ကြသော်လည်း ဖီဖာဒိုင်အကြီးအကဲ ကော်လီနာက အီဂျစ်အသင်းတောင်းဆိုမှုများကို ပယ်ချခဲ့ကြောင်းသိရသည်။

Ref : Fotmob

Trs : STA

# ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာ ပုံစံကောင်းရရှိနေတဲ့ စပိန်အသင်းနဲ့ပဲ လက်တွဲရမှာပါ

ML



၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်၊ မက္ကဆီကို၊ ကနေဒါ သုံးနိုင်ငံ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခဲ့တာဖြစ်ပြီး လက်ရှိမှာကွာတား ဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ ပူးတွဲအိမ်ရှင်အသင်းတွေဟာ ၁၆ သင်းရှုံးထွက်အဆင့်ထိ တက်ရောက်နိုင်ခဲ့ပေမဲ့ ၁၆ သင်းအဆင့်မှာ ပြိုင်ဘက်အသင်းတွေကို အရေးနိမ့်ခဲ့တာကြောင့် လာမဲ့ကွာတားဖိုင်နယ်အဆင့်မှာ အိမ်ရှင်အသင်းတွေကို မြင်တွေ့ရမှာမဟုတ်ပါဘူး။ ကွာတားဖိုင်နယ်အဆင့်မှာတော့ ဗိုလ်စွဲဖို့ ရေပန်းစားလာတဲ့ အသင်းတွေ ထွက်ပေါ်လာခဲ့ပြီး ပြင်သစ်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့က ပရိသတ်အကြိုက်တွေ့တဲ့ အသင်းတွေ ဖြစ်လာခဲ့တာကို တွေ့ရမှာပါ။ သူတို့နှစ်သင်းကလဲ ကမ္ဘာ့ဖလားပွဲစဉ်ရေးဆွဲမှုအရ ဆက်တိုက်နိုင်ပွဲရခဲ့မယ်ဆိုရင် ဗိုလ်လုပွဲစဉ်မှာသာ ထိပ်တိုက် တွေ့ဆုံနိုင်မှာဖြစ်လို့ ၂၀၂၂ ခုနှစ် ဗိုလ်လုပွဲကအတိုင်း ဒီနှစ်သင်း ပြန်ဆုံမလားဆိုတာကလဲ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ကွာတားဖိုင်နယ်အဆင့်ကိုတော့ ဥရောပအသင်းကြီးတွေဖြစ်တဲ့ စပိန်အသင်း၊ အင်္ဂလန်အသင်း၊ ပြင်သစ်အသင်း၊ နော်ဝေအသင်း၊ ဆွစ်ဇာလန်အသင်း၊ ဘယ်လ်ဂျီယံအသင်းတို့ တက်ရောက်နိုင်ခဲ့ပြီး ကျန်အသင်းတွေကတော့ တောင်အမေရိကဇုန်က အာဂျင်တီးနား အသင်းနဲ့အာဖရိကဇုန်က မော်ရိုကိုအသင်းတို့သာ ဖြစ်တာကို တွေ့ရမှာပါ။ ပွဲစဉ်ရေးဆွဲမှုအရ ဥရောပအသင်းတွေဟာ လမ်းကြောင်းတစ်ခုမှာ အသင်းသုံးသင်းစီ ရှိနေတာကြောင့်လဲ အခုပြိုင်ပွဲဟာ ဥရောပအသင်းတွေပဲ ဗိုလ်လုပွဲရောက်သွားမလားဆိုတာကလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### စပိန်အသင်းနဲ့ပဲ လက်တွဲရမှာပါ

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာတော့ စပိန်အသင်းဟာ ဥရောပပြိုင်ဘက် ဘယ်လ်ဂျီယံအသင်းနဲ့ တွေ့ဆုံနေတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်းဟာ သမိုင်းတစ်လျှောက် ထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်ရှိခဲ့ပြီး နှစ်ကြိမ်က ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဖြစ်ပါတယ်။ အဲ့ဒီပွဲစဉ်တွေမှာတော့ စပိန်အသင်းက ဘယ်လ်ဂျီယံအသင်းကို နိုင်ပွဲရခဲ့ပေမဲ့ အကြိတ်အနယ် ကစားခဲ့ရတဲ့အခြေအနေဖြစ်တာကို တွေ့ရမှာပါ။ စပိန်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၂၀၁၀ ပြည့်နှစ်က ဆုဖလားရရှိပြီး နောက်ပိုင်း ဗိုလ်လုပွဲကို တက်ရောက်နိုင်ခြင်းမရှိတော့ဘဲ အမြင့်ဆုံး ကွာတားဖိုင်နယ်အဆင့်သာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိနည်းပြဖူအန်တီ စုဖွဲ့ထားတဲ့ကစားသမားတွေကတော့ သူနဲ့လူငယ်အသင်းမှာ လက်တွဲခဲ့တဲ့ ကစားသမားတွေ များနေတာကြောင့် ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကို ဘယ်လိုအသုံးပြုရမလဲဆိုတာ သိနေတာဖြစ်ပါတယ်။ ဒါကြောင့်လဲ ဖူအန်တီလက်ထက်မှာ ယူရိုဖလား၊ နေးရှင်းလိဂ်ဖလားတို့ ဆွတ်ခူးနိုင်ခဲ့တာကို သတိပြုရမှာပါ။

စပိန်အသင်းဟာ ကမ္ဘာ့ဖလား အုပ်စုအဆင့်မှာ ကိတ်ဗာဒီအသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ဥရုဂွေးအသင်းတို့နဲ့ ကစားရတာကြောင့် ပွဲစဉ်ချောင်ခဲ့ပြီး အုပ်စုဗိုလ်နဲ့ နောက် တစ်ဆင့် တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။

၃၂ သင်းအဆင့်မှာလဲ စပိန်နည်းပြဟာ ပွဲထွက်လူစာရင်းပြောင်းလဲမှုမလုပ်တော့ဘဲ ကစားကွက်သာ ပြောင်းလဲကစားခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ ဥရောပပြိုင်ဘက် ဩစတြီးယားအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ အဘက်ဘက်က အသာစီးရယူနိုင်ခဲ့တာကြောင့် ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု ၁၀ ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး သုံးကြိမ် ဂိုးရခဲ့တာဖြစ်ပါတယ်။ ၁၆ သင်းအဆင့်မှာ ပြိုင်ဘက် ပေါ်တူဂီအသင်းကလဲ ထိပ်တန်းအဆင့် ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာကြောင့် စပိန်အသင်းအတွက် အခက်တွေ့ခဲ့ပေမဲ့ ပေါ်တူဂီအသင်းရဲ့ အသင်းလိုက်ကစားအားနဲ့ ခံစစ်ကစားပုံက စပိန်အသင်းလောက် တည်ငြိမ်မှု မရှိတာကိုတွေ့ရမှာပါ။ အဲ့ဒီပွဲစဉ်ဟာ စပိန်အသင်းအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ဂိုးရဖို့ရုန်းကန်ခဲ့ရပေမဲ့ နည်းပြဖူအန်တီရဲ့ နည်းစနစ်ပိုင်းကျွမ်းကျင်မှုနဲ့ အတွေ့အကြုံပိုင်းကောင်းခဲ့တာကြောင့်ပွဲချိန် မိနစ် ၈၀ ကျော်မှာ နောက်ချန်တိုက်စစ်ပိုင်းက အိုမိုကိုမာရင်နိုနဲ့ လူစားလဲခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာ စပိန်အသင်း ဂိုးပေါက်ခြိမ်းခြောက်မှုတွေ ပြန်လည်ပြုလုပ်နိုင်ခဲ့ပြီး နာကျင်အချိန်ပို မိနစ် ၉၀ ကျော်မှာ မာရင်နိုကအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့လို့ စပိန်အသင်း ကွာတာဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာ စပိန်အသင်းဟာ တိုက်စစ်ပိုင်းဂိုးရဖို့ထက် ခံစစ်က ဂိုးမပေးရရေး ဂရုစိုက်ကစားလာတာကြောင့် စပိန်အသင်းခံစစ်က ပြိုင်ပွဲတစ်လျှောက် ပေးဂိုးမရှိခဲ့သလို ဂိုးသမားဆိုင်မွန်ကလဲ အဓိက ကာကွယ်မှုတွေ အကြိမ်ကြိမ်လုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ကွင်းလယ်ပိုင်းက ပက်ထရီ၊ ရိုဒရီ၊ ဖေဘီယန်ရုဇ်တို့ကလဲ ခံစစ်၊ တိုက်စစ်ကို လိုက်ပါကစားနိုင်တာပြီး ပြိုင်ဘက်အသင်းရဲ့ တိုက်စစ်ဆင်မှုတွေကို အကောင်းဆုံးဟန့်တားနိုင်တာကြောင့် ဘယ်လ်ဂျီယံအသင်းလို ကွင်းလယ်နဲ့ခံစစ်ပိုင်းအားနည်းတဲ့ အသင်းအနေနဲ့ စပိန်အသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့ ခက်မှာပါ။

ဘယ်လ်ဂျီယံအသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ဆုဖလားတစ်ကြိမ်မှ ရယူနိုင်ခြင်းမရှိသလို အမြင့်ဆုံးဆီမီးဖိုင်နယ်သာ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၁၈ ခုနှစ်မှာ အကောင်းဆုံး ရွှေရောင်မျိုးဆက်ကို ပိုင်ဆိုင်ခဲ့ပေမဲ့ ဆီမီးဖိုင်နယ်အဆင့်သာ တက်ရောက်နိုင်ခဲ့ပြီး တတိယနေရာနဲ့ ကျေနပ်ခဲ့ရတာကို သတိပြုရမှာပါ။ အဲဒီနောက်ပိုင်း ၂၀၂၂ ကမ္ဘာ့ဖလားမှာတော့ အုပ်စုအဆင့်ကနေ လှည့်ပြန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိပြိုင်ပွဲမှာတော့ ဘယ်လ်ဂျီယံအသင်းရဲ့စုဖွဲ့မှုဟာ ထိပ်တန်းအဆင့် ကစားသမားနည်းပါးလာခဲ့ပေမဲ့ နည်းပြရူဒီဂါစီယာရဲ့ တိုက်စစ်စွမ်းဆောင်ရည်တွေကြောင့် ကွာတားဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့တယ်လို့ ဆိုရမှာပါ။

သူတို့အသင်းဟာ အခုကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မှာ အီဂျစ်အသင်း၊ အီရန်အသင်း၊ နယူးဇီလန်အသင်တို့နဲ့ ကစားရတာကြောင့် ပွဲစဉ်ချောင်ခဲ့ပေမဲ့ အီဂျစ်၊ အီရန်တို့ကို သရေရလဒ်သာ ကစားနိုင်ခဲ့လို့ ပြိုင်ပွဲကလှည့်ပြန်ရမဲ့ အခြေအနေနဲ့ကြုံခဲ့ရတာကို သတိပြုရမှာပါ။ အုပ်စုနောက်ဆုံးပွဲမှာတော့ နယူးဇီလန်နဲ့တွေ့ဆုံခဲ့ပြီး ဒီပွဲစဉ်မှာ သရေရလဒ်ဖြစ်တာနဲ့ အုပ်စုကလှည့်ပြန်ရမှာဖြစ်လို့ နည်းပြအနေနဲ့ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားလာတာကို သတိပြုရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု ၁၀ ထိ လုပ်နိုင်ခဲ့ပြီး ငါးကြိမ်ဂိုးရရှိခဲ့လို့ ငါးဂိုးတစ်ဂိုး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ တိုက်စစ်ပိုင်းက ဒီဘရိုင်း၊ ထရိုဆာ့ဒ်၊ လူကာကူ၊ ဆာလီမေကာတို့က ဂိုးတွေသွင်းယူနိုင်ခဲ့ပြီး ဒီဘရိုင်း၊ ထရို့ဆာ့ဒ်တို့ခြေစွမ်းပြနိုင်ခဲ့တာကို တွေ့ရမှာပါ။

၃၂ သင်းအဆင့် ရှုံးထွက်အဆင့်မှာတော့ အာဖရိကဇုန်က ခြေစွမ်းပိုင်းမာတဲ့ ဆီနီဂေါအသင်းနဲ့ ကစားခဲ့ရတာကြောင့် အကြိတ်အနယ်ရှိခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဆီနီဂေါအသင်းဟာ ပွဲစကတည်းက ဘယ်လ်ဂျီယံခံစစ်ကို ခြိမ်းခြောက်မှုတွေ လုပ်ခဲ့တာကြောင့် ပွဲချိန် ၂၄ မိနစ်နဲ့ ၅၁ မိနစ်မှာ ဦးဆောင်ဂိုးတွေ ပေးလိုက်ရတာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြမူအာနီဟာ ဒုတိယဂိုးပေးပြီးတာနဲ့ တိုက်စစ်ပိုင်း အပြောင်းအလဲလုပ်ခဲ့ပြီး လူကာကူ၊ မူနီယာ၊ လူကီဘာကီယိုတို့လို ကစားသမားတွေ ထည့်သွင်းခဲ့လို့ ပွဲချိန် ၈၆ မိနစ်မှာ လူကာကူ၊ ပွဲချိန် ၈၉မိနစ်မှာ တိုင်လီမန်းတို့က ချေပဂိုးတွေ ဆက်တိုက်သွင်းယူပြီး သရေရလဒ် ရရှိခဲ့တာဖြစ်ပါတယ်။ အချိန်ပိုမှာတော့ ဘယ်လ်ဂျီယံအသင်း တိုက်စစ်ကစားပုံပိုကောင်းလာပြီး ဆက်တိုက်ဖိအားပေးနိုင်တာကြောင့် ပွဲချိန် မိနစ် ၁၂၀ မှာ ပင်နယ်တီရခဲ့ပြီး တိုင်လီမန်းအဆုံးသတ်နိုင်ခဲ့လို့ သုံးဂိုး နှစ်ဂိုးနဲ့ ၁၆ သင်းအဆင့်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ၁၆ သင်းအဆင့်မှာတော့ အိမ်ရှင်အမေရိကန်အသင်းနဲ့ တွေ့ဆုံနေလို့ သူတို့အသင်းရဲ့ခံစစ်ကစားပုံအားနည်းမှုတွေကြောင့် ပြိုင်ပွဲကလှည့်ပြန်ရမယ်လို့ထင်ခဲ့ရပေမဲ့ ပွဲချိန်အတွင်းမှာ ကစားသမားတွေရဲ့ကြိုးစားမှုကအားရစရာဖြစ်ခဲ့ပါတယ်။ သူတို့အသင်းဟာ အဲဒီပွဲစဉ်မှာ ကီတီလာရီရဲ့ ခြေစွမ်းပြမှုကြောင့် ပွဲချိန် ၉ မိနစ် နဲ့ ၃၃ မိနစ်မှာ ဦးဆောင်ဂိုးတွေရခဲ့ပြီး အမေရိကန်အသင်းကို ဖိအားပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ခံစစ်ပိုင်းကလဲ ကစားပုံတိုးတက်လာခဲ့သလို တိုက်စစ်ပိုင်းကလဲ ခံစစ်ပိုင်းထိလိုက်ပါကစားပေးတာကြောင့် အမေရိကန်အသင်း အခက်တွေ့သွားပြီး ဘယ်လ်ဂျီယံက ပွဲချိန် ၅၇မိနစ်၊ ပွဲချိန် မိနစ် ၉၀ တွေမှာ ဦးဆောင်ဂိုးထပ်မံရရှိခဲ့လို့ လေးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်တွေမှာတော့ သူတို့အသင်းရဲ့ တိုက်စစ်ပိုင်းနဲ့ နည်းပြရဲ့ လူစားလဲမှုတွေ မှန်ကန်ခဲ့ပေမဲ့ ခံစစ်ကစားပုံကတော့ လိုအပ်ချက်တွေရှိနေသေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းခံစစ်ပိုင်းမှာ ကမ္ဘာ့ဖလားပွဲစဉ်တစ်လျှောက် ငါးဂိုးထိပေးထားရပြီး နယူးဇီလန်လိုအသင်းကို ဂိုးပေးရတဲ့ အခြေအနေကလဲ အခုပွဲမှာစိုးရိမ်စရာဖြစ်နေပါတယ်။ စပိန်အသင်းကတော့ အခုပြိုင်ပွဲမှာ ခံစစ်၊ တိုက်စစ် ကျစ်လျစ်မှု အရှိဆုံးဖြစ်နေတာကြောင့် ဘယ်လ်ဂျီယံအသင်း တိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင်တော့ ပေးဂိုးများသွားနိုင်ပြီး ရှုံးပွဲကြုံသွားမှာဖြစ်ပါတယ်။ ဒ့ါပြင် တိုက်စစ်ပိုင်းကလဲ ထရိုဆာ့ဒ်၊ ဒီဘရိုင်းတို့လို အသက်အရွယ်ရနေတဲ့ ကစားသမားတွေကို အားကိုးနေရတာဖြစ်လို့ စပိန်အသင်းခံစစ်ပိုင်းကို ကျော်ဖြတ်ဖို့ ရုန်းကန်ရမှာပါ။ စပိန်အသင်းပဲနိုင်ပွဲရဖို့ သေချာနေတယ်လို့ သုံးသပ်မိတာကြောင့် အခုပွဲမှာစပိန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၀ | - | ၀ | ကိတ်ဗာဒီ |
| စပိန် | ၄ | - | ၀ | ဆော်ဒီအာရေဗျ |
| ဥရုဂွေး | ၀ | - | ၁ | စပိန် |
| စပိန် | ၃ | - | ၀ | ဩစတြီးယား |
| ပေါ်တူဂီ | ၀ | - | ၁ | စပိန် |

**ဘယ်လ်ဂျီယံအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | ၁ | - | ၁ | အီဂျစ် |
| ဘယ်လ်ဂျီယံ | ၀ | - | ၀ | အီရန် |
| နယူးဇီလန် | ၂ | - | ၅ | ဘယ်လ်ဂျီယံ |
| ဘယ်လ်ဂျီယံ | ၃ | - | ၂ | ဆီနီဂေါ |
| အမေရိကန် | ၁ | - | ၄ | ဘယ်လ်ဂျီယံ |

# လူဦးရေအချက်အလက်များကိုအခြေခံလို့ ဖွံ့ဖြိုးတိုးတက်သောမြန်မာ့အနာဂတ်ကို တည်ဆောက်စို့

ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလာလျက်ရှိသည်။ ထိုသို့ နှစ်စဉ် လူဦးရေတိုးပွားလာခြင်း၏ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၁၉၈၉ ခုနှစ်က ကျင်းပခဲ့သော လူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံက လူဦးရေဆိုင်ရာကိစ္စရပ်များ၏အရေးကြီးမှုနှင့် အရေးပါမှုတို့အပေါ် ကမ္ဘာသူ၊ ကမ္ဘာသားများက ပိုမိုအာရုံစိုက်လာစေရန် ရည်ရွယ်၍ ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ် ကမ္ဘာတစ်ဝန်း၌ ကျင်းပလျက်ရှိသည်။

ကမ္ဘာ့လူဦးရေနေ့ကို လူဦးရေဆိုင်ရာပြဿနာများ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုအကြောင်းတို့ကို လူထုအသိပညာတိုးမြှင့်စေရန် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ လူဦးရေသည် နိုင်ငံတစ်နိုင်ငံ၏ အရေးအပါဆုံးအရင်းအမြစ်ဖြစ်သည်။ နိုင်ငံတွင်းနေ လူဦးရေအရေအတွက်၊ လူသားများ၏ အသက်အရွယ်အပိုင်းအခြား၊ အမျိုးသားနှင့်အမျိုးသမီးအချိုးအစား၊ မြို့ပြနှင့် ကျေးလက်နေထိုင်မှုအခြေအနေ၊ ပညာရေးအဆင့်အတန်း၊ အလုပ်အကိုင်အခြေအနေနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို မှန်ကန်စွာသိရှိထားခြင်းသည် နိုင်ငံ့အနာဂတ်ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်။

လူဦးရေအချက်အလက်ဆိုသည်မှာ ကိန်းဂဏန်းများမဟုတ်ဘဲ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ပေးနိုင်သည့် အရေးပါသောအချက်အလက်များသာဖြစ်သည်။ နိုင်ငံတိုင်း၏ အစိုးရများအနေဖြင့် စာသင်ကျောင်းများတည်ဆောက်ခြင်း၊ ဆေးရုံ၊ ကျန်းမာရေးဌာနများတိုးချဲ့ဖွင့်လှစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့တွင် လူဦးရေအချက်အလက်များကိုအခြေခံ၍ စီမံကိန်းများချမှတ်ဆောင်ရွက်ရသည်။ မှန်ကန်သောလူဦးရေအချက်အလက်များရရှိမှသာ လိုအပ်သောနေရာများသို့ အရင်းအမြစ်များကို ထိထိရောက်ရောက် ခွဲဝေသုံးစွဲနိုင်မည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် ၂၀၀၀ ပြည့်နှစ်တွင် သန်း ၆၀၀၀ ကျော်ရှိခဲ့ရာမှ လက်ရှိတွင် သန်း ၈၂၀၀ ကျော်လာပြီဖြစ်သည်။ ထိုနှုန်းအတိုင်း လူဦးရေဆက်လက်တိုးနေမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်တွင် သန်း ၈၆၀၀၊ ၂၀၅၀ ပြည့်နှစ်တွင် သန်း ၉၈၀၀ နှင့် ၂၁၀၀ ပြည့်နှစ်တွင် သန်း ၁၁၂၀၀ ထိ တိုးလာနိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာအချိုးအစားပမာဏပြောင်းလဲမှုများသည် ထိုနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများအပေါ် အကျိုးသက်ရောက်လျက်ရှိသည်။ လူဦးရေအဆမတန်တိုးပွားလာမှုသည် လူသားတိုင်း၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးအခက်အခဲအကျပ်အတည်းများကို ပေါ်ပေါက်စေသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုပြဿနာများကိုလည်း ရင်ဆိုင်ရစေနိုင်သည်။ သို့သော် လူဦးရေတိုးပွားလာမှုက လုပ်သားအင်အားကို ကြီးထွားအောင် ဖော်ထုတ်ပေးနိုင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေသဖြင့် လူဦးရေတိုးပွားလာခြင်းသည် ကောင်းကျိုးနှင့်ဆိုးကျိုးကို ဒွန်တွဲဖြစ်ပေါ်စေသည်။

ယနေ့ခေတ်တွင် လူဦးရေဆိုင်ရာအချက်အလက်များသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပိုမိုအရေးပါလာသည်။ ဒစ်ဂျစ်တယ်နည်းပညာ၊ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်များနှင့် စာရင်းအင်းဆိုင်ရာနည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် လူဦးရေ၏လိုအပ်ချက်များကို ပိုမိုတိကျစွာ သုံးသပ်ဆန်းစစ်နိုင်လာပြီဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် အထောက်အကူဖြစ်စေမည့် မူဝါဒများကို ပိုမိုထိရောက်စွာရေးဆွဲလာနိုင်မည်ဖြစ်သည်။



မြန်မာနိုင်ငံ၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ နိုင်ငံ၏ လူဦးရေသည် ၅၁ ဒသမ ၃၁ သန်းကျော်ရှိသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေမှာ ၅၁ ဒသမ ၄၉ သန်းရှိသဖြင့် ဆယ်စုနှစ်တစ်စုကြာမြင့်ခဲ့ပြီးနောက် နိုင်ငံ့လူဦးရေသည်တိုးလာရမည့်အစား အနည်းငယ်မျှလျော့ကျသွားခဲ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ မွေးဖွားနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှုမြင့်မားလာခြင်းနှင့် မိသားစုပုံစံများပြောင်းလဲလာခြင်းတို့ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများထက် လူဦးရေသိပ်သည်းမှု သိသိသာသာနည်းပါးနေသေးသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံငါးနိုင်ငံရှိသည်။ ၎င်းတို့မှာ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအိုတို့ဖြစ်သည်။ ၂၀၂၄ ခုနှစ်စာရင်းအရ အိန္ဒိယ၏လူဦးရေမှာ ၁၄၅၁ သန်း၊ တရုတ်၏လူဦးရေမှာ ၁၄၀၉ သန်း၊ ဘင်္ဂလားဒေ့ရှ်၏လူဦးရေမှာ ၁၇၃ ဒသမ ၆ သန်း၊ ထိုင်း၏ လူဦးရေမှာ ၇၁ ဒသမ ၆၇ သန်းရှိသည်။ လာအိုတစ်နိုင်ငံတည်းသာ လူဦးရေ ၇ ဒသမ ၇၇ သန်းရှိပြီး မြန်မာနိုင်ငံလူဦးရေထက် နည်းသည့်နိုင်ငံဖြစ်သည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှာမူ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံကြီးများဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ထိုသို့ ဆယ်စုနှစ်များအတွင်း လူဦးရေအနည်းငယ်လျော့ကျလာမှုသည် စိန်ခေါ်မှုတစ်ခုဖြစ်သကဲ့သို့ အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။ လက်ရှိကမ္ဘာ့နိုင်ငံများတွင် လူဦးရေဆုလာဘ်ရရှိနေသည့်နိုင်ငံများရှိသကဲ့သို့ လူဦးရေတိုးပွားမှုနည်းလွန်းသဖြင့် သက်ကြီးလူဦးရေများပြားလာပြီး လုပ်သားအင်အားရှားပါးလာမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးနှင့်အခြားအထောက်အပံ့များပိုမိုခွဲဝေသုံးစွဲရမှု စသည့် ပြဿနာများကို ရင်ဆိုင်နေရသည့် နိုင်ငံများလည်းရှိသည်။

အလားတူ မြန်မာနိုင်ငံမှ လူငယ်များကြား၌ ပြည်ပရွှေ့ပြောင်းသွားလာမှုများ မြင့်မားနေသော်လည်း တစ်ချိန်က ကလေးမွေးဖွားနှုန်းမြင့်မားခဲ့သည့် အကျိုးဆက်ကြောင့် အလုပ်လုပ်နိုင်သောလူငယ်လူရွယ်ဦးရေသည် လက်ရှိတွင် များပြားနေဆဲဖြစ်သည်။ တစ်နည်းအားဖြင့် လူဦးရေဆုလာဘ် (Demographic Bonus) ရရှိနေဆဲကာလဖြစ်သည်။ ထိုသို့ နိုင်ငံ့လူဦးရေတွင် အားသာချက်ဖြစ်သော အလုပ်လုပ်နိုင်စွမ်းရှိသည့် လူငယ်လူရွယ်တို့၏ လူဦးရေအချိုးအစားများပြားမှုကို အသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာအသုံးပြုကြရမည်ဖြစ်သည်။

နိုင်ငံ့လူဦးရေသည် တိုးပွားလွန်းခြင်းသည်လည်း မကောင်းသကဲ့သို့ လျော့နည်းလွန်းခြင်းသည်လည်း မကောင်းပေ။ ထို့ကြောင့် အချို့နိုင်ငံများသည် နိုင်ငံ၏အခြေအနေနှင့်လိုက်လျောညီထွေရှိမည့် လူဦးရေဆိုင်ရာမူဝါဒများ ချမှတ်ကျင့်သုံးလျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာစာရင်းအင်းအချက်အလက်ပြည့်စုံမှုသည် ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေသည်။ မြန်မာနိုင်ငံသည်လည်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် လူဦးရေအချက်အလက်များကို မှန်ကန်စွာကောက်ယူစုဆောင်းခြင်း၊ စနစ်တကျထိန်းသိမ်းအသုံးချခြင်းနှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ထိရောက်စွာအသုံးပြုနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အချက်အလက်မှန်များအပေါ်အခြေခံသော စီမံကိန်းများသည် ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ပြီး နိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အရှိန်အဟုန်ဖြင့်တိုးတက်စေမည်ဖြစ်သည်။

ထို့ပြင် လူဦးရေအချက်အလက်များသည် လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သက်ကြီးရွယ်အိုများ၏ လူမှုဖူလုံရေးနှင့် ကလေးသူငယ်များ၏ ပညာရေးအခွင့်အလမ်းများ စသည်တို့ကို စီမံဆောင်ရွက်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့မှသာ မည်သည့်ဒေသတွင် မည်သည့်ဝန်ဆောင်မှုလိုအပ်နေသည်ကို ထိုအချက်အလက်များက ဖော်ပြပေးနိုင်သဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မျှတစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် လူဦးရေဆိုင်ရာအချက်အလက်များကို နောက်ဆုံးအခြေအနေ ပြင်ဆင်မွမ်းမံရန် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည်လည်း အလွန်အရေးကြီးသည်။ သန်းခေါင်စာရင်းကောက်ယူမှု၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းမှတ်ပုံတင်ခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အခြားလူဦးရေဆိုင်ရာမှတ်တမ်းများကို မှန်ကန်စွာဖြည့်စွက်ပေးခြင်းသည် တိကျမှန်ကန်သောလူဦးရေဆိုင်ရာအချက်အလက်များရရှိစေရန်အထောက်အကူဖြစ်စေသည်။ အချက်အလက်မှန်ကန်လေလေ ဖွံ့ဖြိုးရေးစီမံကိန်းများလည်း ပိုမိုထိရောက်လေလေ ဖြစ်လာမည်ဖြစ်သည်။

ယခုလာမည့် ကမ္ဘာ့လူဦးရေနေ့သည် လူဦးရေဆိုင်ရာအချက်အလက်များ၏ တန်ဖိုးနှင့် အရေးပါမှုကို လူတိုင်းနားလည်သဘောပေါက်ကာ မှန်ကန်သောအချက်အလက်များပံ့ပိုးပေးရေး၊ စာရင်းအင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးနှင့် အချက်အလက်အခြေပြုဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွအားပေးဆောင်ရွက်ကြမည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသောနိုင်ငံ့အနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ "လူဦးရေအချက်အလက်များကိုအခြေခံလို့ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့"ဟူသော ဆောင်ပုဒ်အတိုင်း မှန်ကန်တိကျသောလူဦးရေအချက်အလက်များကို အခြေခံ၍ ရေးဆွဲအကောင်အထည်ဖော်သည့် မူဝါဒများနှင့် ဖွံ့ဖြိုးရေးအစီအစဉ်၊ စီမံကိန်းများသည် ပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ပေးနိုင်သကဲ့သို့ နိုင်ငံတော်၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားဖြည့်ပေးနိုင်မည်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**


- **The Global Population Data by UN World Population Prospects.**


**မေဇင်ထွန်း**


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်၌ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဗုဒ္ဓပူဇနိယပွဲတော်များနှင့် သီလခံယူပွဲများ ကျင်းပမည်ဖြစ်



ယခင်နှစ်က ရွှေတိဂုံစေတီတော်၌ ကျင်းပခဲ့သည့် ဗုဒ္ဓပူဇနိယပွဲတော်ကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိရွှေတိဂုံစေတီတော်၌ ဝါတွင်းကာလ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဗုဒ္ဓပူဇနိယပွဲတော်များနှင့် သီလခံယူပွဲများ ကျင်းပမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ဝါတွင်းကာလ ဝါဆိုလပြည့်နေ့မှစတင်ကာ သီတင်းကျွတ်လပြည့်နေ့ထိ ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ၊ မေတ္တာအခါတော်နေ့နှင့် ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲ၊ ဂရုဓမ္မအခါတော်နေ့၊ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဝါတွင်းသုံးလကာလအတွင်းမှာ နှစ်စဉ်ကျင်းပနေကြဖြစ်တဲ့ အခါတော်နေ့အခမ်းအနားတွေနဲ့ ဗုဒ္ဓပူဇနိယပွဲတော်တွေကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာပဲဖြစ်ပါတယ်။ လာမဲ့ ဝါဆိုလပြည့်နေ့ (ဇူလိုင် ၂၉ ရက်) မှာ ဓမ္မစကြာအခါတော်နေ့နဲ့ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၂၈ ရက် )မှာ မေတ္တာအခါတော်နေ့နဲ့ ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲ၊ တော်သလင်းလပြည့်နေ့ (စက်တင်ဘာ ၁၇ ရက်)မှာ ဂရုဓမ္မအခါတော်နေ့၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့(အောက်တိုဘာ ၂၅ ရက်) မှာ သီတင်းကျွတ်မီးထွန်းပွဲတော်နဲ့ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၆ ရက်) မှာ အဘိဓမ္မာ အခါတော်နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

ထို့ပြင် ရွှေတိဂုံစေတီတော်တွင် ဝါဆိုလပြည့်နေ့မှစတင်ကာ သီတင်းကျွတ်လပြည့်နေ့ထိ လပြည့်၊ လကွယ်နှင့် ကြားရက် ဥပုသ်နေ့များတွင်လည်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများမှ ဘုရားဖူးလာပြည်သူများကို သီလပေးတရားများ ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Gatekeeper ဇာတ်ကားကို ဒါရိုက်တာ မက်သရူးမိုက်ကယ်ကာနာဟန် ရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၉**

Amazon MGM စတူဒီယို၏ The Gatekeeper ဇာတ်ကားကို ဒါရိုက်တာ မက်သရူးမိုက်ကယ်ကာနာဟန် ရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။


The Gatekeeper ဇာတ်ကားသည် စာရေးဆရာ ဂျိမ်းဘန်၏ Deadlock အမည်ရှိ ဝတ္ထုကိုအခြေခံ ရိုက်ကူးမည့် အက်ရှင်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် သတင်းထောက်တစ်ဦး၏ ဘဝကိုမြှုပ်နှံထားသည့် ထောက်လှမ်းရေးသမားဟောင်းတစ်ဦး၏ စွန့်စားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မက်သရူးမိုက်ကယ်ကာနာဟန်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘရိုင်ယန်ဟယ်ဂျီလန်းက တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

ဒါရိုက်တာ မက်သရူးမိုက်ကယ်ကာနာဟန်သည် Mosul(2019) ဇာတ်ကားကိုရိုက်ကူးပေးထားသူဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Gatekeeper ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# တေးသံရှင် နေမင်းအိမ်၊ ဇာနည်အောင်၊ ဖေဒါသွေး၊ လှိုင်းလေးတို့၏ WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၉**

တေးသံရှင် နေမင်းအိမ်၊ ဇာနည်အောင်၊ ဖေဒါသွေး၊ လှိုင်းလေးတို့၏ WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ WINNING STARS NIGHT Special Live Music အစီအစဉ် တေးဂီတဖျော်ဖြေပွဲစီစဉ်သူ တေးရေး မြင့်မိုးအောင်ထံမှ သိရသည်။

တေးရေး မြင့်မိုးအောင် စီစဉ်သည့် WINNING STARS NIGHT Special Live Music အစီအစဉ် တေးဂီတဖျော်ဖြေပွဲသည် ပြိုင်ပွဲအသီးသီးမှ ပြိုင်ပွဲဝင်ဆန်ကာတင် တေးသံရှင်များကို စိစစ်ရွေးချယ်ကာ အပတ်စဉ်အလှည့်ကျ Live Performance များဖြင့် THOR Bar တွင် ဖျော်ဖြေတင်ဆက်နေ




သည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

"ဒီဖျော်ဖြေပွဲမှာ နိုင်ငံကျော် အဆိုတော်ကြီးတွေကလဲ Special Guest အဖြစ် အပတ်စဉ်တိုင်း ဖျော်ဖြေသွားမဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ သီဆိုမဲ့တေးသံရှင်တွေကိုလဲ အဆိုပြိုင်ပွဲအသီးသီးမှ ပြိုင်ပွဲဝင်ဆန်ကာတင် တေးသံရှင်တွေကို စိစစ်ရွေးချယ်ကာ ဖျော်ဖြေမဲ့အစီအစဉ်ဖြစ်ပါတယ်"ဟု တေးရေး မြင့်မိုးအောင်က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲ၌ တေးသံရှင် နေမင်းအိမ်၊ ဇာနည်အောင်၊ ဖေဒါသွေး၊ လှိုင်းလေးတို့၏ တေးဂီတဖျော်ဖြေမှုများကို Daily Gita Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# Little Five ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ရိန်းစပင်ဆာ၊ ဟာရီရာနာဂရင်းဘလပ်တို့ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၉**

Somewhere Picture ရုပ်ရှင်ကုမ္ပဏီ၏ Little Five အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ရိန်းစပင်ဆာ၊ ဟာရီရာနာဂရင်းဘလပ်တို့ ပါဝင်မည်ဖြစ်ကြောင်း ဇူလိုင် ၈ ရက် သတင်းများအရ သိရသည်။

Little Five ဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ်ကာလ အင်ဒီယာနာ တက္ကသိုလ်ကို နောက်ခံထား ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားသည် Little 500 အမည်ရှိ စက်ဘီးစီးပြိုင်ပွဲနှင့် အမျိုးသမီးငယ်လေးဦးတို့၏ ရုန်းကန်ကြိုးပမ်းမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Little Five ဇာတ်ကားကို ဒါရိုက်တာ အိုင်ယန်ဆမ်မြူရယ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျီလီယံဝီလျံနှင့် ပေါ်ဆိုးဘာ့တို့က ရေးသားပေးထားသည်။

Little Five ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် ကျန်သရုပ်ဆောင်များနှင့် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်၊ ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏သားသမီးများကို ပံ့ပိုးရန်အတွက် သရုပ်ဆောင် နော်ဖောအယ်ထားက ငွေကျပ် သိန်း ၃၀ လာရောက်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏သားသမီးများ ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပံ့ပိုးရန်အတွက် သရုပ်ဆောင် နော်ဖောအယ်ထားက ငွေကျပ် သိန်း ၃၀ ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဇူလိုင် ၈ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများ ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပံ့ပိုးလှူဒါန်းပွဲကို ဇူလိုင်လ တတိယပတ်အတွင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများ ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပံ့ပိုးလှူဒါန်းပွဲအတွက် ရုပ်ရှင်အနုပညာရှင်တွေနဲ့ ရုပ်ရှင်ထုတ်လုပ်ရေးတွေက လာရောက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၃၀ ရက်က သရုပ်ဆောင် နော်ဖောအယ်ထားက အလှူငွေကျပ်သိန်း ၃၀ ကို လာရောက်လှူဒါန်းသွားပါတယ်"ဟု ဦးကြည်စိုးထွန်းက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများဖြစ်ကြသည့် ဒါရိုက်တာအလွှာ၊ တည်းဖြတ်မှတ်တမ်းအလွှာ၊ ဗီဒီယိုအလွှာ၊ အဓိကသရုပ်ဆောင်အလွှာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာ၊ ပြဇာတ်နှင့်တေးဂီတအလွှာ၊ ဇာတ်ပို့၊ ဇာတ်ရံအလွှာ၊ အုပ်ချုပ်၊ ဖြန့်ချိအလွှာ၊ စက်မှုအလွှာတို့မှ စုစုပေါင်းသားသမီးဦးရေ ၁၃၀ တို့ကို ငွေသား၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ ထီးနှင့်အသင့်စားခေါက်ဆွဲခြောက်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# Coordination meeting on India-Myanmar-Thailand (IMT) Trilateral Highway project and Kaladan Multi-Modal Transit Transport Project held, with an address by President of the Republic of the Union of Myanmar U Min Aung Hlaing

## Sector-wise efforts should be made to fully complete the strategically important highways with neighbours during the term of the current administration



**President U Min Aung Hlaing addresses the coordination meeting on India-Myanmar-Thailand (IMT) Trilateral Highway project and Kaladan Multi-Modal Transit Transport Project.**

**Nay Pyi Taw July 9**

A coordination meeting on India-Myanmar-Thailand (IMT) Trilateral Highway project and Kaladan Multi-Modal Transit Transport Project took place in the meeting hall of the Presidential Office, Nay Pyi Taw, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present were Vice President U Nyo Saw, union ministers, U Khin Maung Yi, U Mya Tun Oo, U Tin Maung Swe, U Aung Kyaw Hoe and U Myo Thant, Chief of General Staff (Army, Navy and Air) General Ko Ko Oo and officials.

The President delivered the keynote address. He said Myanmar has five neighbouring countries and has land routes and maritime routes with them. **Those land and maritime routes are very helpful for cross-border travel and trade with them.** If border trade routes with neighbours can be implemented systematically, national economic and socioeconomic development drives will gain extra momentum. **The current administration is prioritizing the task of upgrading the existing transport route projects linking neighboring countries.** The previous successive governments of the past had implemented the projects, but for certain reasons there were delays. So, collective efforts should be made to complete the projects at the earliest possible date during the term of the current administration.

The Kaladan project was officially kick started in 2008. The project was initiated under the own program of Myanmar. The Myawady route project was initiated under the State's program as well as the Asian Development Bank's program. Those routes need interconnections among them. Strict traffic enforcement on the India-Myanmar-Thailand (IMT) Trilateral Highway is required because drivers from neighboring countries use different driving systems. The project is being implemented with the financial support from the Union Funds and the funds jointly provided by the ADB and the Japan International Cooperation (JICA). **As the two projects are so much beneficial to the country, they must be implemented as soon as possible.**

If the Monywa-Yargyi-Kalay-Tamu Road that links India can facilitate interconnections between Myanmar and the six northeastern states of India, the former will achieve many investment opportunities. The Chinese provinces of Yunnan and Sichuan share a land border with Myanmar. These provinces have much larger populations and stronger economies than Myanmar. So, Myanmar can gain a lot of benefits if it can set up trade relations with them. Myanmar and Thailand have bilateral trade relations since the past. Shan State (East) shares a land border with China, Laos and Thailand. So, it will gain rapid progress through bilateral border trade with them.

**There are many trade routes with important neighbouring countries for Myanmar and it is necessary to implement them urgently.** In doing so, construction, security and legal control measures must be carried out. To carry out construction tasks, it is important to reach agreements with countries and organizations. In connection with security tasks, the situation has improved to some extent and when the situation improves, construction tasks must be implemented simultaneously. Border trade is conducted government to government and there is no need for any mediatory organization. Measures must be taken not only for border trade but also for development of friendship and mutual exchange between the religiously and culturally similar ethnic groups. **Good mutual exchanges between peoples in border areas will contribute a lot to security and stability of border areas of the two countries.** As strategic projects being carried out in connection with neighbouring countries are tasks not only for development but also for bilateral relations, it is essential to implement them systematically.

Then, Union Minister for National Planning, Investment and Foreign Economic Relations U Aung Kyaw Hoe reported to the President on implementation of the India-Myanmar-Thailand Trilateral-IMT Highway Project and the Kaladan Multi-modal Transit Transport Project, which were highlighted in the joint statement during the President's formal visit to India, underlining that enhanced connectivity would foster mutually beneficial economic linkages and shared prosperity in the region and both sides shared the importance of working closely towards the completion of the Kaladan Multi-Modal Transit Transport projects and the India-Myanmar-Thailand trilateral highway, salient points and the background history of the projects, the Greater Mekong Sub-region (GMS) transport corridors and the role of them in economic corridors, designation of project routes, road sections under the projects and budget allocation for respective fiscal years, measures taken for successful implementation of the projects and construction of Paletwa-Zorampur two-lane road.

Union Minister for Transport and for Digital Development and Communications U Mya Tun Oo reported to the President on the background history and objectives of the Kaladan Multi-Modal Transit Transport Project, signing agreements and implementation of tasks included in the project under the agreements, signing MoUs and selection of port operators, the opening ceremony of Sittway Kaladan port and designation of the international pier and domestic pier, docking of ships and handling of cargo at the port, benefits on completion of the project, provisions of the framework agreement for transportation of passengers and cargo by vehicle between India, Myanmar and Thailand and benefits on completion of the trilateral highway.

Union Minister for Foreign Affairs U Tin Maung Swe reported to the President on implementation and delays of project works in the Kaladan Multi-Modal Transit Transport Project and the India-Myanmar-Thailand Trilateral Highway projects, the overlap of works along the trilateral highway project and Tamu-Mandalay-Bago-Myawady road along Asian Highway-AH1 and salient points about Road and Belt projects and inclusion of the projects in economic corridors.

Union Minister for Construction U Myo Thant clarified the historical background of the implementation of the two-lane Paletwa-Zorampur road construction project, which is part of the Kaladan River Multi-Modal Transit Transport Project; the construction works of the Kalewa-Yagyi road under the India-Myanmar-Thailand Trilateral Highway Project; the construction of 69 bridges on the Tamu-Kyigone-Kalewa road section; and the construction status of Phase (1) of the Integrated Check Post (ICP) at Tamu border, including the historical background and current suspension of works. He also presented information regarding the road sections included in the Trilateral Highway Project, the current conditions of road sections and bridges on those sections, and information concerning road sections related to the China-Myanmar Economic Corridor (CMEC), which is part of the Regional and Belt and Road Initiative.

Afterward, Vice President U Nyo Saw and meeting attendees discussed general matters concerning the conditions for continuing implementation of project works.

Following the presentations, the President made necessary supplementary remarks and directives.

*See Page 13*

# Vice President Daw Nan Ni Ni Aye addresses National Tourism Development Central Committee meeting (1/2026)



Vice President and Chairperson of National Tourism Development Central Committee Daw Nan Ni Ni Aye delivers speech at the central committee (1/2026) meeting.

**Nay Pyi Taw July 9**

The first meeting of the National Tourism Development Central Committee (1/2026) was held this morning at the Jade Hall of the Ministry of Hotels, Tourism and Culture in Nay Pyi Taw, chaired by Vice President Daw Nan Ni Ni Aye, who also serves as Chairperson of the committee.

The meeting was attended by Union Ministers, Deputy Ministers, the Chair of the Nay Pyi Taw Council, departmental heads, tourism experts, representatives of private tourism organizations, and officials, while Chief Ministers and officials from regions and states joined via videoconference.

In her opening remarks, Vice President Daw Nan Ni Ni Aye said the meeting aimed to review the implementation of decisions made at the previous (1/2025) meeting and discuss strategies to effectively revitalize Myanmar's tourism industry during the current administration.

She noted that Myanmar's strategic geographical location, rich cultural heritage, natural landscapes, historical sites, beaches, coastal areas, and the diverse traditions of its ethnic communities provide significant potential for tourism development. She emphasized the need for regional and state governments, tourism stakeholders, and relevant organizations to formulate practical development plans based on the unique tourism assets of their respective areas.

The Vice President also highlighted the vital role of Destination Management Organizations (DMOs) in ensuring the sustainable development of tourist destinations. She called for the establishment of strong DMOs at key destinations and the implementation of effective destination management practices. In addition, she stressed the importance of improving air connectivity by expanding flight services to tourism destinations and upgrading airport infrastructure through cooperation between the government and the private sector.

She also stressed the need to make travel to Myanmar more convenient for international visitors by easing visa procedures where appropriate, improving travel safety and security, facilitating travel insurance, and streamlining payment systems. She said these measures should be implemented in accordance with existing laws, regulations, and guidelines, emphasizing that the objective is not to bypass legal procedures but to coordinate and provide practical assistance within the established legal framework.

The Vice President urged regional and state governments to systematically identify and develop tourism products based on the unique attractions of their respective destinations. These include cultural heritage sites, year-round festivals, traditional ethnic New Year celebrations and cultural events, as well as other attractions of interest to tourists. She also called for efforts to improve tourism infrastructure, strengthen marketing and promotion, establish effective management mechanisms to enhance service standards at tourist destinations, and identify and prioritize key tourism destinations for development.

She further encouraged private tourism operators to undertake well-planned and effective marketing initiatives to make Myanmar a competitive tourism destination within the region. In doing so, she said all stakeholders—including relevant Union ministries, regional governments, and tourism businesses—must work together to help the international community gain a more accurate understanding of the actual situation in Myanmar. She concluded by urging participants to openly exchange views and offer constructive recommendations to accelerate the revival and development of the country's tourism industry.

Following this, Union Minister for Social Welfare, Relief and Resettlement Dr. Soe Win, speaking on behalf of the Vice Chairperson of the National Tourism Development Central Committee, presented an overview of the current state of Myanmar's tourism sector, ongoing tourism development efforts, and key priorities and challenges that need to be addressed to support the industry's future growth.

Afterwards, U Phyo Zaw Soe, Secretary of the National Tourism Development Central Committee and Deputy Minister for Hotels, Tourism and Culture, briefed the meeting on the implementation of decisions made at the Central Committee's (1/2025) meeting, the progress of ongoing activities, and matters submitted to the committee for consideration.

Participants continued discussions and presentations on tourism development initiatives within their respective sectors. Vice President Daw Nan Ni Ni Aye, Chairperson of the National Tourism Development Central Committee, provided additional guidance and coordinated on the issues raised where necessary before delivering the closing remarks and concluding the meeting.

MNA

*From Page 12*

In his concluding speech, he stated that opening border gates and facilitating legal trade would greatly benefit national development; that after security-related matters for respective project routes are addressed, construction works should be undertaken simultaneously.

He emphasized that in implementing major projects for national economic development, assessments should be made based on four perspectives: political, administrative, defense, and economic. He noted that the benefits and drawbacks of projects must be understood. He stressed that strategic highway projects implemented for national development must be utilized while preventing illegal trade, requiring necessary supervisory oversight. He added that roads along the routes must be maintained in good condition and conform to prescribed road standards through continuous maintenance, ensuring compliance with set standards. Proper drainage systems must be systematically constructed along roads to ensure good water flow, and tree planting along routes to maintain greenery is mandatory. **If road construction works are completed within the stipulated timeframe, trade and goods flow would increase, improving the socio-economic living standards of the State and citizens. Therefore, he urged that project works be prioritized for earliest successful completion.**

**Regarding border gates, border management must be primarily undertaken and supervised by the respective governments of the two countries, with no organization or other country allowed to interfere.** In opening border gates, staff housing, communication systems, water, electricity, and security must be systematically considered and provided.

He further stated that **the India-Myanmar-Thailand Trilateral Highway Project and the Kaladan River Multi-Modal Transit Transport Project discussed today are now resuming operations and need continued collaborative efforts for accelerated progress and completion.** The Bago-Hpa-an-Kawkareik-Myawaddy Thailand border expressway also needs to be managed for safe and smooth travel.

He noted that **the construction of strategic highways related to the China-Myanmar Economic Corridor (CMEC), part of the Regional and Belt and Road Initiative, is currently suspended and must be resumed as soon as possible. He emphasized that strategic highway construction projects involving neighbouring countries must be fully completed within the government's tenure, urging relevant sectors to successfully implement them.** With these remarks, he concluded and adjourned the meeting. MNA

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Country-Specific Reporting and Resolution fail to reflect the Myanmar’s actual situation on the ground

At the 62nd Regular Session of the United Nations Human Rights Council which was held in Geneva, Switzerland, from 15 June to 8 July 2026, discussions on Myanmar were organized in contrary to the principles of constructive dialogue and cooperation. During the session, the United Nations High Commissioner for Human Rights presented a report on Myanmar on 29 June 2026 and the draft resolution on Myanmar tabled by the Organisation of Islamic Cooperation (OIC) was adopted on 6 July 2026 in the absence of the country-concerned.

It is observed that the High Commissioner's report is a largely repetitive version of the reports and facts from the so-called Special Rapporteur submitted to previous sessions of the Human Rights Council. It is disappointing to note that the report contains highly extreme views and unsubstantiated allegations, thereby failing to reflect the actual situation on the ground in Myanmar.

The failure of the successive resolutions including the recent one tabled by OIC to address the root causes of the displacement in northern Rakhine State in 2016 and 2017 demonstrates a lack of genuine and meaningful intent to cooperate in resolving the issue of displaced persons. The allegations contained in the resolution, including unsubstantiated claims against state security forces and hate speech, are completely detached from the realities on the ground.

Myanmar reiterates its genuine political will to receive the verified displaced persons in accordance with the bilateral agreements once security and stability are restored in northern Rakhine State. With a steadfast commitment to receiving verified returnees, Myanmar has been verifying the lists of individuals provided by Bangladesh and sending the verified lists back to Bangladesh on a monthly basis. In fact, the current delay in the repatriation process is solely due to the attacks perpetrated by the AA terrorist group.

Following the successful holding of free and fair multi-party democratic general election in Myanmar, the Hluttaws and an elected Government have emerged in accordance with the will of the people. Furthermore, the President marked the period from 20 April to 31 July 2026 as the Union Government’s 100-Day plan implementation period. This plan includes peace talks with Ethnic Armed Organizations (EAOs), inviting both signatories and non-signatories of the Nationwide Ceasefire Agreement (NCA). Moreover, the invitation has been extended to PDF members to return to the legal fold. As a result of these continuous inviations, a total number of more than 4,000 pesonnels, including PDF members and those from certain EAOs, has successfully returned to the legal fold to date.

The Government will resolutely continue its efforts and endeavours towards national stability and development through the Myanmar-led and Myanmar-owned process. While these endeavors are underway, Myanmar consistently opposes country-specific discussions and resolutions at the Human Rights Council sessions that do not contribute to constructive dialogue and cooperation.

Therefore, Myanmar categorically rejects the resolution submitted by the OIC. The Government of Myanmar expresses its appreciation to friendly nations that maintained a balanced and fair stance during the discussions.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**9 July 2026**

# Egypt says 1st nuclear power plant on track for 2028 grid connection

**Cairo July 9**

Egyptian Prime Minister Mostafa Madbouly said on Thursday that construction of the country's first nuclear power plant is advancing steadily, with the first reactor expected to be connected to the national power grid in 2028.

Madbouly made the remarks during a meeting with Alexey Likhachev, director general of Russia's state nuclear corporation Rosatom, on the sidelines of a ceremony marking the installation of the reactor pressure vessel for the plant's second unit, according to a government statement.

The prime minister described the El Dabaa Nuclear Power Plant as a long-awaited national project made possible through cooperation between Egypt and Russia, and reaffirmed the government's commitment to completing it according to the agreed timetable.

Madbouly said the nuclear plant is part of Egypt's broader strategy to diversify its energy sources and increase the share of clean energy in the country's energy mix to meet growing electricity demand.

Likhachev thanked the Egyptian government for its continued support and reviewed the project's progress.

He said the first of the plant's four reactors is scheduled to be connected to the grid in 2028, with the remaining three units expected to come online by 2030.

Located in the Mediterranean coastal city of El Dabaa in Matrouh Province, about 300 km northwest of Cairo, the plant will comprise four reactor units, each with a generating capacity of 1,200 megawatts. The project is being implemented under contracts signed between Egypt and Russia that entered into force in December 2017.

Xinhua

# Oman against mandatory transit fees in Strait of Hormuz, backs voluntary arrangements

**London July 9**

Oman does not support imposing transit fees on vessels passing through the Strait of Hormuz, but is open to exploring voluntary arrangements related to navigational support services, an Omani representative said here on Thursday.

Speaking during the 137th session of the International Maritime Organization (IMO) Council, the representative reaffirmed Oman's commitment to the principle of transit passage under international law.

The remarks came after U.S. media, citing sources close to the issue, reported that Oman had recently submitted a proposal to the United States and other Western countries. Under the proposal, shipping companies would voluntarily pay service fees for using the Strait of Hormuz, rather than being subject to mandatory transit tolls.

The proposal was reportedly modeled in part on voluntary contribution arrangements used in the Straits of Malacca and Singapore.

The Omani representative added that Oman would continue to work closely with the IMO, its member states and other partners to preserve safe and open sea lanes, protect life at sea, and strengthen the resilience and sustainability of global maritime supply chains and international trade.

The 137th session of the IMO Council is being held in London from July 6 to 10.

Xinhua

# Over 6,000 acres of rainfed paddy cultivated in Naga Self-Administered Zone

**Naga July 9**

Sagaing Region Agriculture Department stated that local farmers planted more than 6,000 acres of rainfed paddy in Naga Self-Administered Zone in Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, the Naga Self-Administered Zone has planned to cultivate 25,417 acres of rainfed paddy. Cultivation began in May this year, and it has been reported that 6,346 acres have been planted to date.

“This year, during the monsoon crop cultivation season, the Naga Self-Administered Zone has planned to cultivate more than 25,000 acres of monsoon paddy. As of today, more than 6,000 acres have already been cultivated. The cultivation area of monsoon paddy may exceed the planned acreage. We are providing the necessary cultivation techniques and seeds for monsoon paddy farming. We are also conducting field activities to help farmers complete paddy cultivation on time,” said Daw San San Myint, Deputy Head of the Sagaing Region Agriculture Department.

This year, the completion of monsoon paddy cultivation by township in the Naga Self-Administered Zone is as follows: 650 acres in Leshi Township, 153 acres in Somra Township, 1,600 acres in Lahe Township, 310 acres in Thangpakhwe, 1,214 acres in Nanyun Township, 1,392 acres in Donhee, and 1,027 acres in Pansawng, totalling 6,346 acres.

For the 2026-2027 monsoon crop cultivation season, the township-wise planned acreage for monsoon paddy cultivation in the Naga Self-Administered Zone is as follows: 3,340 acres in Leshi Township, 2,028 acres in Somra Township, 5,885 acres in Lahe Township, 1,516 acres in Thangpakhwe, 2,557 acres in Nanyun Township, 4,909 acres in Donhee Township, and 5,182 acres in Pansawng Township, totalling 25,417 acres.

During this year’s monsoon crop cultivation season, the relevant Township Agriculture Departments and local farmers are cooperating to ensure that monsoon paddy is cultivated systematically without difficulties.

In the Naga Self-Administered Zone, farmers growing monsoon paddy are being provided with agricultural technical assistance, awareness on pest prevention, guidance to prevent crop damage and losses, and reminders to ensure that harvested paddy is transported under shelter in a timely manner.

To ensure that the monsoon paddy fields cultivated in the Naga Self-Administered Zone this year grow successfully and achieve good yields, officials from the relevant Township Agriculture Departments are conducting field-based technical assistance, including guidance on selecting and cultivating quality and pure seeds, monitoring pest infestations, weeding, removing off-type plants, and applying fertilizers systematically.

206

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၄၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြင်းမူ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၄၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် နှမ်းဧက ၁၉၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်းဧက ၁၉၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး၊ ဓာတ်မြေဩဇာစနစ် တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပြေမပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးပြေမပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးပြေမပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသက ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန် တော်တော်များများ ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာများပါတယ်။ အခြားရေထွက်ကုန်တွေလည်း တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရတာပေါ့"ဟု မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။



မအူပင်မြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမနှစ်မျိုး စလုံးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမပိဿာချိန် ၁၀ လျှင် ငွေကျပ် ၂၅၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးကောင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာ၌ VDPစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မိုးကောင်း ဇူလိုင် ၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက အင်ကြင်းကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနဲ့အညီ ရွေးချယ်ဖွဲ့စည်းခဲ့သည်။

အဆိုပါ အင်ကြင်းကုန်းကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**သနပ်ပင် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကလိုင်ကျေးရွာအုပ်စု ကလိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကလိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည် တည်တံ့ခိုင်မြဲစေရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် အလေးထား ဆောင်ရွက်ကြစေ လိုကြောင်း ဆွေးနွေးပြောကြားသည်။

ကလိုင်ကျေးရွာ၌ အရှည် ၈၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၇၆ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပါက ကလိုင်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ပြီး ကျန်းမာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း အကျိုးပြုသွားမည်ဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**


တိုဗက်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။









**ရှေ့ဖုံးမှအဆက်**

ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးမျိုးသန့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်း ငါးနိုင်ငံရှိပြီး ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်း၊ ရေလမ်းဆက်သွယ်မှု လမ်းကြောင်းများရှိကြောင်း၊ အဆိုပါ**အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှုလမ်းကြောင်းများသည် နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာအထောက်အကူပြု**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေးပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**ကြောင်း၊ အဆိုပါစီမံကိန်းများသည် ယခင်အစိုးရများ အဆက်ဆက်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူသည့်ကာလတွင် အမြန်ဆုံးပြီးပြတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း။

ကုလားတန်စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် တရားဝင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် မိမိတို့နိုင်ငံ၏အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြဝတီလမ်းကြောင်းသည်လည်း နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည်များလည်းရှိကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိရန်လိုအပ်ကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးအနေဖြင့်လည်း မိမိတို့နိုင်ငံအလိုက် ယာဉ်မောင်းနှင်သည့် စနစ်များတူညီမှုမရှိသဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် ပတ်သက်၍ စနစ်တကျဆောင်ရွက်နိုင်ရန် လိုကြောင်း၊ အဆိုပါ သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့်ပတ်သက်၍ ပြည်ထောင်စုရန်ပုံငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့နှင့် ပူးပေါင်း ဆောင်ရွက်သည်များလည်းရှိကြောင်း၊ **ယခုစီမံကိန်းများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။**

ဥပမာအားဖြင့် အိန္ဒိယနိုင်ငံနှင့်ဆက်သွယ်အသုံးပြုလျက်ရှိသည့် မုံရွာ-ယာကြီး-ကလေး-တမူးလမ်းကြောင်းသည် မိမိတို့နိုင်ငံနှင့် အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်နယ် ခြောက်ပြည်နယ်တို့နှင့် ကူးလူးဆက်ဆံမှုများရရှိပါက မိမိတို့အတွက် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးအခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် စီချွမ်ပြည်နယ်တို့သည်လည်း မိမိတို့နိုင်ငံထက်လူဦးရေနှင့် စီးပွားရေးအခွင့်အလမ်းများ များစွာရှိသည့် ပြည်နယ်များဖြစ်သဖြင့် ကုန်သွယ်မှုပြုလုပ်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့်လည်း ယခင်ကတည်းက အပြန်အလှန်ကုန်သွယ်မှုများပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဆက်စပ်လျက်ရှိသည့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်အပြန်အလှန်ကုန်သွယ်မှုများပြုလုပ်နိုင်မည်ဆိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆောက်ရေးပိုင်း၊ လုံခြုံရေးပိုင်း၊ ဥပဒေအရထိန်းချုပ်ရေးပိုင်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအလိုက် သဘောတူညီချက်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သဘောတူညီချက်များကို ပြီးပြတ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အထိုက်အလျောက်တိုးတက်ကောင်းမွန်လာပြီဖြစ်ပြီး လုံခြုံရေးပိုင်းဆိုင်ရာများ ကောင်းမွန်လာပြီဆိုပါက တည်ဆောက်ရေးပိုင်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် နှစ်နိုင်ငံအစိုးရအချင်းချင်းဆောင်ရွက်ရခြင်းဖြစ်ပြီး မည်သည့်ကြားခံအဖွဲ့အစည်းမှမလိုအပ်ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုများသာမက နှစ်နိုင်ငံနယ်စပ်ဒေသတွင်နေထိုင်ကြသည့် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တူညီကြသည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ကူးလူး ဆက်ဆံမှုများကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ **ထိုသို့နယ်စပ်ဒေသနေပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများကောင်းမွန်ခြင်းသည် နှစ်နိုင်ငံလုံခြုံရေးနှင့်နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့ကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာမြောက် ယခုစီမံကိန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နှစ်နိုင်ငံဆက်ဆံရေးကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် လုပ်ငန်းများဖြစ်သဖြင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းများမှာ ယခုအခါ လုပ်ငန်းများပြန်လည်စတင်ဆောင်ရွက်လျက်ရှိပြီး ယခုထက်ပိုမိုအရှိန်အဟုန်ဖြင့် တိုးတက်ပြီးစီးစေရေး ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လို၊ ရပ်ဝန်းနှင့် ပိုးလမ်းမကြီးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(China Myanmar Economic Corridor-CMEC)နှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာအရေးပါသည့် အဝေးပြေးလမ်းမကြီးများဖောက်လုပ်ရေးလုပ်ငန်းများသည်လည်း ရပ်တန့်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည်စတင်နိုင်ရေးဆောင်ရွက်သွားကြရမည်ဖြစ် . . .**

ထို့နောက် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း (India-Myanmar-Thailand Trilateral-IMT Highway Project)၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် "ဒေသတွင်း၌ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံစည်ပင်ထွန်းကားလာစေရေးနှင့်စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းတို့ကို အပြီးသတ်နိုင်ရေး"ဟူသည့်အချက်ပါရှိခဲ့မှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် နောက်ခံသမိုင်းကြောင်းဆိုင်ရာများ၊ မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ပို့ဆောင်ရေးစင်္ကြံများနှင့် စီမံကိန်းအနေဖြင့် စီးပွားရေးစင်္ကြံများတွင် ပါဝင်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာလမ်းကြောင်းသတ်မှတ်ချက်များ၊ စီမံကိန်းတွင်ပါဝင်သည့် လမ်းပိုင်းများနှင့် လမ်းပိုင်းများအလိုက် ဘဏ္ဍာငွေရရှိမှုအခြေအနေများ၊ စီမံကိန်းဖြစ်မြောက်စေရေးအတွက် ဆောင်ရွက်ခဲ့သည့်အခြေအနေများနှင့် ပလက်ဝ-ဇိုရမ်ပူရ်နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ နောက်ခံသမိုင်းကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ သဘောတူစာချုပ်များချုပ်ဆိုခဲ့မှုနှင့် သဘောတူစာချုပ်များအရ စီမံကိန်းတွင်ပါဝင်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နားလည်မှုစာချွန်လွှာများ ရေးထိုးခြင်းနှင့် Port Operator များ ရွေးချယ်ခန့်ထားခြင်းများဆောင်ရွက်ခဲ့မှု၊ စစ်တွေ ကုလားတန်ဆိပ်ကမ်းတံတား ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့မှုနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတံတားနှင့် ပြည်တွင်းဆိပ်ကမ်းအဖြစ် သတ်မှတ်ခဲ့မှု၊ စစ်တွေ ကုလားတန် ဆိပ်ကမ်းတံတားတွင် ရေယာဉ်များဆိုက်ကပ်ခြင်းနှင့် ကုန်စည်များကိုင်တွယ်နိုင်မှုအခြေအနေများ၊ စီမံကိန်းပြီးစီးပါကရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြားနှင့် နိုင်ငံအချင်းချင်း ခရီးသည်နှင့်ကုန်စည်များ မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာမှုစည်းကမ်းဆိုင်ရာမူဘောင်သဘောတူစာချုပ်ဆိုင်ရာအချက်အလက်များ၊ အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံ အဝေးပြေးလမ်းမစီမံကိန်း ပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမစီမံကိန်းတို့တွင် ပါဝင်သည့်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းလုပ်ငန်းများ ရပ်တန့်လျက်ရှိမှု၊ သုံးနိုင်ငံအဝေးပြေးလမ်းမစီမံကိန်းအနေဖြင့် အာရှလမ်းမကြီး၏ လမ်းပိုင်းဖြစ်သည့် တမူး-မန္တလေး-ပဲခူး-မြဝတီလမ်း (Asian Highway – AH 1) နှင့် ထပ်တူဖြစ်လျက်ရှိမှုအခြေအနေများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာများနှင့် စီးပွားရေးစင်္ကြံများ ပါဝင်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းဆိုင်ရာများ၊

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တောင်သူလယ်သမားရေးရာကော်မတီကို တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-6)ရှိ တောင်သူလယ်သမားရေးရာ ကော်မတီဝင်များကို သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်က ကော်မတီ၏လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်၏နေ့စဉ်လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးနေပါကြောင်း၊ မိမိတို့၏ လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း လွှတ်တော်ကို ဂုဏ်သိက္ခာမြင့်မားသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်တစ်ဦးချင်း၏စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏ အခန်းကဏ္ဍမြင့်မားလာမည်ဖြစ်၍ ကိုယ်စားလှယ်များ၏ အရည်အချင်းမြှင့်တင်နိုင်ရေးအတွက် ဥပဒေဆိုင်ရာသင်တန်းများ၊ ဆွေးနွေးဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နောင်တွင်လည်း ကိုယ်စားလှယ်များအတွက် အထောက်အကူဖြစ်စေမည့်သင်တန်းများ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏အခန်းကဏ္ဍမြင့်မားတိုးတက်ရေးကိုကော်မတီက ထူးခြားသည့်ခြေလှမ်းများဖြင့် အားဖြည့်ဆောင်ရွက်သွားစေလိုပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများအပေါ် လေ့လာသုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ရမည့်ကိစ္စရပ်များကို ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းအပြင် လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် သုံးသပ်ပြီး အသစ်ပြဋ္ဌာန်းပေးရန်လိုအပ်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမား အကျိုးစီးပွားနှင့် ပတ်သက်၍လည်း လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်လုံလောက်မှု မရှိပါက လိုအပ်သည့်ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူကိုကိုယ်စားပြုသူများဖြစ်သဖြင့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အသံများကို အကောင်အထည်ဖော် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ခြင်း၊ လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ဆောင်ရွက်ပေးရပါကြောင်း၊ တောင်သူလယ်သမားများသည် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် ရှိသည့်အပြင် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံလည်းဖြစ်၍ တောင်သူလယ်သမားရေးရာ ကော်မတီသည် အရေးကြီးသည့်ကော်မတီတစ်ရပ်ဖြစ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍လည်း လက်ရှိအခြေအနေများနှင့်ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ကော်မတီအနေဖြင့် ယနေ့တောင်သူလယ်သမားများအမှန်တကယ်ကြုံတွေ့နေရသည့်သွင်းအားစုဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးချေးငွေများ အချိန်မီရရှိရေးဆိုင်ရာကိစ္စရပ်များ၊ ထိုက်သင့်သည့်စပါးဈေးနှုန်းရရှိရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်လေ့လာပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့်လည်း တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် "လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှထွက်ရှိသော ထွက်ကုန်သီးနှံဈေးနှုန်းထိန်းညှိရေးကော်မရှင်" တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ပေးရန်အဆိုကို တင်သွင်းပြီးအတည်ပြုပေးခဲ့ပါကြောင်း၊ တောင်သူလယ်သမားများ ရင်ဆိုင်နေရသည့် လယ်ယာမြေပြဿနာများ၊ လယ်ယာလုပ်သား ရှားပါးမှုပြဿနာများ၊ ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ကြွေးမြီသံသရာဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး အသေးစိတ်လေ့လာသုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ အရေးအတွက် နိုင်ငံတော်အစိုးရကလည်း အထူးအလေးထားဆောင်ရွက်နေသည်ဖြစ်၍ မိမိတို့က ပူးပေါင်းကူညီဆောင်ရွက်သွားရန် လိုပါကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့်ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းစဉ်များကို စိစစ်သုံးသပ်၍ အရွေ့တစ်ခုသို့ရောက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ တောင်သူလယ်သမားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံခြင်း၊ အခြားသောအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း၊ NGO၊ INGO များနှင့် တွေ့ဆုံခြင်းတို့မှ ရရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ လွှတ်တော်တွင် လယ်သမားများအကျိုးရှေးရှုသည့်မေးခွန်းများ၊ အဆိုများတင်သွင်းဆောင်ရွက်နိုင်သည်ထိ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မတီအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်ရေးဥပဒေများ စိစစ်ရာတွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ အပြည့်အဝ ခံစားရရှိစေရန်အတွက် သွင်းအားစုများ ဈေးနှုန်းချိုသာစွာရရှိရေး၊ သီးနှံဈေးနှုန်းတည်ငြိမ်ရေး၊ သီးနှံသိုလှောင်ရေးစနစ်နှင့် ဈေးကွက်ရရှိရေး၊ လယ်ယာနည်းပညာသင်တန်းများနှင့် ရာသီဥတုအလိုက် စိုက်ပျိုးရေးအကြံပြုဝန်ဆောင်မှုပေးခြင်းစသည့်ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိစေရေး လေ့လာဆန်းစစ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ လိုအပ်ပါက Contract Farming Law ၊ Crop Insurance Law ၊ Agricultural Extended Service Law ၊ Agricultural Marketing Law များနှင့် ပတ်သက်၍ ဥပဒေတစ်ခုချင်းစီကိုသော်လည်းကောင်း၊ အားလုံးကိုလွှမ်းခြုံနိုင်သော တောင်သူလယ်သမား အကျိုးစီးပွားကို ကာကွယ်နိုင်မည့် ဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေးကိုလည်းကောင်း ကြိုးစားဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်အတွက် အရေးပါသည့် တောင်သူလယ်သမားများ အားကိုးအားထားပြုရသော လွှတ်တော်တစ်ရပ်ဖြစ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ကော်မတီအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်း၏ ကလေးဝ-ယာကြီး လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ တမူး-ကျီကုန်း-ကလေးဝ လမ်းပိုင်းပေါ်ရှိ တံတား ၆၉ စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့်တမူး နယ်စပ်၌ အဆင့်မီဘက်ပေါင်းစုံစစ်ဆေးရေးဂိတ်(ICP) အဆင့်(၁)တည်ဆောက်ခြင်း လုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုသမိုင်းကြောင်းဆိုင်ရာများနှင့် လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်လျက်ရှိမှုအခြေအနေများ၊ သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းတွင်ပါရှိသည့် လမ်းပိုင်းများ၏ အချက်အလက်များနှင့် လက်ရှိလမ်းပိုင်းများနှင့် လမ်းပိုင်းများပေါ်ရှိတံတားများ၏ အခြေအနေများ၊ရပ်ဝန်းနှင့်ပိုးလမ်းမကြီးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(China Myanmar Economic Corridor-CMEC)နှင့် ဆက်စပ်လျက်ရှိသည့် လမ်းပိုင်းများဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောနှင့် အစည်းအဝေးတက်ရောက်လာကြသူများက စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နယ်စပ်ဂိတ်များဖွင့်လှစ်၍ တရားဝင်ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ စီမံကိန်းလမ်းကြောင်းများအလိုက် လုံခြုံရေးပိုင်းအရဆောင်ရွက်ပြီးချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဝင်ရောက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးများ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည့်အမြင် လေးမြင်တို့ဖြင့် သုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းများ၏အကျိုး၊ အပြစ်များကိုလည်း သိရှိနားလည်နိုင်ရန်လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မဟာဗျူဟာမြောက်စီမံကိန်းလမ်းမကြီးများကို အသုံးချ၍ တရားမဝင်ကုန်သွယ်မှုများ မဖြစ်စေရေးအတွက်လည်း လိုအပ်သည့်ထိန်းသိမ်းကြပ်မတ်မှုများရှိနေရန် လိုကြောင်း၊ လမ်းကြောင်းတစ်လျှောက် လမ်းများကောင်းမွန်စေရေးနှင့် သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက်လည်း စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်းဖြစ်ရန်လိုပြီး လမ်းတစ်လျှောက်၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများစနစ်တကျ ဖောက်လုပ်ထားရှိရန်နှင့် လမ်းကြောင်းတစ်လျှောက် စိမ်းလန်းစိုပြည်စေရေး သစ်ပင်စိုက်ပျိုးခြင်းကိုလည်းမဖြစ်မနေဆောင်ရွက်သွားကြရန် လိုကြောင်း၊ **လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအောင်မြင် ပြီးစီးစေရေးအလေးထား၍ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။**

နယ်စပ်ဂိတ်များနှင့်ပတ်သက်၍ နယ်စပ်**ဆိုင်ရာစီမံခန့်ခွဲရေးသည် သက်ဆိုင်ရာနှစ်နိုင်ငံအစိုးရများကသာ အဓိကတာဝန်ယူကြပ်မတ်ကွပ်ကဲစီမံ ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မည်သည့်အဖွဲ့အစည်း၊မည်သည့်အခြားနိုင်ငံကမျှ ဝင်ရောက်စွက်ဖက်၍မရ**ကြောင်း၊ နယ်စပ်ဂိတ်များ ဖွင့်လှစ်ရာတွင် ဝန်ထမ်းအိမ်ရာနှင့် ဆက်သွယ်ရေးစနစ်များ၊ ရေ၊ မီးနှင့် လုံခြုံရေးစသည်တို့ကိုလည်း စနစ်တကျ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ယနေ့ဆွေးနွေးမှုများတွင် ပါဝင်သည့် **အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းများမှာ ယခုအခါ လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်လျက်ရှိပြီး ယခုထက်ပိုမိုအရှိန်အဟုန်ဖြင့် တိုးတက်ပြီးစီးစေရေး ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လို**ကြောင်း၊ ပဲခူး၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ ထိုင်းနယ်စပ် အမြန်လမ်းမကြီးကိုလည်း လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး စီမံသွားရန်လိုကြောင်း။

**ရပ်ဝန်းနှင့် ပိုးလမ်းမကြီးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(China Myanmar Economic Corridor-CMEC) နှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများသည်လည်း ရပ်တန့်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည်စတင်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ **အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီးများတွင် ပါဝင်သည့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများကို မိမိတို့အစိုးရတာဝန်ယူထားရသည့် ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိစေရေးသက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း** ပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

# အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၃ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၇၅ ရာခိုင်နှုန်း ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့ထားသော အွန်လိုင်းလိမ်လည်မှုဆိုင်ရာ တိုက်ဖျက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့၍ ပြည်သူ့လွှတ်တော်တွင် ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အပေါ်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို ဆွေးနွေးပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေကြမ်းအဖြစ် ဆက်လက်ဆွေးနွေး ဆုံးဖြတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် **အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဘားအံ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးက** အာဆီယံအနေဖြင့် အာဆီယံထုတ်ပြန်ချက် ငါးရပ် ဖော်ပြချက်များနှင့်ဆက်စပ်၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေမှုများသည် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းပြည့်ဝနေသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်ကို ချိုးဖောက်နေသကဲ့သို့ အာဆီယံအဖွဲ့ကြီး၏ပဋိညာဉ်ပါ အခြေခံမူများ၊ ရည်ရွယ်ချက်များကို ချိုးဖောက်၊ ကျော်လွန်လုပ်ဆောင်နေပါကြောင်း၊ အခြေခံမူဆိုသည်မှာ အဖွဲ့အစည်းတစ်ခု၏ အသက်သွေးကြောပင်ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင်ချမှတ်ထားသည့် ထိုအခြေခံမူများကို မိမိတို့ကိုယ်တိုင် ပြန်လည်ချိုးဖောက်နေသည်ကို အာဆီယံတာဝန်ရှိသူများအားလုံးက သတိပြုကြရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှု အခြေအနေများကို အာဆီယံနိုင်ငံများ၊ အာဆီယံခေါင်းဆောင်များ ပိုမိုသိရှိနားလည်သဘောပေါက်နိုင်စေရန်အတွက် အထူးအလေးထား၍ ထိမိသေချာစွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံနိုင်ငံအချို့အနေဖြင့် မြန်မာနိုင်ငံကို ခွဲခြားဆက်ဆံမှု ဆက်လက်လုပ်ဆောင်နေပါက မြန်မာတို့၏အမျိုးသားရေးဂုဏ်သိက္ခာအရ အာဆီယံအဖွဲ့မှ နုတ်ထွက်ရန် လိုအပ်ခြင်းရှိ၊ မရှိ ထည့်သွင်းစဉ်းစားကြရန်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ပြည်မဲဆန္ဒနယ်မှ ဦးမျိုး ခေါ် ဦးမျိုးအောင်က** အာဆီယံ၏ပဋိညာဉ်ပါ အခြေခံမူများသည် အာဆီယံကို နှစ်ပေါင်းများစွာ စည်းလုံးညီညွတ်စွာ ရပ်တည်စေခဲ့သည့် အခြေခံအုတ်မြစ်များဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတိုင်း တန်းတူရည်တူရပ်တည်နိုင်ရေး အာမခံပေးထားသောမူများလည်း ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် အခြေခံမူများကိုဖောက်ဖျက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဖိအားပေးခြင်းနှင့် တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ တန်းတူရည်တူအခွင့်အရေးများ ရရှိသင့်သည့်အပြင် အာဆီယံအဖွဲ့အစည်းအတွင်း မိမိတို့၏ အသံကိုလည်း အပြည့်အဝဖော်ထုတ်ခွင့် ရရှိသင့်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်၊ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွင်း မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းသည် မည်သည့်အစိုးရမဆို အလေးထားဆောင်ရွက်ရမည့် တာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံပဋိညာဉ်ကို ကိုယ်တိုင်ချိုးဖောက်နေသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ၏ ကူညီစောင့်ရှောက်မှုအပေါ်တွင် များစွာအသိအမှတ်ပြုပါကြောင်း၊ သို့သော် အာဆီယံ၏ရပ်တည်ချက်များသည် ယုံကြည်မှုကိုဆက်လက်ထိန်းသိမ်းရန် ခက်ခဲလာသည်ဟု တင်ပြလိုပါကြောင်း၊ အာဆီယံ၏မူဝါဒကို အာဆီယံကိုယ်တိုင် မထိန်းသိမ်းနိုင်ခြင်းသည် ကြီးမားသော ယုံကြည်မှု ဆုံးရှုံးရခြင်းဖြစ်ပါကြောင်း၊ ယုံကြည်မှုဆုံးရှုံးရသည့် အဖွဲ့အစည်းသည် ကြီးမားသောအဖွဲ့အစည်းဖြစ်ပါစေ မိမိ၏ ဩဇာကို ရေရှည်ထိန်းသိမ်းနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်သင့်၊ မသင့်အထိ အလေးအနက်စဉ်းစားရမည့်အချိန်ကို ရောက်နေပြီဖြစ်ပါကြောင်း၊ သံတမန်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ မိမိနိုင်ငံနှင့်ကိုက်ညီသော မြန်မာနိုင်ငံဦးဆောင်သော မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့်သာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး အကျိုးစီးပွားများကို ဆက်လက်ကာကွယ်စောင့်ရှောက်ရန်သာဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေးက** အာဆီယံသည် မိမိတို့မြန်မာနိုင်ငံ၏ဖြစ်ရပ်မှန်များကို အခြေခံကျကျ မသိဘဲ သွေးထိုးလှုံ့ဆော်မှုသတင်းစကားများကို ကြားသိနားယောင်၍ လက်ရှိအခြေအနေနှင့် သွေဖည်ဆန့်ကျင်သည့် အာဆီယံပဋိညာဉ်စာချုပ်ကို ဖောက်ဖျက်ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အာဆီယံအဖွဲ့၏ မူလရည်ရွယ်ချက်သည် အလွန်ကောင်းပါကြောင်း၊ ဒေသတွင်းနိုင်ငံများအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ စသည့် ကောင်းမွန်သည့် အချက်များကို ထိန်းသိမ်းဖော်ဆောင်ခဲ့သည့်အတွက် ကမ္ဘာကစောင့်ကြည့်ရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးမငြိမ်သက်မှုကြောင့် အစဉ်အလာကောင်းခဲ့သည့် အာဆီယံသည် ပဋိညာဉ်ပါအချက်များကို မျက်ကွယ်ပြုခဲ့ပါကြောင်း။

ထို့ကြောင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံနိုင်ငံအားလုံး၏ သဘောထားမဟုတ်ဘဲ နိုင်ငံတချို့၏ သဘောထားဟု မှတ်ယူ၍ရပါကြောင်း၊ ယခုအချိန်တွင် အစိုးရသစ်၊ လွှတ်တော်အသစ်ပေါ်ပေါက်ပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံကောင်းကျိုးများကို ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အာဆီယံကို ဖြစ်ရပ်မှန်များဖြေရှင်းဆွေးနွေးခြင်းနှင့် မိတ်ဝတ်မပျက်ဆက်ဆံရန်အတွက် တိကျပြတ်သားသည့်အစီအမံများနှင့် ထုတ်ပြန်အသိပေးသင့်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်အချက်များကိုသုံးသပ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်**က အာဆီယံသည် မြန်မာနိုင်ငံ၏ ရေရှည်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားပါက အပြန်အလှန်လေးစားမှု၊ အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုနှင့် အာဆီယံ၏သဘောတူညီထားသော မူဘောင်များအပေါ်တွင်သာအခြေခံ၍ ပြုမူဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သဘောထားများကို ထုတ်ဖော်ပြောဆိုရာတွင် အခြေအနေအရပ်ရပ်ကို မျှမျှတတသုံးသပ်ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အချုပ်အခြာအာဏာနှင့်ဂုဏ်သိက္ခာကို အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံ၏ သဘောထားတည်ငြိမ်မှုများကို အဖွဲ့ဝင်နိုင်ငံအားလုံးက မျှမျှတတနှင့် ဘက်မလိုက်ဘဲ အကောင်အထည်ဖော်နိုင်မှသာ ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲလိုလားသောနိုင်ငံဖြစ်သကဲ့သို့ အခြားအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလည်း လေးစားပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနှင့် ဆက်ဆံရာတွင် ဆွေးနွေးညှိနှိုင်းရေးကို အလေးထား၍ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံအခြေခံမူများနှင့် ကွဲလွဲနေပါသဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူလူထု၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ သံတမန်ရေးနည်းလမ်းများဖြင့် လိုအပ်သလို ဆောင်ရွက်နိုင်ရန် ထောက်ခံဆွေးနွေးသည်။

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေက** အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် သဘောတူစာချုပ် (Treaty) မဟုတ်ဘဲ နိုင်ငံရေးအရေးအရာတွင်လည်း (Political Understanding/ Commitment) သာဖြစ်ပြီး မည်သည့်နိုင်ငံကမှ အတည်ပြုချက် (Ratification) မလုပ်ခဲ့သကဲ့သို့ နိုင်ငံရေးအရ တိုက်တွန်းချက် (Hortatory Language) မျှသာဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို မလိုက်နာပါက အစည်းအဝေးမတက်ရဆိုသည့် ကန့်သတ်ချက် လုံးဝပါဝင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ပဋိညာဉ်တွင် မပါဝင်သည့်အချက်ကို

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

ဖိလစ်ပိုင်အနေဖြင့် ဖန်တီးထည့်သွင်း၍ မရသည်ကို ထောက်ပြလိုပါကြောင်း။

နိုင်ငံအချင်းချင်း ဆက်ဆံရေးမရှိပါက မိတ်ဖက်ယန္တရားလဟာပြင် (Counterpart Vacuum)ဖြစ်ပေါ်ပြီး နယ်စပ်ဖြတ်ကျော် မှုခင်းများ၊ သဘာဝဘေးပူးပေါင်းတုံ့ပြန်ရေး များ၊ လူသားချင်းစာနာမှုဆောင်ရွက်ရေး များကို အဟန့်အတားဖြစ်စေပါကြောင်း၊ ကာလရှည်ကြာ ဖယ်ကြဉ်ထားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသည် ပြင်ပ အင်အားကြီးနိုင်ငံများက မြန်မာ့အရေးကို ဖိတ်ခေါ်ပြီး ဒေသတွင်းကို အာဏာလွှမ်းမိုး မှုပြုလုပ်နိုင်သည်ကို သတိပြုသင့်ပါ ကြောင်း၊ ကမ္ဘာကြီး Multipolarity စနစ် ကို ကူးပြောင်းနေချိန်တွင် ဘက်စုံဖွံ့ဖြိုးမှု အလားအလာကောင်းနေသည့် အာဆီယံ အဖွဲ့သည် ပို၍စည်းလုံးရမည်ဖြစ်သော် လည်း အခြေခံမူကို မျက်ကွယ်ပြုပြီး ကန့်သတ်ချုပ်ချယ်မှုများ ဆောင်ရွက်နေ သည်ကို စိတ်မကောင်းစွာတွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားသိက္ခာ(National Point of Honour) ဖြစ်ပြီး မြန်မာနိုင်ငံ အနေဖြင့် မှန်ကန်စွာရပ်တည်ခဲ့သည့် အတွက် နုတ်ထွက်စရာမလိုဘဲ အစည်း အဝေးပြီးမှ Statement ထုတ်သည့် အတွက် ဖိလစ်ပိုင်နိုင်ငံကသာ ပဋိညာဉ်ကို ချိုးဖောက်သောကြောင့် ၎င်းသာ အာဆီယံ က နုတ်ထွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ဆွေက ယခုအဆိုသည် အာဆီယံကို စိန်ခေါ်ခြင်းမဟုတ်ဘဲ အာဆီယံပဋိညာဉ် (ASEAN Charter)၊ နိုင်ငံတကာစာချုပ် ဥပဒေနှင့် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ တို့အပေါ်အခြေခံ၍ မိမိတို့၏ တရားဝင် ရပ်တည်ခွင့်ကို ပြန်လည်အသက်သွင်း ရန် တောင်းဆိုခြင်းသာဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို ၂၀၂၁ ခုနှစ် ဧပြီလတွင် ချမှတ်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က မြန်မာနိုင်ငံသည် နိုင်ငံရေး အကျပ်အတည်းကို ရင်ဆိုင်နေရဆဲကာလ ဖြစ်ပါကြောင်း၊ ယင်းသဘောတူညီချက် သည် အကျပ်အတည်းကို ဖြေရှင်းရန် ရည်ရွယ်သော ယာယီမူဘောင်တစ်ရပ်သာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၁ ခုနှစ် အကျပ်အတည်းကာလအတွက် ရည်ရွယ် ချက်ဖြင့် ရေးဆွဲခဲ့သောမူဘောင်ကို ယနေ့ အချိန်တွင် ဆက်လက်စည်းနှောင်ရန် ဥပဒေရေးရာအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ် စေ လုံလောက်သောအကြောင်းပြချက် မရှိတော့ပါကြောင်း၊ အဆိုပါမူဘောင်ကို လက်ရှိမြေပြင်အခြေအနေနှင့် ကိုက်ညီ အောင် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြုပြင်ထားသော မူဘောင်တစ်ရပ်ဖြင့် အစားထိုးခြင်းသည် ယခုအခါ တရားဝင်တောင်းဆိုခွင့်ရှိသော အချက်ဖြစ်လာပါကြောင်း။**

**ဤအဆိုသည် အာဆီယံနှင့် ထိပ်တိုက် ရင်ဆိုင်ရန် သို့မဟုတ် အာဆီယံမှ ခွဲထွက် ရန် ရည်ရွယ်ခြင်းမဟုတ်ပါကြောင်း၊ မြန်မာ နိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးတွင် မိတ်ဝတ်မပျက်၊ သံတမန်ကျင့်ဝတ်ကို လေးစားလိုက်နာပါကြောင်း၊ အာဆီယံ မိသားစုအတွင်း မိမိတို့၏ရပ်တည်မှုကို ယခု အချိန်တွင် ပြန်လည်သတ်မှတ်ရမည့်အချိန် ကျရောက်လာပြီဖြစ်ပါကြောင်း၊ အာဆီယံ သဘောတူညီချက် ငါးရပ်သည် မြန်မာနိုင်ငံ ကို အကန့်အသတ်မဲ့ချုပ်နှောင်ရန် ရည်ရွယ် သည့် ကိရိယာမဟုတ်ဘဲ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် အထောက် အကူပြုရန် ရည်ရွယ်ထားခြင်းဖြစ်ပါ ကြောင်း၊ ယခုအခါ ငြိမ်းချမ်းရေးအတွက် သင့်လျော်သောလမ်းကြောင်းသစ်ကို မိမိတို့ ကိုယ်တိုင် ဖန်တီးဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် အရေးကြီးသော အဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးကြစေလိုကြောင်း ထောက်ခံ ဆွေးနွေးသည်။**

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးအောင်သီဟက** အာဆီယံအနေဖြင့် အချုပ်အခြာအာဏာပိုင် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ထုတ်ပြန် ချက်တစ်ရပ်အပေါ်အခြေခံ၍ ဝင်ရောက် စွက်ဖက်ခြင်း၊ လိုက်နာစေရန် နိုင်ငံရေးအရ ဖိအားပေးခြင်းတို့သည် အာဆီယံ၏ အခြေခံမူများနှင့် ကိုက်ညီမှုရှိ၊ မရှိပြန်လည် သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ထုတ်ပြန် ချက်နှင့် အာဆီယံအခြေခံမူများအကြား ကွဲလွဲမှုရှိသည်ဟု ယူဆပါက အာဆီယံ၏ အငြင်းပွားမှုဖြေရှင်းရေး လုပ်ထုံးလုပ်နည်း များ (ASEAN Dispute Settlement Mechanisms) အတိုင်း ဆွေးနွေးညှိနှိုင်း၍ ဖြေရှင်းသင့်ပါကြောင်း။

အာဆီယံအနေဖြင့် ဖိအားပေးမှုထက် အပြန်အလှန်လေးစားမှု၊ တန်းတူရည်တူ ဆက်ဆံမှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်း၊ အာဆီယံအနေဖြင့် ဖိအားပေးသည့် ရပ်တည်ချက်များကိုသာ ဆက်လက်ကိုင်စွဲ နေပါက မြန်မာနိုင်ငံ၏ ပကတိအရှိတရား များနှင့် ကင်းကွာသွားနိုင်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်း ပူးပေါင်း ဆောင်ရွက်ရေးနှင့် အာဆီယံအဖွဲ့အတွင်း ယုံကြည်မှုတို့ကိုပါ ထိခိုက်စေနိုင်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် မြန်မာ နိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေ၊ လုံခြုံရေးအခြေအနေ၊ တည်ဆဲဥပဒေများ နှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ကိုက်ညီမှုရှိ၊ မရှိကို ပြန်လည်သုံးသပ်ရန် အချိန်အခါသင့်ပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် အတွင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး ထောက်ခံတင်ပြခဲ့သော အချက်များ၊ မြန်မာနိုင်ငံ၏ တရားဝင်ရပ်တည်ချက်များ နှင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်အပေါ် သုံးသပ်ချက်များကို လွှတ်တော်၏လုပ်ထုံး လုပ်နည်းများနှင့်အညီ စုစည်းပြုစု၍ အာဆီယံပါလီမန်များအဖွဲ့ (ASEAN Inter-Parliamentary Assembly-AIPA)၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများထံ သံတမန်နည်းလမ်းဖြင့် ပေးပို့ရှင်းလင်း ဆောင်ရွက်သင့်ပါကြောင်း၊ သို့ပါ၍ ယခု အဆိုသည် အာဆီယံနှင့်ပူးပေါင်းဆောင် ရွက်မှု၊ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ နှင့် တန်းတူရည်တူအခွင့်အရေးကို ကာကွယ်ရန် ရည်ရွယ်သည့် အဆိုဖြစ် သည့်အပြင် အချိန်အခါသင့်၊ အကြောင်း အရာသင့်၊ နိုင်ငံတော်အကျိုးနှင့်ကိုက်ညီ သော အဆိုတစ်ရပ်ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ချောင်းဆုံမဲဆန္ဒနယ်မှ ဦးစိုးသူက** အာဆီယံက ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်မှစတင် ၍ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပြုလုပ် သည့် မြန်မာအရေးဆိုင်ရာ ASEAN ထိပ်သီး အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက် သည့် အာဆီယံဥက္ကဋ္ဌ၏ ကြေညာချက် (Asean Five Point Statement) ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အပေါ် အာဆီယံထုတ်ပြန်ချက် ငါးရပ် အနက် ပထမအချက်ဖြစ်သော အကြမ်းဖက် မှု ချက်ချင်းရပ်တန့်စေရန် ဆိုသောအချက် သည် အာဆီယံအခြေခံမူဖြစ်သော ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရေးမူကို လျစ်လျူထားသည်ကို တွေ့ရှိ ရပါကြောင်း၊ လွန်ခဲ့သော ငါးနှစ်တာကာလ အတွင်း မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ပြီး နိုင်ငံတော် အကြီးအကဲ၊ EAO၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ သော်လည်း မြန်မာနိုင်ငံဖြစ်တည်မှုအခြေ အနေမှန်ကို သုံးသပ်နိုင်ခြင်းမရှိခဲ့ပါ ကြောင်း၊ အာဆီယံအစည်းအဝေးများတွင် လည်း မြန်မာနိုင်ငံကိုယ်စားလှယ်များ တက်ရောက်ခွင့်မရှိခြင်းသည် မြန်မာနိုင်ငံ အပေါ်ခွဲခြားဆက်ဆံနေရသည်ကို တွေ့ရှိရ ပါကြောင်း။

မြန်မာနိုင်ငံသည် ယနေ့ထက်တိုင် အာဆီယံ၏အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ် သည်နှင့်အညီ အဖွဲ့ဝင်တိုင်းရရှိသည့် အခွင့်အရေးတို့ကို ရရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံသည် မြန်မာနိုင်ငံနှင့် ပတ်သက်သော သဘောတူညီချက်များကို လက်ရှိ မြန်မာနိုင်ငံရေးအခင်းအကျင်း ပကတိအနေအထားအရ သုံးသပ်ပြီး အာဆီယံအဖွဲ့နိုင်ငံတိုင်းရရှိသော အခွင့် အရေးကို မြန်မာနိုင်ငံလည်းရရှိစေရန် ရည်ရွယ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျောက်တန်း မဲဆန္ဒနယ်မှ ဦးနိုင်ဝင်း** က မြန်မာ့အရေး အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို ၂၀၂၁ ခုနှစ်ကတည်းက ချမှတ်ခဲ့ ခြင်းဖြစ်ပြီး ယခု ငါးနှစ်ကျော်သက်တမ်း အတွင်း ပြောင်းလဲလာသည့် မြေပြင်အခြေ အနေများကို ထင်ဟပ်နိုင်ခြင်းမရှိတော့ပါ ကြောင်း၊ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပခဲ့ပြီး အေးချမ်း သာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ တက်လှမ်းနေပြီဖြစ်ပါ ကြောင်း၊ အာဆီယံအနေဖြင့် ပကတိအခြေ အနေများနှင့် အပ်စပ်မှုမရှိသော ထုတ်ပြန် ချက်အဟောင်းကို အတင်းအကျပ် ဆက်လက်ဆုပ်ကိုင်မထားဘဲ မြန်မာနိုင်ငံ ၏ အချုပ်အခြာအာဏာကို လေးစားသော ပြင်ဆင်မှု သို့မဟုတ် ပယ်ဖျက်မှုများ ဖြစ်လာစေရန် မဆုတ်မနစ်ညှိနှိုင်းရမည် ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း မိမိတို့၏လွတ်လပ်ရေး၊ အချုပ်အခြာ အာဏာကို ဝင်ရောက်စွက်ဖက်ခွင့်ပြုမည် မဟုတ်ပါကြောင်း၊ သို့ပါ၍ အာဆီယံမူဝါဒ နှင့်ကွဲလွဲနေပြီး မြန်မာနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကိုထိပါးနေသော ဤထုတ်ပြန် ချက် ငါးရပ်ကို ပြင်ဆင် သို့မဟုတ် ပယ်ဖျက် နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ အနေဖြင့် ပကတိအခြေအနေများကို ချပြ ကာ ပြတ်ပြတ်သားသားညှိနှိုင်းဆောင်ရွက် သွားရန် တိုက်တွန်းသည့်အဆိုကို ထောက်ခံ ပါကြောင်း ဆွေးနွေးသည်။

**ရေဝတီတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးပြုံးချို**က ယခုအချိန်သည် အခြေအနေ ကောင်း အချိန်အခါကောင်းဖြစ်သည့် အတွက် အာဆီယံထုတ်ပြန်ချက် ငါးရပ် သည် မိမိနိုင်ငံ၏အခြေခံအကျဆုံးဖြစ်သည့် အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်မစွက်ဖက်ရေးနှင့် အာဆီယံအခြေခံမူ များကို သိသာထင်ရှားစွာ ချိုးဖောက်နေ သဖြင့် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီ အောင် ပြန်လည်ထိန်းညှိရန် လိုအပ်နေပြီ ဖြစ်ပြီး ညှိနှိုင်းဆွေးနွေးရန် အဖြေရှာသင့်ပါ ကြောင်း၊ ပြန်လည်ထိန်းညှိရန်အချက်များ တွင်လည်း သီးခြားတောင်းဆိုချက်မဟုတ် ဘဲ အာဆီယံပဋိညာဉ်တွင်ပါဝင်သည့် နိုင်ငံ တစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာပိုင်ဆိုင်ရေး၊ နယ်မြေတည်တံ့ခိုင်မြဲ ရေးနှင့် အမျိုးသားရေးလက္ခဏာများ လေးစားလိုက်နာကြရန်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ပြည်တွင်းရေး ဝင်ရောက် မစွက်ဖက်ရန်၊ တန်းတူညီမှုရရှိရေးတို့ကို ပြန်လည်ရရှိရန် ထိန်းညှိခြင်းသာဖြစ်ပါ သောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်း**က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ အဖြစ် အာဆီယံနှစ် ၃၀ ပြည့် နှစ်ပတ်လည် နေ့တွင် လာအိုနိုင်ငံနှင့်အတူ ဝင်ရောက်ခဲ့ ခြင်းဖြစ်ကာ အာဆီယံ၏အခြေခံမူများ အတိုင်း အခြားနိုင်ငံများ၏ ပြည်တွင်းရေး ကို ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အာဆီယံ ၏ အသိုက်အဝန်းအတွင်း တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် မြန်မာ နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ရန် နည်းလမ်းအချို့ဖြင့် ကြိုးပမ်း လာသည်ကို တွေ့ရပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံ အချို့သည် မိမိတို့နိုင်ငံကို အာဆီယံအဖွဲ့အတွင်း ပြန်လည်ပါဝင်ဆွေးနွေးမှုများ ပြုလုပ်စေ လိုသည်ကို တွေ့ရှိရပါကြောင်း၊ အဖွဲ့ဝင် နိုင်ငံအချို့သာ အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို အပြည့်သဘောမဆောင်သည့်ဘက် မှ လိုသလိုအသုံးချပြီး ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့အစည်း အနေဖြင့် နောင်ရာစုနှစ်ပေါင်းများစွာတိုင် အောင် စည်းလုံးညီညွတ်စွာဖြင့် အခွန့်ရှည် တည်တံ့စွာ ရပ်တည်နိုင်ရေးအတွက် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးဖြစ်သည့် အမျိုးသားအကျိုး စီးပွားကိုရှေးရှုကာ ပိုမိုလက်တွေ့ကျပြီး မျှတသည့်နည်းလမ်းများဖြင့် ပြန်လည် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ် ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင် စောမူ**က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် စတင် ဝင်ရောက်ချိန်မှစ၍ အာဆီယံ၏ပဋိညာဉ် စာတမ်းပါ အခြေခံမူများ၊ ရည်မှန်းချက်များ နှင့် မူဝါဒများကို အလေးထားလိုက်နာ ဆောင်ရွက်ခဲ့ပြီး အာဆီယံ၏အလှည့်ကျ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခြင်းအပါအဝင် အာဆီယံအတွင်း မြန်မာနိုင်ငံက ပူးပေါင်း ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်း ကျေပွန်စွာထမ်းဆောင်ခဲ့သည့် နိုင်ငံ ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ နှစ်စဉ် ပေးသွင်းရမည့် ရန်ပုံငွေများကိုလည်း မပျက်မကွက်ပေးဆောင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ထုတ်ပြန်ချက် ငါးရပ်တွင် ပါဝင်သည့် အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်၊ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ရန်ဆိုသည့် အချက်များအပေါ် ဆောင်ရွက်ချက်များ တိုးတက်မှုမရှိဟု အာဆီယံက သုံးသပ်ထားပါကြောင်း၊ ပြည်သူများ ရွေးချယ်တင်မြှောက်လိုက် သည့် ပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးတွင် ပြည်သူများ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင် နေကြပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်း ရွေးချယ် တင်မြှောက်ခဲ့ပြီဖြစ်ပါကြောင်း။

ပြည်သူများ ရွေးချယ်တင်မြှောက်ခဲ့ သည့် အစိုးရကို အာဆီယံထိပ်သီးအစည်း အဝေးများသို့ ဖိတ်ကြားခြင်းမပြုခြင်း သည် ပေးအပ်ခဲ့သော မြန်မာနိုင်ငံသားများ ၏ဆန္ဒကို မျက်ကွယ်ပြုရာရောက်သည့် အတွက် အာဆီယံ၏ မြန်မာနိုင်ငံအပေါ် ထုတ်ပြန်ချက်ကို အာဆီယံနိုင်ငံများက ပြန်လည်သုံးသပ်ပေးရန် တိုက်တွန်းအပ်ပါ ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ချမှတ်ခဲ့သော အာဆီယံဆုံးဖြတ်ချက်များ သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲ နေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိ တိုးတက်ပြောင်းလဲလာသော ပကတိအမှန် တရားများနှင့်လည်း ကိုက်ညီမှုမရှိသည့် အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်း ရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်ရှိခဲ့သည့်အတွက် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းသည် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း၊ ပြည်သူများက ၎င်းတို့ သဘောဆန္ဒအလျောက် တက်တက် ကြွကြွ လာရောက်မဲပေးခဲ့ကြပြီး ရွေးကောက်ပွဲတွင် ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမားမဖြစ်ပွားခဲ့ဘဲ ပါတီ အချင်းချင်း အသေးအဖွဲတိုင်ကြားမှုသာ ရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်သည်မှာ သိသာထင်ရှား ပါကြောင်း။

ရွေးကောက်ပွဲကို နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး အဖွဲ့များ လာရောက်လေ့လာခဲ့ကြပြီး အဆိုပါအဖွဲ့များက လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြပြီး ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင် **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

နိုင်ငံများအနက် စင်ကာပူ၊ မလေးရှား နှင့် တီမောလက်စ်တေနိုင်ငံတို့မှအပ ကျန်အဖွဲ့ဝင်နိုင်ငံများက ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး ကိုယ်စားလှယ် အဖွဲ့များ စေလွှတ်ခဲ့ကြပါကြောင်း၊ ထို့ပြင် ဧပြီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်သမ္မတ၏ ကတိသစ္စာပြုပွဲအခမ်းအနားသို့လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း။

ယခုဆိုလျှင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူများက ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်တစ်ရပ် ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် သမ္မတရွေးချယ်ရေးအစုအဖွဲ့များက ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတ ဦးဆောင်သော အစိုးရက နိုင်ငံ၏တာဝန်ကိုထမ်းဆောင်နေခြင်းပင်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သည့်အတွက် ပြည်သူများ၏ မျက်နှာကို ထောက်ထားပြီး အစိုးရ၏ဂုဏ်သိက္ခာနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံအစည်းအဝေးများကို တက်ရောက်နေသော မြန်မာကိုယ်စားလှယ်အဖွဲ့များကလည်း မြန်မာနိုင်ငံ၏ ကတိကဝတ်ထားရှိခဲ့သည့်အတိုင်း ရွေးကောက်ပွဲဆောင်ရွက်ခဲ့မှုများနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားလျက်ရှိပါကြောင်း။

၂၀၂၆ ခုနှစ် မေ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ကျင်းပခဲ့သည့် ၄၈ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများအပေါ် အာဆီယံနိုင်ငံ့ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြပြီး ခေါင်းဆောင်အများစုက ပကတိအခြေအနေမှန်များကို အသိအမှတ်ပြုလက်ခံခဲ့ကာ အပြုသဘော ဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို အဆင့်သုံးဆင့်ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အချို့သောအာဆီယံနိုင်ငံများသည် ပကတိအခြေအနေမှန်ကို လက်ခံလာကြသည်ကို တွေ့ရှိရပါကြောင်း၊ ရွေးကောက်ခံအစိုးရ စတင်တာဝန်ထမ်းဆောင်ပြီးနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံကို ပြန်လည်ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီး အစည်းအဝေးများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘော ဦးတည်ဆွေးနွေးမှုများ ရှိလာသည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိအာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်ပြန်ချက်များတွင်လည်း မြန်မာနိုင်ငံအပေါ် ဖိအားပေးဖော်ပြမှုများထက် အာဆီယံဥက္ကဋ္ဌ၏ မြန်မာ့အရေးဆောင်ရွက်ချက်များကို အပြုသဘောရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် အာဆီယံနှင့် ဆွေးနွေးဖက် ဆက်ဆံရေးနိုင်ငံများ၏ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတွင်လည်း မြန်မာအရေးကိစ္စနှင့်ပတ်သက်၍ ယခင်ကကဲ့သို့ ပြင်းပြင်းထန်ထန်ဖိအားပေးပြောကြားခြင်းမျိုးမရှိတော့ဘဲ အပြုသဘောဆွေးနွေးမှုများကို တွေ့ရှိလာရပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံနှင့် အာဆီယံ ဆက်ဆံရေးကို ပုံဖော်ကြရာတွင် ဆန့်ကျင်ဘက် မီဒီယာများနှင့် မြန်မာနိုင်ငံ၏အကျိုးကိုမလိုလားသည့်မီဒီယာများ၏လိုရာပုံဖော်ရေးသားဖော်ပြမှုများကိုလည်း သတိချပ်စေလိုကြောင်း။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း အချို့သောနိုင်ငံများမှ တာဝန်ရှိသူတချို့၊ ခေါင်းဆောင်တချို့၏ အပြုသဘောမဆောင်သည့် ပြောကြားချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကြားသိရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ပြောကြားချက်များသည် ပုဂ္ဂလိကခံစားချက်နှင့် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအရဖြစ်ပြီး အာဆီယံအဖွဲ့ကြီးတစ်ခုလုံးကို ကိုယ်စားမပြုပါကြောင်း၊ အာဆီယံအဖွဲ့ကြီးတစ်ခုလုံးနှင့် သက်ဆိုင်သည်ဟုလည်း ယူဆ၍မရသည်ကို တင်ပြအပ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအဖွဲ့၏ ပဋိညာဉ်စာတမ်းပါ တူညီဆန္ဒ (Consensus)မူအရ သက်ရောက်မှုတော့ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံအဖွဲ့အတွင်း မိမိနိုင်ငံနှင့်ရင်းနှီးသော၊ မိမိတို့ကိုထောက်ခံသည့် သဘောထားပျော့ပျောင်းသော နိုင်ငံအများစုရှိသကဲ့သို့ မိမိတို့အပေါ် သဘောထားတင်းမာသည့် နိုင်ငံအချို့ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တူညီဆန္ဒ မရရှိသေးသော်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါနိုင်ငံများအပေါ် နှစ်နိုင်ငံ ဆက်ဆံရေးကို သီးခြားစီခွဲခြားသုံးသပ်ပြီး ထိတွေ့ဆက်ဆံ ဆောင်ရွက်သွားမည်ဖြစ်သည်ကို သုံးသပ်တင်ပြအပ်ပါကြောင်း၊ အချို့သော အာဆီယံနိုင်ငံများမှအပ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုက မြန်မာနိုင်ငံအပေါ် ရင်းနှီးသောမိတ်ဆွေနိုင်ငံများ အနေဖြင့် ပျော့ပျောင်းသောဆက်ဆံမှုများ၊ အပြုသဘောဆောင်သော သဘောထားများရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အာဆီယံနိုင်ငံများအနက် မိမိတို့အပေါ် သဘောထားတင်းမာသော နိုင်ငံအချို့ကို သတိထားပြီးဆက်ဆံသွားမည်ဖြစ်ပါကြောင်း။

အစိုးရသစ် တက်လာပြီးနောက်ပိုင်း နှစ်လကျော်ကာလအတွင်း အာဆီယံနိုင်ငံများမှ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပါကြောင်း၊ မကြာမီကာလများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ မြန်မာနိုင်ငံကိုလာရောက်ရန်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတအနေဖြင့်လည်း အာဆီယံ၏ဆွေးနွေးဖက် ဆက်ဆံရေးထူထောင်ထားပြီး အိမ်နီးချင်း အင်အားကြီး မိတ်ဆွေနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံကို တရားဝင်ခရီးစဉ် (Official Visit) နှင့် တရုတ်နိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံရာတွင် တရုတ်သမ္မတက "မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ချက်များနှင့် တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုကို ထောက်ခံကြောင်း" ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် ခရီးစဉ်အတွင်းထုတ်ပြန်ခဲ့သည့် နှစ်နိုင်ငံပူးတွဲကြေညာချက်တွင်လည်း "မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့်အပေါ် တရုတ်နိုင်ငံဘက်က ကြိုဆိုပြီး နိုင်ငံအတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖော်ဆောင်ရန် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက် ထောက်ခံသွားမည်ဖြစ်ကြောင်း" ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် တွေ့ဆုံစဉ်ကလည်း အိန္ဒိယဝန်ကြီးချုပ်က "မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာ ဦးဆောင်သော ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း" ပြောကြားခဲ့ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရအပေါ် အိမ်နီးချင်း အင်အားကြီး နှစ်နိုင်ငံက အားပေးထောက်ခံသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတက လာအိုသမ္မတ၏ ဖိတ်ကြားချက်အရ ဇူလိုင်လဆန်းပိုင်းက လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း လာအိုသမ္မတက မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် လွတ်လပ်မျှတသော ရွေးကောက်ပွဲကို အသိအမှတ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအပေါ် အားပေးထောက်ခံပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိရေး တတ်စွမ်းသမျှထောက်ခံရပ်တည်ပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့ပါကြောင်း၊ မကြာမီကာလများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများသို့ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ရန်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

ထိုအရာသည် မိမိတို့ရွေးကောက်ခံအစိုးရတစ်ရပ်၏ သံတမန်ရေးအရ အောင်မြင်မှုနှင့် တရားဝင်ဖြစ်မှုတို့ကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်း မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြန်လည်ထိတွေ့ဆက်ဆံချဉ်းကပ်မှုကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေသည်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မြန်မာနိုင်ငံကို လာရောက်လျက်ရှိသည့် ခရီးစဉ်များက သက်သေပြနေပါကြောင်း၊ မကြာမီကာလအတွင်းတွင်လည်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွှတ်သဘော အစည်းအဝေးတစ်ရပ် ကျင်းပသွားရန်ရှိပြီး မြန်မာနိုင်ငံကိုဖိတ်ကြားထားသည့်အတွက် မိမိဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီးကလည်း အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားရန်၊ အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် အာဆီယံအနေဖြင့် မြန်မာအရေးကိစ္စနှင့်ပတ်သက်ပြီး တူညီဆန္ဒမရရှိသေးသော်လည်း နှစ်နိုင်ငံချင်းထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ ပြန်လည်ရရှိနေပြီး မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ဆက်ဆံရေးသည် ပြန်လည်တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းတွင်လည်း မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်များနှင့် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်မှုများပြုလုပ်ရန် ဆွေးနွေးလျက်ရှိသည်ကို သတင်းမီဒီယာများက ဖော်ပြနေသည်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး အသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မဝေးတော့သည့် အနာဂတ်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိသွားမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ ထိုကဲ့သို့ရရှိရန်အတွက်လည်း မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ မြန်မာနိုင်ငံ၏ ပကတိအခြေအနေအပေါ်မူတည်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ မိမိနိုင်ငံနှင့် ကိုက်ညီသော မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်တို့နှင့်အညီ နိုင်ငံတကာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေး၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုရှင်၏ သဘောထားကို မေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန်ပြောကြားရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ညှိနှိုင်းရေးကော်မတီဝင်များ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်စောရွှေဝ၊ စစ်ဦးစီးအရာရှိချုပ်စောဆန်းအောင်၊ စစ်ရေးချုပ်စောစိန်ဝင်း၊ အမှတ်(၁)ကွပ်ကဲရေးမှူး စောထူးအောင်၊ နည်းဗျူဟာမှူး စောအောင်ထူး၊ စီးပွားရေးတာဝန်ခံ စောနေဘလု၊ ကုန်သွယ်ရေး ဒုတိယဌာနမှူး စောမြင့်ဦးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့် ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို နောင်မျိုးဆက်သစ်များအတွက် ပြုစုပျိုးထောင် ပေးရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများနှင့် DKBA အနေဖြင့်လည်း ပတ်သက်မှုမရှိစေချင်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဦးစားပေးလုပ်ဆောင်လျက်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်းနှင့် ဒေသတည်ငြိမ်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့် အခြေအနေများကို ပြောကြားသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ် စောရွှေဝက နယ်မြေတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ပဋိပက္ခကာလများတွင်လည်း ဘက်မလိုက်ဘဲကြားနေ၍ သဟဇာတဖြစ်အောင်တည်ဆောက်ခဲ့ကြောင်း၊ပြည်တွင်းစစ်ကြာရှည်မှုနှင့် ပြည်သူများခံစားရမှု အခြေအနေများကို နည်းလမ်းများရှာဖွေရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကို အတူတကွ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ DKBA အဖွဲ့ကိုတည်ထောင်ခဲ့သည့် ယခင်ခေါင်းဆောင်ကြီးများ၏ လမ်းစဉ်အတိုင်း ဆက်လက် လျှောက်လှမ်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နယ်မြေဒေသတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူတကွ လက်တွဲဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး၊ အကြမ်းဖက်အဖွဲ့များ နယ်မြေအတွင်း မရှိစေရေး၊ ဆုံဆည်းမြိုင်၊ ဝေါလေ၊ ကျောက်ခတ်ဒေသရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းအဆင့်မြှင့်နိုင်ရေး၊ ပြဋ္ဌာန်းစာအုပ်များ ထောက်ပံ့ပေးရေး၊ ကျောင်းဆရာ၊ ဆရာမများ ဖြည့်ဆည်းနိုင်ရေး၊ ကျေးရွာများတွင် ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါဖြစ်ပွားနေသဖြင့် ကာကွယ်ဆေး၊ ကုသဆေးဝါးများ ထောက်ပံ့ပေးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က DKBA အဖွဲ့များ၏နယ်မြေများမှ အဓိကနယ်မြေများဖြစ်သော ဝေါလေ၊ ကျောက်ခတ်၊ ဘုရားသုံးဆူတို့တွင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကင်းစင်ရေး၊ တပ်မတော်၊ နယ်မြေခံတပ်များ၊ တိုင်းစစ်ဌာနချုပ်၊ ဒေသအစိုးရအဖွဲ့များနှင့် လက်တွဲပူးပေါင်း တိုက်ဖျက်နိုင်ရေး၊ လက်ရှိကရင်ပြည်နယ်အတွင်း ထိတွေ့တိုက်ပွဲများအရ မြေပြင်လုံခြုံရေး အခြေအနေများ၊ စစ်ဆင်ရေး အခြေအနေများနှင့်ပတ်သက်၍ DKBA အဖွဲ့အနေဖြင့် တပ်မတော်၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နှင့် ဆက်သွယ်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားရေး၊ ဒေသတည်ငြိမ်ရေး၊ အေးချမ်းရေးအတွက် တိုက်ပွဲများလျော့ချရပ်တန့်စေမှုမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အလေးထားလုပ်ဆောင်ရေး၊ နှစ်ဖက်အလွတ်သဘောဆွေးနွေးမှုများမှ တွေ့ဆုံဆွေးနွေးရေးနှင့် ငြိမ်းချမ်းရေးကို ဦးတည်သော ဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများမှ ပိုမိုထိရောက်သော၊ ရိုးသားပွင့်လင်းသော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည် ဖော်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များ အပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီး အရာရှိချုပ်စောဆန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ ကျောဖုံးမှအဆက်**

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်များ၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ယနေ့အစည်းအဝေးကျင်းပသည့် ရည်ရွယ်ချက်မှာ ပြီးခဲ့သည့် (၁/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးတင်ပြချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့် မိမိတို့တာဝန်ယူနေသည့် အစိုးရကာလအတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ထူးခြားသည့်ယဉ်ကျေးမှု၊ သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ပင်လယ်ကမ်းခြေ၊ ကမ်းရိုးတန်းဒေသများ၊ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေသည့် ခရီးသွားအရင်းအမြစ်များစွာရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများအနေဖြင့် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရီးသွားအရင်းအမြစ်များအပေါ် မူတည်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization-DMO) များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ခရီးစဉ်ဒေသများအလိုက် DMO အဖွဲ့များကို ခိုင်ခိုင်မာမာဖွဲ့စည်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည့်ခရီးစဉ်ဒေသစီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးလွယ်ကူချောမွေ့စေရန်အတွက် ခရီးစဉ်ဒေသအချို့ကို လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေးနှင့် လေယာဉ်ကွင်းများအဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံကို ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြသည့်အခါတွင် လွယ်ကူချောမွေ့စေရေး ဖြေလျှော့ပေးရန်အတွက် ဗီဇာကိစ္စ ဖြေလျှော့ပေးသင့်သည်များ ဖြေလျှော့ပေးရေး၊ လုံခြုံစိတ်ချစွာ ခရီးသွားလာရေးကိစ္စ၊ အာမခံဝယ်ယူရေးကိစ္စနှင့် ငွေကြေးသုံးစွဲမှုလုပ်ငန်းစဉ်များတွင် အဆင်ပြေအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ရှိရင်းစွဲထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့် လမ်းညွှန်ချက်များကို ကျော်လွန်ဆောင်ရွက်ရန်မဟုတ်ဘဲ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင်ပြေချောမွေ့အောင် လိုအပ်သည်များကို မိမိတို့တတ်နိုင်သည့်ဘက်မှ သုံးသပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့၏ ခရီးစဉ်ဒေသအလိုက် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့် နေရာဒေသများ၊ ထင်ရှားသည့် ၁၂ လရာသီပွဲတော်များ၊ တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲနှင့် ရိုးရာဓလေ့ပွဲများ၊ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ခရီးစဉ်များကို စနစ်တကျ ခွဲခြားဖော်ထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် လိုအပ်သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်မြှင့်တင်ရေး၊ ခရီးစဉ်ဒေသအလိုက် ဝန်ဆောင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေရေးများကို စီမံခန့်ခွဲနိုင်သည့် ယန္တရားတစ်ရပ် ဖော်ဆောင်ရေးနှင့် ဦးစားပေးခရီးစဉ်ဒေသများ သတ်မှတ်ဖော်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပုဂ္ဂလိက ခရီးသွားလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံကို ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ထိရောက်သည့်ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းကို စနစ်တကျဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာက ခရီးသွားများအကြား မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ပိုမိုသိရှိလာစေရေး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် လုပ်ငန်းရှင်များအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးသွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲကိစ္စရပ်များနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့် အမှာစာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရုံးအမှတ်(၂၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဇေယျာဌာန - ၂ လမ်းသွယ်၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သတ်မှတ်နေရာများ၌ ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးအနေဖြင့် ယနေ့ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် စုစုပေါင်း အပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူငယ်နှင့်အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကျင်းပ




ပဲခူး ဇူလိုင် ၉

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်းသနပ်ပင်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းဗလာစာအုပ်များ၊ လက်ဆွဲအိတ်များ၊ အားကစားပစ္စည်းများ၊ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန၌ ဂစ်တာတီးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ကိုယ်ကာယလေ့ကျင့်ခန်း သင်တန်း ဖွင့်လှစ်သင်ကြားနေမှုများကို ကြည့်ရှုပြီး စာကြည့်တိုက်၌ လူငယ်များနှင့်တွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

● **အစီရင်ခံစာတင်သွင်းခြင်းမှ**

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ဖြစ်ပွားခဲ့သည့် နေရပ်စွန့်ခွာမှု၏ အဓိကအကြောင်းရင်း(မြစ်ဖျားခံရာ)ကို ဖော်ပြရန်ပျက်ကွက်သည်။ ထိုသို့ပျက်ကွက်မှုက အဆိုပါဆုံးဖြတ်ချက် အဆိုများသည် နေရပ်စွန့်ခွာသူများဆိုင်ရာပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့် ပူးပေါင်းဖြေရှင်းလိုမှု ကင်းမဲ့သည်ကိုပြသနေသည်။ ဆုံးဖြတ်ချက်အဆိုတွင် စွပ်စွဲဖော်ပြထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမုန်းစကားဆိုင်ရာ အခြေအမြစ်မရှိဖော်ပြချက်များသည် မြေပြင်အခြေအနေနှင့် လွန်စွာကင်းကွာနေသည်ကို တွေ့ရှိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးနှင့် တည်ငြိမ်ရေး ပြန်လည်ကောင်းမွန်လာပါက နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ စိစစ်ပြီးစီးသည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် စစ်မှန်သော နိုင်ငံရေးဆန္ဒရှိကြောင်း ထပ်လောင်းပြောကြားလိုသည်။ စိစစ်ပြီးစီးသည့် ပြန်လည်ဝင်ရောက်လာသူများကိုလက်ခံရန် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှပေးပို့လာသော လူဦးရေစာရင်းကိုစိစစ်ပြီး လစဉ်ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ဆောင်ရွက်လျက်ရှိသည်။ စင်စစ်အားဖြင့် လက်ရှိအချိန်တွင် နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေမှုမှာ AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်ခြင်းများကြောင့်သာဖြစ်သည်။

မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတော်၏ လွှတ်တော်များနှင့် ရွေးကောက်ခံအစိုးရတစ်ရပ် ပေါ်ပေါက်နေပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်ထိကာလကို ပြည်ထောင်စုအစိုးရ၏ ရက် ၁၀၀ စီမံကိန်း အကောင်အထည်ဖော်မှုကာလအဖြစ် သတ်မှတ်ခဲ့ပြီး ယင်းကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များနှင့် လက်မှတ်မထိုးရသေးသည့် အဖွဲ့များအားလုံးကို ထပ်မံဖိတ်ခေါ်ခဲ့သည်။ ထို့ပြင် PDFs အဖွဲ့ဝင်များကိုလည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ကမ်းလှမ်းထားသည်။ ယင်းကဲ့သို့သော စဉ်ဆက်မပြတ် ဖိတ်ခေါ်မှုများကြောင့် လက်ရှိအချိန်အထိ PDFs အဖွဲ့ဝင်များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှ စုစုပေါင်းဦးရေ ၄၀၀၀ ကျော် ဥပဒေဘောင်ထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မမိုတ်မသုန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိစဉ်အတွင်း လူ့အခွင့်အရေးကောင်စီမျက်နှာစာ၌ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့်ဆွေးနွေးမှုများပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်အဆိုများတင်သွင်းခြင်းတို့သည် အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပေါ်ရေးကို အထောက်အကူမပြုသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့ကိုအစဉ်တစိုက် ဆန့်ကျင်သည်။ သို့ဖြစ်ရာ အိုအိုင်စီကတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာခြွင်းချက်မရှိ ပယ်ချလိုက်သည်။ မြန်မာအစိုးရအနေဖြင့် ဆွေးနွေးမှုများအတွင်း မျှတစွာရပ်တည်ပေးခဲ့သည့် ခင်မင်ရင်းနှီးသောနိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်**

○ **မိုးစပါးမှ**

ပြည်ပဝယ်လိုအားရှိတဲ့ ပေါ်ဆန်းဆိုရင် မနှစ်က တိုင်းဒေသကြီးထဲက မြို့နယ်ခြောက်မြို့နယ်မှာ ဧက ၁၆၅၇၀ စိုက်ခဲ့တယ်။ ဒီနှစ် မြို့နယ် ၁၀ မြို့နယ်မှာ တိုးချဲ့စိုက်ပျိုးမှုရှိတယ်။ တောင်သူတွေအတွက် အကျိုးဖြစ်ထွန်းစေဖို့ စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာ သင်တန်းတွေပေးခဲ့တဲ့အပြင် ဓာတ်မြေဩဇာနဲ့ သဘာဝမြေဩဇာ တွဲဖက်ပြီး အသုံးပြုနိုင်အောင်လဲ အသိပညာပေးခဲ့ပါတယ်။ မိုးစပါးရဲ့ စပါးအရည်အသွေး ပိုမိုကောင်းမွန်လာမှုကြောင့် တောင်သူတွေက စပါးထွက်မယ့်အချိန်ကို စောင့်မျှော်နေကြပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

တိုင်းဒေသကြီးအတွင်း အထွက်ကောင်းစပါးမျိုး ၁၄ မျိုးဖြစ်သည့် ဆင်းသုခ၊ ရက် ၉၀၊ အောင်နိုင်တိုး၊ ရတနာတိုး၊ နှံကောက်၊ သီးထပ်ရင်၊ မော်ဘီ-၂၊ မော်ဘီ-၃၊ ကရင်မ၊ ထွန်းပု၊ ငစိန်ရာကျော်၊ ပေါ်ဆန်း၊ ရောမင်းနှင့် GW-11 တို့ကို စိုက်ပျိုးမှုများသည့်အပြင် ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းရင်၊ အင်းမရဲဘော်၊ ဘာစမာတီနှင့် ဒေသမျိုးဖြစ်သည့် ဧယာ၊ မီးတုံး၊ ငကြဲ၊ ငစိန်၊ ကောက်ညှင်း၊ ရာနှစ်ထွန်းမျိုးစပါးတို့ကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ် မိုးစပါးရာသီမှစတင်၍ ပြည်ပပို့ကုန်ဇုန်အပါအဝင် ခရိုင် ကိုးခရိုင်ရှိ မိုးစပါးစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရရှိရန်၊ တောင်သူများ ရင်းနှီးလိုအပ်မှုကို ထောက်ပံ့နိုင်ရန်၊ မြေဩဇာအပြည့်အဝထည့်သွင်းနိုင်ရန်၊ စပါးစိုက်ပျိုးမှုကို ပိုမိုစူးစိုက်အားကောင်းလာစေရန်၊ စပါးကို အခြေခံ၍ သီးနှံစိုက်ပျိုးမှုတွင် နိုင်ငံတကာ အဆင့်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးသည့်ဇုန်အတွင်း GAP စနစ်နှင့် IPM စနစ်ဖြင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျစွာ သုံးစွဲနိုင်ရန်၊ စိုက်ပျိုးရေးကဏ္ဍကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ ကုမ္ပဏီ၊ ဆန်စက်လုပ်ငန်းရှင်နှင့် တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်မှုမှ အစားအစာဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့သော ဆန်စပါးများထုတ်လုပ်သွားနိုင်ရန် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ရည်ရွယ်ဆောင်ရွက်နေကြောင်း သိရသည်။

မိုးစပါးများ အထွက်နှုန်းကောင်းမွန်စေရန် သွင်းအားစုအဖြစ် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာ အိတ် ၅၆၄၀ ကို တိုင်းဒေသကြီးမှ တောင်သူများထံ ပထမအကြိမ်အဖြစ် ဖြန့်ဖြူးပေးခဲ့ပြီး ယူရီးယားအိတ် ၆၀၀၀၀ နှင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၃၀၀၀၀ ကို ဆက်လက်ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ **သစ္စာ(mna)**

❒ **အသည်းအစားထိုးမှ**

အထူးကြပ်မတ်ကုသဌာနတွင်ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် နှစ်ဦးစလုံး ကျန်းမာရေးအခြေအနေ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။


အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာ ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဌာနကြီးမှူး (ဆေးလက်တွေ့) ပါမောက္ခ ဒေါက်တာမင်းဇော်ဦး ဦးဆောင်သောအဖွဲ့၊ ပါမောက္ခ ဒေါက်တာစိုင်းအောင်ညွန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာဝင်းဝင်းဆွေဦးဆောင်သော အသည်းဆေးကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အငြိမ်းစား ပါမောက္ခကြီးများဖြစ်သော ပါမောက္ခ ဒေါက်တာကြည်ကြည်စန်း၊ ပါမောက္ခ ဒေါက်တာမူမူနိုင်နှင့် ပါမောက္ခ ဌာနမှူး (မေ့ဆေး) ပါမောက္ခ ဒေါက်တာဖုန်းမြင့် ဦးဆောင်သော မေ့ဆေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာ ဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခဒေါက်တာစောဝတ်မှုန်ဦးဆောင်သော ရောဂါရှာဖွေရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာအောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အမျိုးသားသွေးဌာန ပါမောက္ခ ဒေါက်တာဆွေဇင်မြင့် ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာအိသန္တာထွေးနှင့် စီမံခန့်ခွဲမှုအဖွဲ့များ၊ သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုများကို ၂၀၀၄ ခုနှစ်မှစတင်၍ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ နှစ်တွဲ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ယခုဆောင်ရွက်သည့် ခွဲစိတ်ကုသမှုအပါအဝင် ၃၈ တွဲစုစုပေါင်း ဦးရေ ၄၀ ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ ပြည်သူများလိုအပ်သော ခေတ်မီကုသမှုများကို ပြည်တွင်း၌ပင် လက်လှမ်းမီရရှိကာ ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ကျန်းမာရေးအသုံးစရိတ် သက်သာစေရေးအတွက် အသည်းအစားထိုး ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်တွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာအောင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ်တစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်



**နေပြည်တော် ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲ ဘုတ်ကျွန်းအနီး မြန်မာ့ပင်လယ်ပြင်အတွင်းလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ကုလားကုတ်ကျွန်း၏ အနောက်ဘက် ရေမိုင် ၂၇ ဒသမ ၅ မိုင်အကွာ၌ MV ATK Nyein အမည်ရှိ ကုန်တင်ရေယာဉ်တစ်စီး ရေဝင်နစ်မြုပ်နေကြောင်း MV Oceanstar ကုန်တင်ရေယာဉ်၏ သတင်းပေးပို့ချက်အရ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရာ ဇူလိုင် ၈ ရက် ညနေ ၆ နာရီခွဲခန့်တွင် ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ်ကို တွေ့ရှိခဲ့ပြီး ကုန်တင်ရေယာဉ်ပေါ်တွင် လိုက်ပါလာသော အမှုထမ်း ၁၂ ဦးကို စစ်ရေယာဉ်ပေါ်သို့တင်ဆောင်ကာ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ယနေ့နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ရာဇာမင်းတံတား၌ သက်ဆိုင်ရာတာဝန်ရှိသူများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များက အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ၂၀၂၆ ခုနှစ် ဇူလိုင် ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။**




# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၁-၇-၂၀၂၆ ရက်တွင် ကျင်းပခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၅-၅-၂၀၂၆ ရက်မှ ၅-၆-၂၀၂၆ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် သုံးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အထွေထွေ ခုနစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ငါးဦး စုစုပေါင်း ၁၅ ဦးတို့ကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၁၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ဦးရေ ၅၃၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၀၅ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ထူးခြားသည့် နေ့အပူချိန်များ

(၉ - ၇ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| မုံရွာ | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၉**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရက် ၁၀၀ စီမံချက်ကာလအတွင်း ခါးပိုက်နှိုက်မှု ၁၁၇ မှုမှ တရားခံ ၉၉ ဦးတို့ကို ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခဲ့

နေပြည်တော် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ YBS ယာဉ်လိုင်းများ၊ ကားမှတ်တိုင်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် နေရာများတွင် အုပ်စုဖွဲ့ ခါးပိုက်နှိုက် ကျူးလွန်မှုများ လျော့နည်းကျဆင်းစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၇ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထန်းတပင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ လသာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့၌ အမှုစုစုပေါင်း ၁၁၇ မှုနှင့် ကျူးလွန်သူတရားခံ အမျိုးသား ၉၄ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၉၉ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပြီး ခါးပိုက်နှိုက်မှုကျူးလွန်ရာမှရရှိခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သော လက်ကိုင်ဖုန်း အလုံး ၁၄၀ နှင့် ငွေကျပ် ၆၅၇၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရက် ၁၀၀ စီမံချက်အနေဖြင့် မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်စေရေးအတွက် ခရိုင်များအလိုက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်း၊ သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)










ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရက် ၁၀၀ စီမံချက်ကာလအတွင်း ခါးပိုက်နှိုက်ကျူးလွန်သူ တရားခံများကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

## ၉-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၂ ~ ၃၆၆၈ | ၅၅၇.၄ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၂၇၈,၀၁၇.၃၂ | ၆,၁၇၈,၂၆၅.၀၀ | ၄၄,၅၂၄,၆၃၆.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ အီလက်ထရောနစ်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ သန်းအား စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀ သန်းအား CMP ကုမ္ပဏီများသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၀ သန်းအား LNG တင်သွင်းသည့်ကုမ္ပဏီသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇူလိုင် ၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မဟာဗောဓိကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

❖ မိုးထစ်ချုန်းရွာမည်မှ

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန် နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၄-၇-၂၀၂၆ ရက်နေ့မှ ၁၇-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



ဝတ္ထုတိုကဏ္ဍ

# သူ့သစ္စာ

## နွေကုံကော်(မြို့လှ)



**ယမန်နေ့မှအဆက်**

(၅)

"ဟေ့ ဟေ့ ဟေ့ကုန်ထုတ်ကွ"

"ပေဟေ့ဟေ့ ကြံ့ဝယ်ကွ"

မကြာခင်ကျရောက်မည့် စက်ရုံနှစ်ပတ်လည်နေ့အတွက် စက်ရုံမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပနေခြင်းဖြစ်ပြီး ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ အကြိတ်အနယ်ရှိလှ၏။

ဌာနစုံမှ ဝန်ထမ်းစုံဖြင့် ကွင်းဘေးပတ်ပတ်လည် ပြည့်နှက်လျက်ရှိသည့်အပြင် အနီးအနားကျေးရွာမှ လူများပင် လာရောက်ကြည့်ရှုကြလေသည်။

"တွန်းထား တွန်းထား၊ ဘော်ဒီခု ဘော်ဒီခု"

သူ့ဌာန ကိုယ့်ဌာန အပြိုင်ကြဲကြချိန်တွင် ကွင်းဘေးမှပရိသတ်ကလည်း အလျှော့ပေးခြင်းမရှိ။

"ကျောနံပါတ် (၆) အဝါကတ်၊ အဝါကတ်ပြပါဗျို့ ဒိုင်လူကြီး"

ကစားပုံကြမ်းသော ကုန်ထုတ်မှကစားသမားတစ်ဦးကို ကြံ့ဝယ်ပရိသတ်များက အဝါကတ်ပြဖို့ တောင်းဆိုနေကြလေသည်။ မကြာမီ ဦးမျိုးခိုင်အားပေးသည့်ဘက်ခြမ်းသို့ ဘောလုံးရောက်ရှိလာ၏။ ဘောလုံးက ကြံ့ဝယ်အသင်းကစားသမားနှင့် ပိုမိုနီးစပ်သည့်အနေအထားတွင် အရှိန်နှင့်ပြေးဝင်လာသည့်ကုန်ထုတ်ကစားသမားက ခြေစုံပစ်ဝင်လိုက်ရာ–

"ဖြောင်း. . ဘုတ် အွန့်"

ခြေနှစ်ချောင်းဆုံမိသံ၊ မြေပေါ်သို့လဲကျသံနှင့် ရင်ဘတ်ကိုဖိလျက် ညည်းညူသံတို့ ရှေ့ဆင့်နောက်ဆင့်ထွက်ပေါ်လာခဲ့သည်။ လဲကျသူက ချက်ချင်းပြန်ထပြီး ကစားပုံကြမ်းသည့်ကစားသမားကို တွန်းထိုးသည်။

"ဟား အဲဒါ တမင်လုပ်တာ၊ ကျော်သက်ခိုင်မင်းတမင်လုပ်တာ မဟုတ်လား"

"ငါလဲဝင်၊ သူလဲဝင်တာပဲ နောက်ကျလို့ခံရတာ"

နှစ်ဖက်ကစားသမားများ တွန်းလားထိုးလားဖြစ်ကုန်ကြသည့်နောက် ဒိုင်လူကြီးက ပွဲကိုမနည်းထိန်းလိုက်ရသည်။ ပရိသတ်ကလည်း "အနီကတ် အနီကတ်"ဟု ပွဲတောင်းလျက်ရှိ၏။

ဒိုင်ဖြစ်သူမှ ပွဲထိန်းသည့်အနေဖြင့် ကစားသမားနှစ်ယောက်စလုံးကို ထုတ်ပယ်လိုက်သည်။ ပွဲပြီးဆုံးချိန်တွင် ကြံ့ဝယ်အသင်းက အနိုင်ရရှိသွား၏။ နောက်တစ်နေ့မနက်မှာတော့ ကစားပုံကြမ်းသည့်ကစားသမားနှစ်ယောက် ဆရာဦးမျိုးခိုင်ရုံးခန်းတွင်း ရောက်ရှိခဲ့ကြပါတော့သည်။

"မင်းတို့တော်တော်သစ္စာမဲ့ကြတာပဲ၊ ကိုယ့်အချင်းချင်း မေတ္တာတရားလဲမထားကြဘူး၊ ပျော်ရွှင်ရအောင် အားကစားပွဲလုပ်ပေးတယ်၊ ပုဂ္ဂိုလ်ရေးမကျေနပ်ချက်တွေနဲ့ ဘောလုံးကွင်းထဲမှာ လက်စားချေကြတယ်၊ ကျိုးပဲ့ကုန်ရင် ဘယ်လိုလုပ်မလဲ၊ ကိုယ့်ဝန်ထမ်းအချင်းချင်း ချစ်ချစ်ခင်ခင် ဖေးဖေးမမနဲ့ ညီအစ်ကိုစိတ်မွေးမယ်မရှိဘူး၊ အဲဒီလို ဝန်ထမ်းစိတ်တွေနဲ့ ဘယ်လိုလုပ်တိုင်းပြည်တာဝန်ကို ကောင်းကောင်းမွန်မွန် ထမ်းဆောင်နိုင်မှာလဲ"

"စက်ရုံမှူးတစ်ယောက်လုံး အားပေးနေတာတောင် မင်းတို့က သတ်ကြပုတ်ကြနဲ့ ကောင်းလားကွာ၊ မင်းတို့အချင်းချင်း ရည်းစားကိစ္စကြောင့်ဖြစ်တာအကြောင်းမဟုတ်ပေမဲ့ အခုလိုပြိုင်ပွဲကိုခုတုံးလုပ်ပြီး ရန်စဖော်တာတော့မကောင်းဘူး၊ စည်းလုံးညီညွတ်မှုမရှိကြောင်းဖော်ပြနေသလိုပဲ၊ ဒီလိုဝန်ထမ်းဘဝဆိုတာ ဆုံရခဲတယ်၊ ဆုံတွေ့ရတဲ့အချိန်မှာ ညီရင်းအစ်ကိုစိတ်နဲ့နေသင့်တာပေါ့ကွာ၊ မနာလိုဝန်တိုစိတ်တွေ မကျေနပ်ချက်တွေနဲ့ဆို တစ်ယောက်နဲ့တစ်ယောက် ဘယ်မှာအဆင်ပြေနိုင်ပါ့မလဲ၊ ဒီနေရာမှာ တစ်သက်လုံးနေသွားကြမဲ့လူတွေမဟုတ်ဘူး၊ နောင်တစ်ချိန်ပြန်တွေ့ရင် မိတ်ဆွေတွေအနေနဲ့ ပြန်တွေ့တာအကောင်းဆုံး၊ ဒါကြောင့် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနေကြပါ"

လူဦးရေ ရာကျော်ရှိသော စက်ရုံဝန်ထမ်းများကို ကွပ်ကဲအုပ်ချုပ်ရသည်မှာ လွယ်တော့မလွယ်လှ။ သူတို့အားလုံး၏ အုပ်ချုပ်မှုကိစ္စအဝဝကို ဦးမျိုးခိုင်က စက်ရုံမှူးကို တာဝန်ခံတင်ပြရသည်။ မနက်တန်းစီမှစ၍ ညလုံခြုံရေးကင်းများစောင့်သည်ထိ ကိုယ်မပါလို့မရ။ သက်ဆိုင်ရာ တာဝန်ခံများရှိသည့်တိုင် တစ်ခုခုဆို ကိုယ့်ခေါင်းပေါ်ကဖြုတ်ရသည်မို့ မသိတာမရှိအောင် လုပ်ထားရသည်မှာ ဦးမျိုးခိုင်၏ တာဝန်သာမက ဝတ္တရားများဆိုလည်း မှန်ပေသည်။

(၆)

ယခုမနက် စက်ရုံတွင်းမှာ လူတချို့ဟိုတစ်စုသည်တစ်စု တွတ်ထိုးနေကြသည်။

တန်းမစီခင်မှာလည်း တွတ်ထိုးကြသလို တန်းဖြုတ်တော့လည်း အမျှင်မပြတ်သေးကြ။ သို့လောသို့လောသတင်းတွေက အတည်ပြုဖို့ခက်လှသည်။ ကောလာဟလဆိုရင် ကာယကံရှင်သာ နစ်နာရမည်ဖြစ်၏။ သို့သော် ဒီမနက်ဝန်ထမ်းများတန်းစီကွင်းသို့ ဆရာဦးမျိုးခိုင်ရောက်မလာခဲ့ခြင်းက စဉ်းစားစရာဖြစ်နေပြန်သည်။

"ညကပဲ ဆရာ့ကို စခန်းမှာထိန်းသိမ်းဖို့ ခေါ်သွားတယ်တဲ့"

"ပြောသံကြားတာတော့ သကြားတွေ စာရင်းလျှော့ပြမှုပါတယ်၊ ဆီတွေလဲ အလွဲသုံးစားလုပ်တယ်လို့ ပြောသံကြားတယ်"

"ဆရာ ဦးဝင်းကျော်ပြောင်းသွားရတာ သူ့စနက်မကင်းဘူးလို့လဲ ကြံ့ဝယ်မန်နေဂျာကြီးက ပြောတယ်ဗျ။ ဦးမျိုးခိုင်က စီမံနေရာရဖို့ သူ့ဆရာ ဦးဝင်းကျော်ကို ပထုတ်ခဲ့တာလို့ ပြောကြတာပဲ၊ ကိုယ့်ဆရာတပည့်တွေ အချင်းချင်း လုပ်ရက်တယ်ဗျာ"

သတင်းတွေကမျိုးစုံလှသည်။ မည်သည့်ဟာကို အတည်ယူရမှန်းမသိ။ သို့သော် ဖြစ်လည်းဖြစ်နိုင်သည်။ လွန်ခဲ့သည့်တစ်ပတ်က ရုံးချုပ်က စစ်ဆေးရေးအဖွဲ့တွေစက်ရုံကိုရောက်လာကြသည်။ ဒီနှစ်ခုဆက်စပ်ကြည့်လျှင် ဆရာဦးမျိုးခိုင်ပြဿနာတွေက အကြောင်းအကျိုးတိုက်ဆိုင်နေသည်။

"တို့တွေ ငွေကြေးအဆင်မပြေလို့ လေး၊ ငါး၊ ဆယ် အိတ်ခိုးထုတ်တော့ ဟောလိုက်တဲ့ ဝန်ထမ်းကောင်းတရားတွေ၊ အခုသူ့ကျတော့ နည်းသလား အိတ်ကိုရာနဲ့ချီလို့၊ ဒါတောင် ဒီတစ်နှစ်ပဲရှိအုံးမယ်၊ အရင့်အရင်ဟာတွေ ပါပ့်မလားတောင်မသိဘူး၊ ကောင်းပါတယ် သူ့စရိတ်နဲ့သူပေါ့"

ကတ္တားတာဝန်ခံ အောင်ဝင်းဆီမှ စကားသံသဲ့သဲ့ကို ကိုခင်မောင် ကြားလိုက်ရသည်။

"ဒီမနက်ကြားတဲ့သတင်းက သေချာပြီလား ကိုစံရွှေ"

"အင်း.. ညတုန်းကတော့ ရဲကားတစ်စီး ဆရာမျိုးခိုင်အိမ်ရှေ့ရောက်လာတယ်ဗျ၊ စက်ရုံမှူးကားလဲတွေ့လိုက်ရတယ်၊ လိုအပ်တာတွေ စစ်ဆေးမယ်လို့တော့ အသံကြားတယ်"

ကိုစံရွှေ့ဆီကဆို၍ သတင်းကသေချာသလောက်ရှိသည်။ ကိုစံရွှေက ကုန်ထုတ်ဌာနမှူး ဆရာဝင်းအောင်၏ညီဖြစ်သည်။ ကုန်ထုတ်ဌာနမှူးနှင့် စီမံဌာနမှူးတို့က တစ်အိမ်သာခြား၏။ ကိုခင်မောင့်မျက်လုံးထဲ သူ့ဆရာဦးမျိုးခိုင်၏ ဖြူဖြူဖွေးဖွေး ပြည့်ပြည့်ဖြိုးဖြိုးမျက်နှာကြီးကို မြင်ယောင်လာမိသည်။

"ဆီဂိုဒေါင်ကိုင်တဲ့လူရဲ့ ဆိုင်ကယ်က ဆီပြတ်တယ်ဆိုတော့ ရယ်တော့ရယ်ရသား ကိုခင်မောင်ရ"

အဲဒီတုန်းကတော့ ကိုခင်မောင်နားမလည်ခဲ့ပါ။ ပိုဆိုးသည်ကား –

"အရန်ဆီထဲက တစ်ပုံးလောက် ကျုပ်ကားပေါ်တင်ထားစမ်းပါအုံးဗျာ၊ ဒီနေ့ကြံ့တောင်သူတွေဆီသွားဖို့ရှိတယ်ဗျ၊ စက်ရုံမှူးကလဲ တစ်ခုခုဆိုကျုပ်မပါရင်မပြီးဘူးနဲ့တူတယ်၊ တစ်လတစ်လ သွားရလာရနဲ့ ခွဲတမ်းရတဲ့ဆီက မလောက်ချင်ဘူး"

ကိုခင်မောင်ကတော့ ဆီစာရင်းကိုင်သော်လည်း အခြားလုပ်ငန်းသုံးယာဉ်များကိုသာ စာရင်းမှတ်၏။ ဆရာဦးမျိုးခိုင်နှင့် အခြားတာဝန်ရှိလူကြီးများ၏ စာရင်းကိုတော့ တရားဝင်လယ်ဂျာနှင့် မှတ်သားခြင်းမရှိ။ သီးခြားစာအုပ်အလွတ်နှင့်သာ မှတ်သားပေးထားတာဖြစ်သည်။ နောက်ပြီး ဘယ်သွားမှာလဲ၊ ဘာလုပ်မှာလဲတွေ မေးပိုင်ခွင့်မရှိ။ သာမန်ဆီရော အရန်ဆီပါ တောင်းလျှင်ထုတ်ပေးလိုက်သည်။

"ချပေးထားတဲ့ဆီတွေက နည်းတာမဟုတ်ဘူး၊ ကြားမှာကို သူစာရင်းဖျောက်ထားတာတွေက တစ်လဆယ်ဂါလန်လောက်ရှိတယ်"

ဒါတွေကို ကိုခင်မောင် မသိချင်တော့ပါလေ။ စိတ်လည်းမဝင်စားမိ။ စိတ်မဝင်စားဘူးဆိုကာမှ ဆီတစ်ဂါလန်အလွဲသုံးစားမှုကြောင့် သူ့ကိုတရားဟောခဲ့သည့် ဆရာ့ရုပ်လွှာကိုမြင်ယောင်မိပြန်သေး၏။ ထိုစဉ်က ဆရာ့မျက်နှာသည်ကား လောကတစ်ခုလုံးတွင် အတည်ကြည်အဖြောင့်မတ်ဆုံးသော ခုံရုံးတရားသူကြီးတစ်ဦးနှယ်ပါပေ။

မည်သို့ပင်ဖြစ်စေ ကိုခင်မောင်အတွက်တော့ ကြီးသည်ငယ်သည်မဟူ လုပ်ဖော်ကိုင်ဖက်တစ်ဦးကို ဆုံးရှုံးရမည်ဖြစ်သောကြောင့် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး။

❖ကိုခင်မောင်ကတော့ ဆီစာရင်းကိုင်သော်လည်း အခြားလုပ်ငန်းသုံးယာဉ်များကိုသာစာရင်းမှတ်၏။ ဆရာဦးမျိုးခိုင်နှင့် အခြားတာဝန်ရှိလူကြီးများ၏ စာရင်းကိုတော့ တရားဝင်လယ်ဂျာနှင့် မှတ်သားခြင်းမရှိ။ သီးခြားစာအုပ်အလွတ်နှင့်သာ မှတ်သားပေးထားတာဖြစ်သည်။ နောက်ပြီး ဘယ်သွားမှာလဲ၊ ဘာလုပ်မှာလဲတွေ မေးပိုင်ခွင့်မရှိ။ သာမန်ဆီရော အရန်ဆီပါတောင်းလျှင်ထုတ်ပေးလိုက်သည်။ "ချပေးထားတဲ့ဆီတွေက နည်းတာမဟုတ်ဘူး၊ ကြားမှာကို သူစာရင်းဖျောက်ထားတာတွေက တစ်လဆယ်ဂါလန်လောက်ရှိတယ်" ဒါတွေကို ကိုခင်မောင်မသိချင်တော့ပါလေ။ စိတ်လည်းမဝင်စားမိ။ ❖

# နို့တစ်ခွက်

**ဆူးသစ်**

တစ်ခါတုန်းက 'ဟောင်းဝပ်ကယ်လီ'ဆိုတဲ့ ဆင်းရဲသားလေးတစ်ဦးဟာ သူ့ရဲ့ကျောင်းစရိတ်အတွက် အိမ်တစ်အိမ်ပြီးတစ်အိမ် ဝင်လိုက်ထွက်လိုက်နဲ့ အထည်တွေလိုက်ရောင်းရပါသတဲ့။ တစ်နေ့မှာတော့ အဲဒီလိုလိုက်ရောင်းရင်း သူ့အိတ်ထဲမှာ ပိုက်ဆံအကြွေဆယ်ပြားလောက်ပဲ ကျန်တော့တယ်။ သူ့ခမျာဆာလောင်လွန်းလို့ သူသွားမဲ့ နောက်တစ်နေရာရောက်ရင် အစားအစာလေးဘာလေး ရလိုရငြား တောင်းကြည့်မယ်လို့ ဆုံးဖြတ်ထားခဲ့တယ်။

အဲဒီလိုနဲ့ နောက်တစ်အိမ်လဲရောက်ရော လှပပြီး ငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက် တံခါးလာဖွင့်ပေးတာမြင်တော့ သူ့ရဲ့ဆာလောင်မှုတွေပျောက်သွားတယ်တဲ့။ ဒါနဲ့ သူက သူတောင်းချင်တဲ့ အစားအစာတွေအစား ရေတစ်ခွက်ကိုပဲ တောင်းဖြစ်တော့တယ်။

ဒါပေမဲ့ သူ့ရဲ့ဆာလောင်မွတ်သိပ်မှုကို သတိထားမိတဲ့ ကောင်မကလေးကတော့ သူတောင်းတဲ့ ရေတစ်ခွက်အစား နို့တစ်ခွက်ကို ခွက်ကြီးကြီးနဲ့ ယူလာပေးသတဲ့။ ဒါနဲ့ အဲဒီလူငယ်လေးဟာ နို့တွေကိုဖြည်းဖြည်းချင်းသောက်တယ်။ ပြီးတော့ "ဒီနို့အတွက် ကျွန်တော်ဘယ်လောက်ပေးရမလဲခင်ဗျာ"လို့ မေးလိုက်တယ်။ ဒီတော့ ကောင်မကလေးက "ဒါအတွက် ကျွန်မကို ဘာမှပေးစရာမလိုပါဘူး"တဲ့။

"ကျွန်မအမေက ကျွန်မတို့ကို သင်ထားပါတယ်။ တစ်ယောက်ကို စေတနာနဲ့လုပ်ပေးပြီးတဲ့အခါ အဲဒီကနေ ဘာမှပြန်ပြီးလက်မခံပါနဲ့တဲ့"။ ဒီမှာပဲ ကောင်ကလေးက "ဒီလိုဆိုရင် ကျွန်တော့်နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ"လို့ ပြောခဲ့တာပေါ့။

အဲဒီအိမ်ကနေ ထွက်လာပြီးတဲ့အခါမှာတော့ ဒီလူငယ်လေးဟာ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာတွေ ပြန်ပြီး သန်မာတောင့်တင်းလာတယ်လို့ ခံစားရသလို ဘုရားသခင်ထံကနေ သူစွန့်လွှတ်လုနီးပါးဖြစ်နေတဲ့ ယုံကြည်မှုတွေကိုပါ ပြန်ရလာသလို ခံစားလာရတယ်။

နှစ်တွေများစွာ ကြာလာပြီးတဲ့နောက်မှာတော့ အဲဒီငယ်ရွယ်ပြီး ချောမောလှပတဲ့ မိန်းကလေးဟာ အင်မတန်မှ ဆိုးရွားပြင်းထန်တဲ့ဖျားနာမှုကို ခံစားရပါတော့တယ်။ အဲဒီမြို့ကလေးက ဆရာဝန်တွေ ဦးနှောက်ခြောက်ကုန်ပြီး ဒီလိုဖြစ်ခေါင့်ဖြစ်ခဲနာမကျန်းမှုမျိုးကို ရောဂါရှာဖွေကုပေးနိုင်တဲ့ အထူးကုတွေရှိတဲ့မြို့ကြီးဆီကို အဲဒီမိန်းကလေးကို ပို့လိုက်ပါလေရော။

အဲဒီမြို့လေးမှာတော့ ကျန်းမာရေးအတိုင်ပင်ခံအဖြစ်ဆောင်ရွက်နေတဲ့ ဆရာဝန်တစ်ယောက်ဟာ မိန်းကလေးရောက်လာတာကို သိသိချင်းမှာပဲ ဒီမိန်းကလေးရဲ့အသက်ကိုကယ်ဖို့ ကြိုးစားပါတော့တယ်။ ဒီဆရာဝန်ကြီးဟာ ဒီမိန်းကလေးကို အထူးဂရုစိုက်ကုသပေးပြီး နောက်ဆုံးမှာတော့ သူဟာ အောင်မြင်သွားပါတယ်။

ဒါပေမဲ့ အဲဒီမိန်းကလေးအတွက် ဆေးကုသစရိတ်တောင်းခံလွှာလာရင် သူ့ဆီပို့ပေးဖို့ကိုတော့ မှာထားခဲ့ပါသတဲ့။ ငွေတောင်းခံလွှာရောက်လာတော့ အဲဒီဆရာဝန်ဟာ ငွေတောင်းခံလွှာဘေးက မာဂျင်လိုင်းမှာ စာကောက်ရေးပြီးမှ လူနာမိန်းကလေးဆီကို ပို့ပေးလိုက်တယ်။

မိန်းကလေးကတော့ ငွေတောင်းခံလွှာစာအိတ်ကိုကြည့်ရင်း လန့်နေမိတာပေါ့။ သူထင်တာက အဲဒီအိတ်ကိုသူဖွင့်လိုက်တာနဲ့ သူ့ရဲ့လက်ကျန်ဘဝတစ်ခုလုံးကိုတောင်ပေးရလောက်တဲ့ထိ ငွေပမာဏမျိုးတောင်းခံထားတဲ့ငွေတောင်းခံလွှာကို တွေ့ရမှာပဲပေါ့။ ဒီလိုနဲ့ အဲဒီစာအိတ်ကို သူဖွင့်ကြည့်လိုက်တယ်။

ဒီမှာပဲ ငွေတောင်းခံလွှာရဲ့ ဘေးမာဂျင်ပေါ်မှာပါတဲ့ တစ်စုံတစ်ခုက သူ့အာရုံကို ဖမ်းစားထားတော့တယ်။ အဲဒါကတော့ စာလုံးလေးတွေ အနည်းငယ်ပါ။ သူ အဲဒီစာလုံးလေးတွေကို ဖတ်လိုက်တယ်။

"နို့တစ်ခွက် အပြည့်ပေးပါ။ ဒေါက်တာ ဟောင်းဝပ်ကယ်လီ"လို့ ရေးထားတဲ့စာကိုပဲ တွေ့ရပါတယ်။

ဒီအချိန်မှာတော့ သူသိလိုက်ပါပြီ။ သူ့ရဲ့ နှလုံးသားမှာ၊ သူ့ရဲ့မျက်လုံးမှာ ပျော်ရွှင်မှုကြောင့်ဖြစ်လာတဲ့မျက်ရည်တွေပြည့်လျှံလို့။ သူ ဆုတောင်းစကားဆိုတယ်။ "အို ဘုရားသခင်၊ သင့်ရဲ့ ချစ်ခြင်းမေတ္တာဟာ အဲဒီလူရဲ့ နှလုံးသားနဲ့လက်တွေထိ ဖြတ်သန်းသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်"လို့ ပြောလိုက်သတဲ့။

ဒီမှာပဲ ပြောစရာစကားတစ်ခွန်း ဖြစ်လာရပါသတဲ့။ "ရေထက်ကောင်းတဲ့ ပေါင်မုန့်ကိုပေးရင် အဲဒီပေါင်မုန့်ကို မင်းပြန်စားရပါလိမ့်မယ်"တဲ့။

မင်း ဒီနေ့ပြုလိုက်တဲ့ကောင်းမှုတစ်ခုဟာ မင်းမျှော်လင့်မထားတဲ့အချိန်မှာ မင်းဆီကို ပြန်လာနိုင်သလို၊ မင်းချစ်တဲ့တစ်စုံတစ်ယောက်ဆီကို ပြန်ရောက်လာနိုင်ပါတယ်တဲ့။ ဒီလိုပြန်လာတာကို မမြင်ရဘူးဆိုရင်တောင် အနည်းဆုံးတော့ ကောင်းတာတစ်ခုဟာ အသွင်ပြောင်းပြီး မင်းဆီရောက်လာလို့ မင်းလက်ခံရရှိပါလိမ့်မယ်တဲ့။

ကျွန်တော်တို့ရဲ့ဘဝမှာ လူပေါင်းများစွာနဲ့ ကြုံတွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ စစ်မှန်တဲ့ သူငယ်ချင်းမိတ်ဆွေတွေကသာ နှလုံးသားမှာ ထင်ကျန်အောင်လုပ်နိုင်တာပါတဲ့။

**❖ တကယ်တော့ အစာဆာလို့ရေတောင်းသောက်တဲ့ 'ဟောင်းဝပ်ကယ်လီ'ဆိုတဲ့ လူငယ်လေးဟာ အဲဒီနို့တစ်ခွက်မသောက်ခဲ့ရရင် သူ့ရဲ့ယုံကြည်မှု၊ သူ့ရဲ့စိတ်ခွန်အားတွေပြန်ရဖို့မလွယ်ခဲ့ပါဘူး။ သူ မမျှော်လင့်ထားတဲ့တစ်နေရာကနေထွက်ပေါ်လာတဲ့ တုံ့ပြန်မှု၊ မျှော်လင့်ချက်ကင်းတဲ့တန်ဖိုးသတ်မှတ်မထားတဲ့ နို့တစ်ခွက်မှာပါတဲ့ လူတစ်ယောက်ရဲ့ အကြင်နာ၊ စေတနာတွေကြောင့်သာ သူ့ဘဝအတွက် အားသစ်တွေဖြစ်ခဲ့ရတာပေါ့။ ဒီတန်ဖိုးမသတ်မှတ်ထားတဲ့ နို့တစ်ခွက်ဟာ တကယ်တော့ လူနှစ်ယောက်အတွက် အပြန်အလှန်တန်ဖိုးတွေကြီးမားခဲ့ကြတာ သူတို့အတွက် နှစ်ပေါင်းများစွာကြာပြီးတဲ့အချိန်မှာ ပြန်သိခဲ့ရတာပါပဲ။ ❖**

အင်တာနက်ကနေရှာလိုက်တဲ့ စာတစ်ပိုဒ်ပါ။ ဖတ်ကောင်းအောင် ဘာသာပြန်ကြည့်မိတာလေး မျှဝေပေးလိုက်ပါတယ်။ ဒီစာကရတာတွေ ဆွေးနွေးကြည့်ချင်သေးတယ်။

တကယ်တော့ အစာဆာလို့ ရေတောင်းသောက်တဲ့ 'ဟောင်းဝပ်ကယ်လီ'ဆိုတဲ့ လူငယ်လေးဟာ အဲဒီ နို့တစ်ခွက်မသောက်ခဲ့ရရင် သူ့ရဲ့ယုံကြည်မှု၊ သူ့ရဲ့ စိတ်ခွန်အားတွေ ပြန်ရဖို့မလွယ်ခဲ့ပါဘူး။ သူ မမျှော်လင့်ထားတဲ့တစ်နေရာကနေ ထွက်ပေါ်လာတဲ့တုံ့ပြန်မှု၊ မျှော်လင့်ချက်ကင်းတဲ့ တန်ဖိုးသတ်မှတ်မထားတဲ့ နို့တစ်ခွက်မှာပါတဲ့ လူတစ်ယောက်ရဲ့ အကြင်နာ၊ စေတနာတွေကြောင့်သာ သူ့ဘဝအတွက် အားသစ်တွေဖြစ်ခဲ့ရတာပေါ့။

ဒီတန်ဖိုးမသတ်မှတ်ထားတဲ့ နို့တစ်ခွက်ဟာ တကယ်တော့ လူနှစ်ယောက်အတွက် အပြန်အလှန် တန်ဖိုးတွေကြီးမားခဲ့ကြတာ သူတို့အတွက် နှစ်ပေါင်းများစွာကြာပြီးတဲ့အချိန်မှာ ပြန်သိခဲ့ရတာပါပဲ။

ဒီစာလေးက မိတ်ဆွေကောင်းဆိုတာကို ဦးတည်ပြီး ပြောချင်ခဲ့ပေမဲ့ ကျွန်တော်တို့ ရလိုက်တာတွေ အများကြီးပါပဲ။ လူတစ်ယောက် တကယ်ငတ်မွတ်နေတဲ့အခါ၊ သူလိုအပ်နေတဲ့အခါ မျှော်လင့်ချက်ကင်းကင်းနဲ့ ကျွန်တော်တို့ ပေးဆပ်ခဲ့ဖူးပါသလား။ သူ့ဆီက ဘာပြန်ရမလဲဆိုတာကိုကြည့်ပြီးမှ ပေးတတ်ခဲ့တဲ့လူတွေကလဲ အများကြီးပါပဲ။ ဒါတောင် ကိုယ်ပေးရတဲ့ပမာဏက နည်းနည်းလေးကိုပဲ ဘာပြန်ရမလဲ ကြည့်နေတာနော်။

ဘာပြန်ရမလဲဆိုတဲ့အတွေးနဲ့ ပေးလိုက်သူတွေ အဖို့ကတော့ ရတော့ရမယ်။ စစ်မှန်တဲ့ လူ့ဘဝထဲက အနှစ်သာရမျိုးတော့ ရမှာမဟုတ်ပါဘူး။

လူငယ်လေးတစ်ယောက်ရလိုက်တဲ့ နို့တစ်ခွက်မှာ ဘာတောင်းဆိုမှုမှမပါပါဘူး။ ဒါပေမဲ့ အဲဒီ နို့တစ်ခွက်ကြောင့်ပဲ လူနာမိန်းကလေး ရသွားတာက အများကြီးပါပဲ။ တစ်ယောက်နဲ့တစ်ယောက်ထားရှိတဲ့ လူသားချင်းစာနာမှု၊ ပြီးတော့ စေတနာ၊ ကရုဏာ၊ သန့်စင်တဲ့မေတ္တာတွေက လူ့ဘဝရဲ့ ကောင်းလွန်းတဲ့ အရသာတွေကို ဖြစ်ပေါ်စေတာပါလားလို့ ဒီစာပိုဒ်လေးက ဆင်ခြင်မိစေပါတယ်။

နောက်တစ်ခုက လူတစ်ယောက်ကို ကိုယ်တတ်နိုင်သလောက်ပေးဆပ်လိုက်ရခြင်းကြောင့် အဲဒီလူတစ်ယောက်ရဲ့ဘဝတစ်ခုလုံး ပြောင်းလဲသွားအောင်ဖြစ်စေနိုင်ပါလားဆိုတဲ့ အသိလဲရလိုက်တယ်။ နို့တစ်ခွက်ဟာ ဘဝတစ်ခုရဲ့ အားသစ်ဖြစ်တယ်၊ အလှည့်အပြောင်းဖြစ်စေတယ်ဆိုတာ အဲဒီနို့တစ်ခွက်နောက်ကကပ်ပါလာတဲ့ စေတနာ၊ အကြင်နာတွေကြောင့်ဆိုတာ သတိပြုမိမှာပါ။

ကိုယ်ရဖို့သာကြိုးစားရင်းရှင်သန်နေရင် အဲဒီလိုလူတွေအတွက် ပြန်လာနိုင်တဲ့သက်ရောက်မှုမျိုးဟာ ဘာလဲဆိုတာလဲ တွေးဆလို့ကောင်းပါရဲ့။ ဘာအရောင်မှမပါတဲ့နို့တစ်ခွက်၊ တန်ဖိုးသတ်မှတ်မပေးတဲ့နို့တစ်ခွက်ကြောင့်သာ ပြန်ပေးဆပ်ဖို့မလွယ်တဲ့ဆေးဖိုးတွေ အကုန်ကျခဲ့ရတာပေါ့။ ဒီနို့တစ်ခွက်မှာ နားလည်မှု၊ သိတတ်မှုတွေ၊ အပြန်အလှန်စေတနာတွေ၊ လူသားဆန်မှုတွေ အကုန်ပါသွားခဲ့တာပါပဲ။ လူတစ်ယောက်ကိုတိုက်ခဲ့တဲ့ နို့တစ်ခွက်ကြောင့် လူအများ တွေးစရာတွေရလာပြီပေါ့ကွာ။

ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ဘဝထဲမှာ လူဘယ်နှယောက်ကို နို့တစ်ခွက်စီ တိုက်ခဲ့ပြီးပြီလဲ။ ကျွန်တော်တို့ နို့တစ်ခွက်စီ တိုက်ခဲ့တယ်ဆိုရင်တောင် အဲဒီ နို့တစ်ခွက်မှာ ဘာမျှော်လင့်ချက်တွေထည့်ခဲ့သေးလဲ။ အဲဒီ နို့တစ်ခွက်ကြောင့် သောက်ခဲ့တဲ့လူတွေ ဘဝတိုးတက်တာ၊ မတိုးတက်တာ၊ အားသစ်ဖြစ်တာ၊ မဖြစ်တာထက် ကိုယ်ထားခဲ့တဲ့ စိတ်ရဲ့သန့်စင်မှုကိုသာ တိုင်းတာကြည့်ပါ။ အဲဒီအခါ ကျွန်တော်တို့ တိုက်ခဲ့တဲ့ နို့တစ်ခွက်တိုင်းရဲ့သန့်စင်မှုကို မြင်ရင်း ကျေနပ်ကြည်နူးနိုင်မှာပါ။

အဲဒီနို့တစ်ခွက်ကြောင့် ရှင်သန်ရင်းအားသစ်ဖြစ်သွားတဲ့သူတွေရှိခဲ့ပြီဆိုရင်တော့ ပိုလို့ကြည်နူးနိုင်ပြီပေါ့။ ပြီးတော့ ကိုယ်တိုင်ကရော နို့ဘယ်နှခွက်သောက်ခဲ့ဖူးသလဲ။ အဲဒီ နို့တစ်ခွက်တိုင်းမှာရော တန်ဖိုးတွေသတ်မှတ်ထားလား။ တုံ့ပြန်မှုကိုမျှော်လင့်ခြင်းမျိုးမရှိတဲ့ နို့တစ်ခွက်တွေရော သောက်ခဲ့ဖူးလား။

ကိုယ်တိုင် နို့တစ်ခွက်သောက်ခဲ့ဖူးတယ်ဆိုရင် အဲဒီနို့တစ်ခွက်အပေါ်မှာထားတဲ့ ကိုယ့်ကို နို့တစ်ခွက်တိုက်သူတွေရဲ့ အနေအထားကိုသာ မှန်းဆကြည့်ပါ။ ပြီးတော့ ကိုယ်တိုင်သာ နို့တစ်ခွက်တိုက်ရသူဖြစ်လာရင်ရော ဘယ်လိုခံစားမှုမျိုးနဲ့တိုက်နိုင်မှာလဲ သုံးသပ်နိုင်ပါစေ။

ကျွန်တော်တို့ရဲ့လူ့ဘဝထဲမှာ နို့တစ်ခွက်သောက်ပြီး ရှင်သန်တဲ့သူတွေရှိနေကြသလို၊ နို့တစ်ခွက်တိုက်ဖို့ မေ့နေသူတွေလဲ ရှိနေမှာပါပဲ။ နို့တစ်ခွက်တောင် သောက်ခွင့်မရကြတဲ့သူတွေရှိသေးသလို၊ နို့တစ်ခွက်ပေါင်းများစွာ တိုက်နေသူတွေလဲ ရှိသေးတာပါပဲ။

ဘယ်လိုနို့တစ်ခွက်မျိုးသောက်ခဲ့ပြီး ဘယ်လိုနို့တစ်ခွက်မျိုး ပြန်တိုက်ချင်လဲဆိုတာ ဆုံးဖြတ်နိုင်ပါစေကွာ။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက် ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာအုပ်မှ ဖော်ပြပါသည်။)**


**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ယင်းမာပင် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၃၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို မေလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၀၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ နှမ်း ၂၃၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်နဲ့စိုက်ပျိုးဖို့ အသိပညာပေး ဆောင်ရွက်ခဲ့ပါတယ်" ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပြည်မြို့နယ် မြရွာကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပြည် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် မြရွာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မြရွာကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါမြေနီကျောက်စရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြရွာကျေးရွာ၌ လမ်းအရှည် ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၆၂ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဧပြီ ၂၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အိမ်မဲမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၁၀၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန်၊ ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကင်းထောက်မှတ်တမ်းယူပြီး တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၁၀၈၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ၁၀၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်ဖို့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်ပျိုးရာ၌ ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာဥ၊ မုန်ညင်း၊ သခွား၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ကြက်ဟင်းခါး၊ ပဲပုစွန်သီး၊ ချဉ်ပေါင် စသည့်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များနှင့်အတူ ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ၊ စီမံကိန်းညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၃ ဦးကို VRFP စီမံကိန်း ရန်ပုံငွေကျပ် ၄၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သန်းသန်းစိုး**



# ဆင်ပေါင်ဝဲမြို့နယ် မွှန်းညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွှန်းညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၆၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မွှန်းညောင်ပင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၃ ဒသမ ၈၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၁၈သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၀၄ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၆သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၆၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

ခရီးသွားဆောင်းပါး

# နှုတ်ဆက်ခဲ့ပြီ ကျွန်းဂေါ်ရန်ဂျီ

သက်နိုင်(ပြင်ဦးလွင်)

ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နယ်ခွဲအတွင်းမှာ တည်ရှိနေတဲ့ ဂေါ်ရန်ဂျီကျွန်းအနီးက လိပ်ချိုင်စခန်းကို မိမိတို့မောင်နမတွေလှေလာကြည့်ရှုအပြီး စားသောက်ဆိုင်တစ်ဆိုင်မှာ နားနားနေနေနဲ့ အုန်းရည်သောက်ကြတယ်။ အုန်းရည်သောက်ပြီးတာနဲ့ အသွားအပြန် ကြုံပို့ပေးတဲ့စက်လှေနဲ့ လိပ်ချိုင်စခန်းကို ပြန်ကြတော့မှာပါ။ ဒါပေမဲ့ မိမိတို့ပြန်ခါနီးအချိန်မှာ သံပခြုပ်သောက်ကြအုံးမလားဆိုပြီး လူတစ်ယောက်က ဆိုင်ထဲဝင်လာပြီး မေးတယ်။ သံပခြုပ်ဆိုတာကို ကြားသာကြားဖူးနေပြီး ဘယ်လိုမျိုးလဲ၊ ဘယ်လိုအသုံးဝင်သလဲဆိုတာကို မိမိအနေနဲ့ သိထားခြင်းမရှိပါဘူး။ အဲဒီအချိန်မှာ သံပခြုပ်က ဆေးဖက်ဝင်တယ်၊ တစ်ယောက်တစ်လုံး သောက်ကြမယ်လို့ အစ်မဖြစ်သူက ပြောပြောဆိုဆိုနဲ့ ဘယ်လိုရောင်းသလဲဆိုပြီးတော့လဲ တစ်ဆက်တည်း ဈေးမေးလိုက်တယ်။ သံပခြုပ်ရောင်းတဲ့သူက နှစ်လုံးကို တစ်သောင်းငါးထောင်ကျပ်ပါ။ သောက်မယ်ဆိုရင် ပင်လယ်ရေထဲ ဆင်းငုပ်ယူခဲ့မယ်လို့ပြောပြီး မိမိတို့အဖွဲ့နဲ့ သဘောတူညီမှုရတာနဲ့ ပင်လယ်ရေထဲ ဆင်းသွားတာကို မြင်တွေ့လိုက်ရတယ်။

သံပခြုပ်ဆင်းငုပ်တာ သိပ်မကြာဘူး၊ တစ်ခဏလောက်သာ စောင့်ရတယ်ဆိုတာကြောင့်လဲ ဆိုင်အတွင်းမှာ ဆက်လက်စောင့်ဆိုင်းနေကြတယ်။ ပြောထားတဲ့အတိုင်း အဲဒီလူက မကြာခင်မှာ သံပခြုပ်တွေနဲ့ ဆိုင်ကိုပြန်ရောက်လာတယ်။ သံပခြုပ်ရဲ့ပုံသဏ္ဌာန်က ကြက်မောက်သီးနဲ့ ခပ်ဆင်ဆင်တူတယ်။ ဒါပေမဲ့ သံပခြုပ်ရဲ့အရောင်က အစိမ်းရောင်ဖြစ်ပြီး အပေါ်က ဆူးတွေပါတယ်။ သံပခြုပ်က ရေသတ္တဝါတစ်မျိုးပါ။ တစ်ခုနဲ့တစ်ခု အကြီးအသေး၊ အရွယ်ပမာဏ မတူညီကြဘဲ အနည်းငယ်ကွာခြားမှု ရှိနေတယ်။ မိမိတို့က သံပခြုပ်တွေကို လှေလာနေတဲ့အချိန်မှာ ရေငုပ်သမားက သံပခြုပ်တစ်လုံးကို စတီးဇွန်းတစ်ချောင်းနဲ့ စတင်အခွံခွာနေတယ်။ သံပခြုပ်ရဲ့ အခွံတွေက မာသယောင်ယောင်ရှိနေတယ်။ စိတ်ရှည်လက်ရှည်နဲ့ တဖြည်းဖြည်းချင်း အချိန်ပေးပြီး ခွာယူနေရတယ်။ ခဏအကြာမှာ ကြက်ဥအကာလို အရည်အနှစ်ဖြူဖြူတွေကို တွေ့မြင်ကြရတယ်။ ဒါပေမဲ့ အများအပြားမဟုတ်ဘဲ အနည်းငယ်သာပါရှိနေတယ်။

ရေငုပ်သမားက အဲဒီအရည်လေးတွေကို ခွက်ငယ်တစ်ခုထဲကို ထည့်လိုက်ပြီး သံပယိုသီးတစ်ခြမ်းကို အရည်ညှစ်၊ ပျားရည်တစ်ဇွန်းနဲ့အတူ ရောမွှေပြီးမှ မိမိတို့ကို သောက်ခိုင်းပါတယ်။ ဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက် တစ်ခွက်စီသောက်ကြတယ်။ ဒေသခံတွေရဲ့အဆိုအရ သံပခြုပ်ကဆေးဖက်ဝင်ပြီး အလွန်အားရှိတယ်လို့ သိရတယ်။ သံပခြုပ်သောက်ပြီးကြတာနဲ့ အသင့်စောင့်ဆိုင်းနေတဲ့စက်လှေနဲ့ လိပ်ချိုင်စခန်းကို ပြန်လာခဲ့ကြတယ်။ နေကျချိန်ဖြစ်နေတဲ့အပြန်ခရီးမှာ ပင်လယ်ရေပြင်အတွင်း တွေ့မြင်နေရတဲ့ ကျောက်ခြေတောက်ကြီးတွေ၊ ကျောက်ဆောင်ကြီးတွေကို ဓာတ်ပုံမှတ်တမ်းရိုက်ယူကြရပြန်တယ်။ ကျောက်ခြေတောက်ကြီးတွေနဲ့ ကျောက်ဆောင်ကြီးတွေကလဲ စိမ်းလဲ့ကြည်လင်နေတဲ့ ရေပြင်ကျယ်ကြီးအတွင်းမှာ လှလှပပ တည်ရှိနေကြတယ်။ အချို့သေးသည်တွေကတော့ ကျောက်ဆောင်ကြီးတွေရှိတဲ့နေရာတွေမှာ စက်လှေကိုရပ်ခိုင်းပြီး တက်ရောက်လှေလာပျော်ရွှင်နေကြတာကိုလဲ တွေ့မြင်နေရတယ်။ မိမိတို့က လိပ်ချိုင်စခန်းကို ပြန်ရောက်ရင် မြဝတီတောင်ပေါ်ကို တက်ရောက်ချင်သေးတာကြောင့် ဘယ်နေရာကိုမှ ထပ်မဝင်ကြတော့ဘဲ လိပ်ချိုင်စခန်းရှိရာကို တိုက်ရိုက်လာခဲ့ကြတယ်။ လိပ်ချိုင်စခန်းကိုရောက်တာနဲ့ စောင်းတန်းလှေကားထစ်တွေအတိုင်း မြဝတီတောင်ပေါ်ကို တက်ရောက်လာခဲ့ကြတယ်။

မြဝတီတောင်က ပေနှစ်ရာကျော်၊ သုံးရာလောက်မြင့်ပါတယ်။ တောင်ရဲ့အနေအထားက မတ်စောက်နေတဲ့အပြင် တောင်တက်စောင်းတန်းလှေကားတွေကလဲ မက်စောက်ကျဉ်းမြောင်းနေတယ်။ စောင်းတန်းမှာ အမိုးတွေမရှိပေမဲ့ စတီးလက်ကိုင်တန်းတွေကို တပ်ဆင်ပေးထားတယ်။ ဒါ့ကြောင့် မက်စောက်လွန်းနေပေမဲ့ လက်ကိုင်တန်းတွေကိုကိုင်ပြီး အန္တရာယ်ကင်းကင်းနဲ့ တက်ရောက်နိုင်ခဲ့တယ်။ စောင်းတန်းလှေကားတွေက ဒီလိုမက်စောက်နေတာကြောင့်လဲ တောင်ထိပ်ပေါ်ကို မောမောပန်းပန်းမြန်မြန်ဆန်ဆန်နဲ့ ရောက်လာခဲ့တယ်။ တောင်ထိပ်ပေါ်မှာ ရွှေရောင်တဝင်းဝင်းနဲ့ မြဝတီစေတီတော်တစ်ဆူတည်ရှိနေတယ်။ စေတီတော်ရဲ့ ညာဏ်တော်က မနိမ့်၊ မမြင့် ကိုးတောင်ပြီးတာနဲ့ တောင်အောက်ကို ပြန်ဆင်းလာခဲ့တယ်။ တောင်ခြေကိုရောက်တာနဲ့ မောင်နမတွေ စုံလင်နေပြီဖြစ်တာကြောင့် နေ့လယ်က ထမင်းစားခဲ့တဲ့ဆိုင်မှာပဲ ညစာထမင်းကို ထပ်မံစားသောက်ကြဖို့ ဆုံးဖြတ်ပြီး ဆိုင်အတွင်းကို ဝင်လာခဲ့ကြတယ်။ နေ့လယ်ကအတိုင်းပဲ ဆိုင်ထဲမှာ လူရှင်းနေတယ်။ မိမိတို့ပါလာခဲ့တဲ့ ထမင်းတွေ ဟင်းတွေအထဲမှာ ပင်လယ်စာ ဟင်းအနည်းငယ်လောက်သာကျန်နေတော့ပြီး ထမင်းကုန်သွားပြီဖြစ်လို့ ညနေစာအတွက် ထမင်းကိုပါ မှာယူကြရတယ်။ ထမင်းမစားခင် ခြေလက်တွေဆေးဖို့အတွက် ဆိုင်အနောက်ကို သွားရောက်ကြတဲ့အခါ ထူးခြားတဲ့ကျောက်ရေတွင်း တစ်တွင်းကို မြင်တွေ့ကြရတယ်။ ရေတွင်းက တိမ်တိမ်လေးပါ။ ဒါပေမဲ့ ရေတွင်းထဲမှာ ရေတွေက အပြည့်ရှိနေတယ်။ ဘယ်လောက်ခပ်သုံးသုံး တစ်ခဏနဲ့ ရေတွေပြန်ပြည့်လာတယ်လို့ ဆိုင်ရှင်ကဆိုတယ်။



ဂေါ်ရန်ဂျီကျွန်းရှိ နံ့သာပုစခန်းကို မြဝတီတောင်ပေါ်မှ မြင်တွေ့ရစဉ်။

ပြည့်လောက်သာဖြစ်ပါတယ်။ ဒါ့ပြင် ကျယ်ဝန်းတဲ့ ရင်ပြင်တော်တွေရှိမနေဘဲ တောင်ရဲ့မျက်နှာပြင်အခြေအနေအရ ရင်ပြင်တော်လေးတွေက ဟိုတစ်ခု ဒီတစ်ခု အနိမ့်အမြင့် နေရာလေးတွေအလိုက် အဆင့်ဆင့်အထပ်ထပ်နဲ့ တည်ရှိနေကြတယ်။ ဒီရင်ပြင်တော်အထပ်ထပ် အဆင့်ဆင့်တွေပေါ်ကနေ ဂေါ်ရန်ဂျီကျွန်းအနီးရှိ ရှုခင်းတွေကို မြင်တွေ့နေရတယ်။

မြဝတီတောင်ခြေမှာရှိနေတဲ့ နံ့သာပုစခန်း၊ လိပ်ချိုင်စခန်းတွေကို ထင်ထင်ရှားရှားတွေ့ရတယ်။ ဈေးဆိုင်လေးတွေ၊ ကမ်းခြေမှာ ဆိုက်ကပ်ထားတဲ့ စက်လှေလေးတွေ၊ သဲသောင်ပြင်ကြီးအနီးက ဟိုတယ်တွေ၊ မိုတယ်တွေမြင်တွေ့ရတယ်။ တောင်ထိပ်အမြင့်ပေါ်ကနေ သေသေချာချာကြည့်မှ ဂေါ်ရန်ဂျီကျွန်းက ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းတစ်ကျွန်းမဟုတ်ဘူးဆိုတာကို သိလိုက်ရတယ်။ နံ့သာပုစခန်းနေရာမှာ ရေတွေမရှိဘဲ ကုန်းမြေအဖြစ်တွေ့ရှိနေရတယ်။ ဒါပေမဲ့ အရင်တုန်းက အခုလိုမဟုတ်ဘဲ နံ့သာပုစခန်းနေရာမှာ ရေတွေအပြည့်ရှိကြောင်းနဲ့ နေရာအားလုံးမှာ ရေတွေပတ်လည်ဝိုင်းနေတာကြောင့် ကျွန်းအဖြစ်သတ်မှတ်ထားခဲ့တာဖြစ်ကြောင်း ဒေသခံတွေရဲ့ ပြောပြချက်အရသိထားရတယ်။ အခုအချိန် နံ့သာပုစခန်းနေရာမှာ ကုန်းမြေအဖြစ် ပြောင်းလဲသွားတာကတော့ နှစ်စဉ်တောင်ကျရေတွေကနေ သယ်ဆောင်လာတဲ့ နုန်းမြေတွေကြောင့်ပါ။

မြဝတီတောင်ပေါ်ကနေ ရှုခင်းတွေကိုကြည့်ရင်း မှတ်တမ်းဓာတ်ပုံတွေကို ရိုက်ယူရင်း မကြာခင်အချိန်မှာ မှောင်လာတော့မှာဖြစ်လို့ စေတီတော်ကို ဖူးမြော်ပင်လယ်နဲ့ အလွန်နီးကပ်တဲ့နေရာမှာ ရေချိုတွင်းဖြစ်နေတာက အံ့သြဖို့ကောင်းနေတယ်။

ခြေလက်တွေ ဆေးကြောပြီးတာနဲ့ ညနေစာထမင်းကို စားသောက်ကြတယ်။ ဟင်းတွေထဲမှာ နေ့လယ်က စားသောက်လို့ကောင်းခဲ့တဲ့ ပင်လယ်စာအစုံဟင်းရည်ကပင်တိုင်ပါ။ ညစာထမင်းစားသောက်နေတဲ့အချိန်မှာပဲ မိမိတို့မှာပါရှိလာတဲ့ ဟင်းတွေကို ကုန်စင်အောင် စားသောက်လိုက်ကြတယ်။ ထမင်းစားသောက်ပြီးလို့ ဟိုတယ်ရှိရာကို ပြန်လာကြတဲ့အခါ မှောင်နေပါပြီ။

ဟိုတယ်က ပင်လယ်ကမ်းခြေအနီးမှာရှိနေတဲ့ လုံးချင်းဘန်ဂလိုလေးတွေပါ။ ဂေါ်ရန်ဂျီကျွန်းမှာ ခေတ်မီအထပ်မြင့်ဟိုတယ်ကြီးတွေမရှိကြသေးဘဲ လုံးချင်းလေးတွေသာရှိနေပါသေးတယ်။ ညမအိပ်သေးခင် ဟိုတယ်ဝရံတာမှာထိုင်ပြီး ပင်လယ်ပြင်ကြီးကိုကြည့်ရှုနေပေမဲ့ လေအလွန်တိုက်လို့အေးလာတာကြောင့် အထဲကိုဝင်ပြီး အိပ်စက်လိုက်ကြတယ်။ ညအိပ်ကြတဲ့အခါ ပင်လယ်ကနေ တိုက်ခတ်လာတဲ့ လေသံတွေကော၊ ရေသံတွေကော တဝေါဝေါ တဝုန်းဝုန်းနဲ့ အိပ်စက်ကြတယ်။ ဒါပေမဲ့ တစ်နေကုန်သွားလာလည်ပတ်ထားကြတာကြောင့် ပင်ပန်းတဲ့အရှိန်နဲ့ မကြာခင်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြတယ်။ မိမိတို့ရဲ့ ခရီးအစီအစဉ်က နောက်တစ်နေ့မနက်စာ စားသောက်ပြီးတာနဲ့ ရန်ကုန်မြို့ကိုပြန်ကြဖို့ပါ။ ရန်ကုန်မှာတစ်ညလောက် ထပ်မံနားကြပြီးမှ ပြင်ဦးလွင်မြို့ပြန်ကြဖို့ ဖြစ်ပါတယ်။

တစ်ညလုံးကောင်းကောင်းမွန်မွန် နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်ခဲ့ရတာကြောင့် မနက်မိုးစင်စင်လင်းမှ အိပ်ရာကနေ နိုးလာခဲ့ရတယ်။ ဒီအချိန်မှာ ကျန်တဲ့မောင်နမတွေက ပင်လယ်ကမ်းခြေကို သွားရောက်လှေလာကြည့်ရှုခဲ့ကြပြီး ဟိုတယ်အတွင်းကို ပြန်လည်ဝင်ရောက်လာနေကြပါပြီ။ မိမိတစ်ယောက်တည်း နောက်ကျနေပြီဖြစ်လို့ မြန်မြန်ရေချိုး၊ အဝတ်အစားလဲရအောင် အိပ်ရာကထပြီး မီးခလုတ်ကိုဖွင့်လိုက်တဲ့အခါ မီးမလာတာကို သိလိုက်ရတယ်။ ဂေါ်ရန်ဂျီကျွန်းမှာ လျှပ်စစ်မီးမရရှိသေးဘဲ မီးစက်တွေကိုသာ အသုံးပြုနေရသေးတယ်။ ညက ဟိုတယ်ကနေ ၁၁ နာရီထိ မီးစက်မောင်းပြီး မီးပေးတာကို သတိမရလိုက်ဘဲ မီးဖွင့်လိုက်မိတာပါ။ နောက်တစ်ခေါက် ဒီကျွန်းကို ပြန်လည်ရောက်ရှိလာခဲ့ရင် လျှပ်စစ်မီးရပါစေဆိုပြီး ဆုတောင်းလိုက်တယ်။

ရှေ့ခရီးကို ဆက်လက်ထွက်ခွာကြဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီဖြစ်လို့ ပစ္စည်းတွေကို ကားပေါ်တင်ပြီး ဟိုတယ်ကနေ စထွက်ခွာလာခဲ့ကြတယ်။

ဟိုတယ်ကနေ ထွက်ခွာလာခဲ့ပြီး မနက်စာစားသောက်ကြဖို့စီစဉ်တဲ့အခါ နံ့သာပုရွာမှာ စားသောက်စရာ ဘာဆိုင်မှမရှိတာကြောင့် အရင်တစ်ခေါက်ကလာခဲ့တဲ့ အတွေ့အကြုံအရ ကြွေချိုင်ရွာမှာ စားသောက်စရာတွေ စုံစုံလင်လင်ရတဲ့ လက်ဖက်ရည်ဆိုင်ရှိနေတယ်။ အဲဒီဆိုင်ရောက်မှပဲ စားသောက်ကြတော့မယ်ဆိုပြီး ကြွေချိုင်ရွာရောက်တဲ့ထိ ဆက်လက်မောင်းနှင်လာလိုက်တယ်။

ဒါပေမဲ့ ကြွေချိုင်ရွာကိုလဲရောက်ရော လက်ဖက်ရည်ဆိုင်ကို မတွေ့ရတော့ဘဲဆိုင်ဟာ ပုသိမ်မြို့ကို ပြောင်းရွှေ့သွားကြပြီဖြစ်ကြောင်း သိလိုက်ရတယ်။ ကြွေချိုင်ရွာမှာ နောက်ထပ် လက်ဖက်ရည်ဆိုင်မရှိတော့ပါဘူး။ ရခိုင်မုန့်တီဆိုင်လေးတွေ၊ အခြားအသုပ်ဆိုင်လေးတွေကို တွေ့ရှိနေရပေမဲ့ မနက်စာအဖြစ် စားသောက်ကြဖို့ အဆင်မပြေတာကြောင့် ငရုတ်ကောင်းမြို့ကိုရောက်မှ စားသောက်ကြတော့မယ်လို့ ဆုံးဖြတ်လိုက်ကြပြီး ငရုတ်ကောင်းမြို့ရှိရာကို ထွက်ခွာလာခဲ့ရတယ်။ အချိန်က မနက် ၇ နာရီရှိနေပါပြီ။ ငရုတ်ကောင်းမြို့နဲ့ ကြွေချိုင်ရွာက နှစ်မိုင်လောက်သာ ကွာဝေးပါတယ်။ ဟောင်းနွမ်းနေပြီဖြစ်တဲ့ သစ်သားတံတားဟောင်းရှည်ကြီးနေရာမှာ အစားထိုးတည်ဆောက်ထားတဲ့ သံကူကွန်ကရစ်တံတားသစ်ကြီးကို ဖြတ်ကျော်မောင်းနှင်လာပြီး မကြာခင်မှာ ငရုတ်ကောင်းမြို့ကို ရောက်လာခဲ့ကြတယ်။ မြို့တွင်းကိုရောက်တာနဲ့ကားကို ဖြည်းဖြည်းမောင်းနှင်ရင်း လက်ဖက်ရည်ဆိုင်ကို ရှာဖွေတဲ့အခါ ငရုတ်ကောင်း ပြည်သူ့ဆေးရုံကြီးရှေ့ရောက်တာနဲ့ လက်ဖက်ရည်ဆိုင်ကိုတွေ့ရတယ်။

အားလုံးကလဲ ဗိုက်ဆာနေကြပြီဖြစ်လို့ အဲဒီဆိုင်မှာပဲ စားသောက်ဖို့ ဆိုင်အတွင်းကိုဝင်လာခဲ့ကြတယ်။ ဒါပေမဲ့ ဒီဆိုင်မှာ စားသောက်ဖွယ်ရာတွေ စုံစုံလင်လင်ရှိမနေပါဘူး။ ဒါကြောင့် ပဲပြုတ်ထမင်းဆီဆမ်းနဲ့ လက်ဖက်ရည်ကိုသာ မှာယူလိုက်ကြရတယ်။ တစ်ခါတစ်ရံမှာ ထင်မှတ်မထားတာမျိုးတွေကို ကြုံတွေ့နေကြရသလို အခုလဲလာရောက်ချပေးတဲ့ ပဲပြုတ်ထမင်းဆီဆမ်းက ငရုတ်သီး ဘာလချောင်ကြော်၊ ချဉ်ပေါင်ကြော်၊ ဟင်းချိုရည်ပူပူနဲ့ စားကောင်းနေလို့ နောက်ထပ်လိုက်ပွဲတွေ မှာယူစားသောက်ခဲ့ကြတယ်။ ဈေးနှုန်းကလဲ သင့်တင့်စားသောက်လို့လဲကောင်းနဲ့ ဗိုက်ပြည့်သွားကြရတယ်။

မနက်စာစားသောက်ပြီးတာနဲ့ ငရုတ်ကောင်းမြို့ကနေ ထွက်ခွာလာခဲ့ကြတယ်။ နောက်ထပ်တစ်ကြိမ် ဘယ်အချိန်၊ ဘယ်အခါမှ ပြန်လည်ရောက်ရှိကြမယ် ဆိုတာကိုမသိတဲ့ ဂေါ်ရန်ဂျီကျွန်းကြီးကိုတော့ လက်ပြနှုတ်ဆက်ခဲ့ကြရပါပြီ။

# အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုများဖြစ်ပွားခဲ့သဖြင့် လူလေးဦးသေဆုံးခဲ့



နယူးဒေလီ ဇူလိုင် ၉

အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုများဖြစ်ပွားခဲ့သဖြင့် လူလေးဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း နယူးဒေလီမြို့တွင် အဆောက်အအုံများ ပြိုကျမှုဖြစ်ပွားကြောင်း၊ အဆိုပါ အဆောက်အအုံ ပြိုကျမှုများကြောင့် လူလေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ နိုင်ငံတစ်ဝန်းသွားလာရေး ခက်ခဲနေသည့်အပြင် လေဆိပ်သို့ သွားရောက်သည့် လမ်းကြောင်းတချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတာဝန်ရှိသူများက ခရီးသည်များကို ခရီးစဉ်အတွက် အချိန်ပိုပေး၍ ထွက်ခွာလာကြရန် အကြံပြုထားကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယမိုးလေဝသဌာနက ဒေလီမြို့နှင့် ဟာယာနာပြည်နယ်၏ နေရာတချို့တွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်သဖြင့် အနီရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဂျော်ဂျီယာနိုင်ငံ တဘီလီစီမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ရေဘေးအန္တရာယ်အရေးပေါ် အဆင့်သတ်မှတ်

ထွိလင်ဆီး ဇူလိုင် ၉

ဂျော်ဂျီယာနိုင်ငံ တဘီလီစီမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံမှု ဖြစ်ပွားနေသဖြင့် ရေဘေးအန္တရာယ် အရေးပေါ် အဆင့်သတ်မှတ်ကြောင်း ဂျော်ဂျီယာသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ဒေသခံများ အန္တရာယ်ကင်းစေရေးအတွက် ဆောင်ရွက်ပေးသွားမည့် စီမံချက်များနှင့် ပတ်သက်ပြီး တဘီလီစီမြို့တော်ဝန် ကာလက်ဇီဦးဆောင်ကာ အရေးပေါ် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရေးကို ဆွေးနွေးသွားခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရသော ဧရိယာများသို့ ကယ်ဆယ်ရေးဝန်ထမ်းများကို စေလွှတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"တဘီလီစီမြို့မှာ ဇူလိုင် ၈ ရက်ကစတင်ပြီးတော့ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတော်တော်များများလဲ ရေလွှမ်းနေတဲ့အတွက် လမ်းမတွေကို ယာယီပိတ်ထားရပါတယ်။ ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေသတ်မှတ်ထားပါတယ်။ သက်ဆိုင်ရာဌာနအလိုက်က တာဝန်ရှိသူတွေကို အစည်းအဝေး ခေါ်ယူပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေနဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်ဖို့အတွက် သေချာပြင်ဆင်ထားပါတယ်။ အခက်အခဲအားလုံးကို ချက်ချင်းဖြေရှင်းပေးနိုင်မှာမဟုတ်ပေမဲ့ ဦးစားပေးအဆင့်အလိုက် အခက်အခဲ တစ်ခုချင်းစီကို ဖြေရှင်းပေးသွားမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ တားမြစ်ထားတဲ့ ဧရိယာတွေမှာ ဖြတ်သန်းသွားလာမှုတွေ မပြုလုပ်ဖို့ဘဲလိုက်နာပေးကြပါ" ဟု ရေကြီးရေလျှံမှုနှင့် ပတ်သက်ပြီး တဘီလီစီမြို့တော်ဝန် ကာလက်ဇီက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိုင်ယာလန်နိုင်ငံတွင် လေးနှစ်ဆက်တိုက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျော့ကျလာကြောင်း EPA က ထုတ်ပြန်

ဒပ်ဘလင် ဇူလိုင် ၉

အိုင်ယာလန်နိုင်ငံတွင် ၂၀၁၅ ပဲရစ်ညီလာခံ သဘောတူညီချက်အတိုင်း ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိနေပြီး ၂၀၂၃ ခုနှစ်မှစတင်၍ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျလာကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ (EPA) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ထိရောက်သော စီမံချက်များဖြင့် ဆောင်ရွက်လာနိုင်ခြင်းကြောင့် ၂၀၂၆ ခုနှစ်အတွင်း ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျလာသည့်အတွက် လေးနှစ်ဆက်တိုက် ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျ လာခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိနှုန်းထားအတိုင်း နှစ်စဉ် ဆောင်ရွက်သွားနိုင်ပါက ၂၀၅၀ ပြည့်နှစ်အရောက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးရည်မှန်းချက် အောင်မြင်နိုင်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အေဂျင်စီ (EPA) က ထုတ်ပြန်သွားခဲ့သည်။



"၂၀၂၆ ခုနှစ်မှာလဲ ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနေပါတယ်။ စီမံချက်တွေနဲ့ ဆောင်ရွက်လာတာ ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျလာတာဟာ လေးနှစ် ဆက်တိုက် ရှိပြီဖြစ်ပါတယ်။ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုကျဆင်းတဲ့ ကဏ္ဍတွေကို ပြန်ဆန်းစစ်ကြည့်တော့ စက်မှုနယ်ကဏ္ဍနဲ့ စွမ်းအင်ကဏ္ဍတို့မှာ သိသိသာသာ ကျဆင်းခဲ့ပါတယ်" ဟု သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အေဂျင်စီ (EPA) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ကနေဒါနိုင်ငံ ဘရန်းစဝစ်ခရိုင်ဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွား လူနေအိမ်ခြေများကို ကူးစက်လောင်ကျွမ်းနေသဖြင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

အော့တဝါ ဇူလိုင် ၉

ကနေဒါနိုင်ငံ ဗြိတိသျှ ကိုလံဘီယာပြည်နယ် ဘရန်စဝစ်ခရိုင် ဒေသတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လောင် ကျွမ်းနေသဖြင့် ပျက်စီးဆုံးရှုံးမှု များဖြစ်ပေါ်နေကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ဘော်စတွန်ဘားအနီးတွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးခဲ့သော လူနေအိမ်ခြေအရေအတွက်နှင့် အခြေခံအဆောက်အအုံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ တောမီး ကူးစက်လောင်ကျွမ်းမှုသည် အန္တရာယ်ရှိသည့်အဆင့်ဖြစ်သည့်အတွက် ဒေသခံလူဦးရေ ထောင်နှင့်ချီ၍ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း၊ တောမီးသည် ဖရေဇာမြစ် မြောက်ဘက်ပိုင်းမှ ဘော်စတွန်ဘား ဧရိယာတစ်လျှောက် ကူးစက်လောင်ကျွမ်းနေပြီး တောမီးကို ထိန်းချုပ်နိုင်ရေးမှာ ကာလရှည်ကြာစွာ ကြိုးစားသွားရဖွယ်ရှိနေသည်။

"ဗြိတိသျှ ကိုလံဘီယာပြည်နယ် ဘရန်းစဝစ်ခရိုင်ဒေသမှာ တောမီး လောင်ကျွမ်းမှုတွေဖြစ် ပေါ်နေပါတယ်။ တောမီးဟာ ဖရေဇာမြစ်ဝှမ်းမြောက်ဘက်ပိုင်း ကနေ ဘော်စတွန်ဘား ဧရိယာထိကို ကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးဟာ လူနေအိမ်ခြေနဲ့ အခြေခံအဆောက်အအုံတချို့ ကို ကူးစက်လောင်ကျွမ်းနေပြီးတော့ ဒေသခံထောင်နဲ့ချီပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ မိုးလေဝသ အခြေအနေကြောင့် တောမီးကို ထိန်းချုပ်နိုင်ဖို့ကတော့ အချိန်ယူသွားရနိုင်ပါတယ်" ဟု ကနေဒါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်သိပ္ပံပညာရှင်များက စိုက်ပျိုးရေးနှင့် သစ်တောထွက် စွန့်ပစ်ပစ္စည်းများကို ဇီဝလောင်စာအဖြစ်ထုတ်လုပ်နိုင်မည့် နည်းပညာသစ်တစ်ရပ်ကို အောင်မြင်စွာတီထွင်နိုင်ခဲ့

ပေကျင်း ဇူလိုင် ၉

တရုတ်နိုင်ငံ သိပ္ပံပညာရှင်များသည် စိုက်ပျိုးရေးနှင့် သစ်တောထွက် စွန့်ပစ်ပစ္စည်းများကို ဇီဝလောင်စာအဖြစ် ထုတ်လုပ်နိုင်မည့် နည်းပညာသစ်တစ်ရပ်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ နည်းပညာကို ဆယ်စုနှစ်တစ်ခုကျော်ကြာ သုတေသနပြုလုပ်ပြီးနောက် ဟဲဖေးအမျိုးသား ဘက်စုံသိပ္ပံသုတေသနစင်တာလက်အောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်စတီကျူမှ ဖော်ထုတ်တီထွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနည်းပညာသည် စိုက်ပျိုးရေးနှင့် သစ်တောထွက်စွန့်ပစ်ပစ္စည်းများကို အဖိုးတန်အရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနိုင်စေပြီး ပတ်ဝန်းကျင်ရေးရာ တည်တံ့ခိုင်မြဲရေးနှင့် စက်မှုလုပ်ငန်း အဆင့်မြှင့်တင်ရေးတို့ကို တစ်ပြိုင်နက်တည်း အထောက်အကူပြုမည့်အရေးပါသော နည်းပညာ တိုးတက်မှုတစ်ရပ်ဖြစ်သည်။

"တရုတ်နိုင်ငံဟာ ဇီဝလောင်စာအရင်းအမြစ်များ ကြွယ်ဝတဲ့ စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ရည်မှန်းချက်ကတော့ ဒီအရင်းအမြစ်တွေ နေရာမှာ ရုပ်ကြွင်းလောင်စာတွေကို အစားထိုးနိုင်တဲ့တန်ဖိုးမြင့် ထုတ်ကုန်တွေအဖြစ် အဆင့်မြှင့်တင် အသုံးချနိုင်ဖို့ဖြစ်ပါတယ်" ဟု အန်ဟွေးပြည်နယ် ဟဲဖေးမြို့ အခြေစိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်စတီကျူ၏ စီမံကိန်းခေါင်းဆောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ရှင်းရှန့်ကျွင်းက ပြောကြားခဲ့သည်။

ထိုနည်းပညာသည် နိုင်ငံတွင် ကြုံတွေ့နေရသည့် စွမ်းအင်သုံးစွဲမှုမြင့်မားခြင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုတို့ကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၃၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၃၉၁၀ ထိ စိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၂၈၅ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက၃၉၁၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ စပါး ၂၃၂၈၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ဧက ၃၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု ကနီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနီမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး စသည့် အသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် လယ်ကြီးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၉**


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကြီးကျေးရွာအုပ်စု လယ်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လယ်ကြီးကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ(VRFP) စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လယ်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၂ ဦးနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## စာပေမြင့်မှ လူမျိုးတင့်မည်









## ပြည်တွင်းဘုရားဖူးခရီးစဉ် (GUIDE) သင်တန်းတက်ရောက်ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံပြည်တွင်းဘုရား နှင့် ခရီးသွားဝန်ဆောင်မှုအသင်း (DPTOA) (မန္တလေးဗဲ့-အထက်မြန်မာပြည်)မှ ကြီးမှူး၍ ပြည်တွင်းခရီးစဉ် လမ်းကြောင်းတာဝန်ခံ (GUIDE) သင်တန်းကို မန္တလေးမြို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလ - 2026 AUGUST (၃)ရက် မှ (၂၀)ရက်အထိ (စနေ၊ တနင်္ဂနွေပိတ်ရက်)

သင်တန်းပြီးဆုံးပါက - သင်တန်းဆင်းလက်မှတ် + GUIDE CARD (ခရီးသွားလုပ်ငန်းအလုပ်အကိုင်အခွင့်အလမ်းများရရှိမည်)

သင်ကြားမည့်ဘာသာရပ်များ - Tourism , Industry, Destination Knowledge,Guide Skills, Tourism Law & Ethics, သမိုင်း နှင့် ယဉ်ကျေးမှုအမွေအနှစ်

ခရီးစဉ်လမ်းကြောင်းများတွင် GUIDE CARD များစိစစ်အရေးယူတော့မည်ဖြစ်၍ လုပ်ငန်းရှင်များ အသင်းရုံးသို့ ဆက်သွယ်ရန် နှိုးဆော်အပ်ပါသည်။ ခရီးသွားဝါသနာပါသူများလည်း တစ်ရောက်သင့်သည့် သင်တန်းဖြစ်သဖြင့် တက်ရောက်လိုသူများ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

လျှောက်လွှာစတင်လက်ခံသည့်နေ့ - (၃-၇-၂၀၂၆) လျှောက်လွှာပိတ်မည့်နေ့ - (၂၃-၇-၂၀၂၆)

ဆက်သွယ်ရန် - Travel Go Office (ယာယီရုံး)၊ ၇၆လမ်း၊ ၂၇ × ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

09-441009993, 09-402647748, 09-974570454, 09-5165866

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အရိုးရောဂါအထူးကုဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူသော လူနာများအတွက် လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးဝါးများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၁၀-၇-၂၀၂၆)ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၁၆-၇-၂၀၂၆)ရက်(ကြာသပတေးနေ့) ညနေ (၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့။
ဖုန်း၊ ၀၂-၂၈၄၇၆၁၃

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၄ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ မြောက်ကြယ်ခတ်ဝင်းနေ မောင်မြင့်မြတ်သူရ (ဘ) ဦးဆွေဝင်း (၉/ခအဇ(နိုင်)၀၅၉၆၉၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-789171943

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ သဒ္ဒတ်သျှိုရပ်ကွက်နေ ဦးဟွန်းဇဟာဒူး(၉/မကန(နိုင်)၀၈၇၀၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-402561760

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မအိမ့်မြတ်နိုးကျော်၏ ဖခင်အမည်မှန်မှာ **ဦးတင်ထွန်းနိုင်** ဖြစ်ပါကြောင်း။

**ဦးတင်ထွန်းနိုင်(၅/ကဘလ(နိုင်)၂၄၅၂၂၁)**

### ဖခင်အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ Grade-12 မှ မောင်နေလင်းသူ၏ ဖခင်အမည်မှန်မှာ **ဦးမောင်ဝင်းတင်** ဖြစ်ပါကြောင်း။

**ဦးမောင်ဝင်းတင်(၁၁/မဥန(နိုင်)၀၁၃၇၃၆)**

### ဖခင်အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ Grade-12 မှ မဇွန်သဉ္ဇာဝင်း၏ ဖခင်အမည်မှန်မှာ **ဦးဝင်း** ဖြစ်ပါကြောင်း။ **ဦးဝင်း(၉/မသန(နိုင်)၁၂၄၆၇၆)**

### မိဘအမည်မှန်

မန္တလေးမြို့၊ အထက(၄)၊ Grade-2 မှ မောင်ဖြိုးမြတ်မင်း၏ မိဘအမည်မှန်မှာ **ဦးဇော်လွင်ဦး + ဒေါ်မေဦးလှိုင်** ဖြစ်ပါကြောင်း။

**ဦးဇော်လွင်ဦး(၉/ပကခ(နိုင်)၀၇၇၂၃၆)**
**ဒေါ်မေဦးလှိုင်(၉/အမဇ(နိုင်)၀၆၁၅၀၁)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်ရှေ့သီးဖို့

ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့

ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့

သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၂၁

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၆)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၉

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

# နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် အစီရင်ခံစာတင်သွင်းခြင်းနှင့် ဆုံးဖြတ်ချက်အဆိုတင်သွင်းခြင်းတို့သည် မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေမှန်ကို ထင်ဟပ်နိုင်ခြင်းမရှိ

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ၂၀၂၆ ခုနှစ် ဇွန် ၁၅ ရက်မှ ဇူလိုင် ၈ ရက်ထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၆၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အပြုသဘောဆောင်သည့်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူများနှင့်ဆန့်ကျင်လျက် မြန်မာနိုင်ငံဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ အစည်းအဝေးကာလအတွင်း ဇွန် ၂၉ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းမှုပြုလုပ်ခဲ့ပြီး အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကိုလည်း ဇူလိုင် ၆ ရက်တွင် သက်ဆိုင်ရာမြန်မာနိုင်ငံမပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။

မဟာမင်းကြီး၏ အစီရင်ခံစာတွင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများအတွင်း အထူးအစီရင်ခံစာတင်သွင်းသူဟုဆိုသူက တင်သွင်းခဲ့သည့် အစီရင်ခံစာနှင့် အချက်အလက်များကိုသာ ထပ်တလဲလဲပြန်လည်ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အဆိုပါအစီရင်ခံစာတွင် အလွန်အမင်းအစွန်းရောက်သောအမြင်များနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကိုသာ ဖော်ပြထားသည့်အတွက် မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေကို ကောင်းစွာထင်ဟပ်နိုင်ခြင်းမရှိသည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရသည်။

ထို့ပြင် အိုအိုင်စီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင်

စာမျက်နှာ ၂၂ ကော်လံ ၁ ●

# သံလွင်မြစ်ရေ ဘားအံမြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်သည်။ (မိုး/ဇလ)


# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇူလိုင် ၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

စာမျက်နှာ ၂၄ ကော်လံ ၄ ❖




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန WRF မော်ဒယ်လ်၏ဇူလိုင် ၈ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်ထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

# ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် ကေဗွီ၂၃၀ နေပြည်တော်(၁)ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်းကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ရွှေနံ့သာရပ်ကွက်နှင့် ကျေးရွာ ၅၁ ရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့်အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)



**မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ် တစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်**

စာမျက်နှာ - ၂၃